mgyoe.com

# ကွမ်းစကား -၅-




ဒုတိယအကြိမ်

mgyoe.com

mgyoe.com



သုမောင်

ကျွန်းစကား - ၃

သုမောင် [illegible] လက်ရာ

"ကျွန်းစကား" များ



ISBN 9789997119926
THU3
9 789997 119926
4,000.00KS

mgyoe.com

mgyoe.com

ကွမ်းစကား(၅)၊ သုမောင်
မျက်နှာဖုံးပန်းချီ - မုတ်သုံ
စာမျက်နှာ ၃၀၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ စိတ်ကူးချိုချို၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကွမ်းစကား(၅)

သုမောင်

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ယတြာ | ၁ |
| ၂။ | ထိုအနမ်း | ၇ |
| ၃။ | ပူးတွဲမျိုးဆက်သစ် | ၁၂ |
| ၄။ | ကျွန်တော် ကံကောင်းတယ် | ၁၇ |
| ၅။ | တစ်ပတ်လည်အတွေး | ၂၂ |
| ၆။ | မရှိခိုးနိုး | ၂၆ |
| ၇။ | အသက်ကလေးရယ်တဲ့ ရှည်စေလို | ၃၁ |
| ၈။ | မအောင်မြင်သော ကျွန်တော် | ၃၈ |
| ၉။ | ငယ်တုန်းက ဖြစ်ထွေ | ၄၁ |
| ၁၀။ | တစ်ပတ်လည် | ၄၆ |
| ၁၁။ | အိုဘယ့်အနုပညာရှင် | ၅၀ |
| ၁၂။ | ဆေး | ၅၃ |
| ၁၃။ | ထိုတန်ဖိုး | ၅၇ |
| ၁၄။ | ဩော် ... လူ့သဘာဝများ ပြောပါတယ် | ၆၀ |
| ၁၅။ | ကလေးလေးတွေ | ၆၄ |
| ၁၆။ | မိသားစုပုံပြင် | ၇၀ |
| ၁၇။ | ‘ဒိတ်’ခနဲ ... | ၇၆ |
| ၁၈။ | ကလေးကလား ဟာသရသ | ၈၃ |
| ၁၉။ | နာဂစ်ကို ဆဲဆိုခြင်း | ၈၉ |
| ၂၀။ | ကလောင်တွန်းသမား | ၉၂ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၁။ | အမေနှစ်ယောက် ကောက်ကြောင်းကောက် | ၉၉ |
| ၂၂။ | ကျွန်တော်၏ ရွှေမင်းသမီး | ၁၀၆ |
| ၂၃။ | ကျွန်တော်နှင့် အမေနှင့် ... | ၁၁၃ |
| ၂၄။ | 'သာခု'ကို 'တု' စေချင် | ၁၂၀ |
| ၂၅။ | နှုတ်ဆက်ခြင်း(ကဗျာ) | ၁၂၇ |
| ၂၆။ | မိဘကျေးဇူး ဆပ်ဖူးပြီလား | ၁၃၅ |
| ၂၇။ | သုမောင်၏အကျီ | ၁၄၁ |
| ၂၈။ | မစကြပါနဲ့ | ၁၄၆ |
| ၂၉။ | တောကြိုက် | ၁၅၀ |
| ၃၀။ | ပြန်မလာကြပါနဲ့ကွယ် | ၁၅၄ |
| ၃၁။ | ဒေါက်တာမြင့် ... တဲ့ | ၁၅၉ |
| ၃၂။ | မန်းရယ်၊ ငန်းရယ်၊ လွမ်းတယ် | ၁၆၅ |
| ၃၃။ | အလွမ်းပြေ ... စမ်းရေ ... ပန်းလေ ... | ၁၇၁ |
| ၃၄။ | အမေနှစ်ယောက် ရှိလေသည် | ၁၇၈ |
| ၃၅။ | အမေ၏ အသုဘ | ၁၈၄ |
| ၃၆။ | အဖေ၏ အသုဘ | ၁၈၉ |
| ၃၇။ | အဖေတူသား | ၁၉၄ |
| ၃၈။ | အသက်တစ်ချောင်း | ၂၀၀ |
| ၃၉။ | ရွာသာကြီးသွား တောလား | ၂၀၆ |
| ၄၀။ | Family Saga | ၂၁၄ |
| ၄၁။ | 'ဖြစ်ကြောင်းကုန်စင်' မိသားစုပုံပြင် | ၂၂၀ |
| ၄၂။ | စာပေခရီး ထောင်နဲ့နီး | ၂၂၈ |
| ၄၃။ | အရက်နှင့် စီးကရက်နှင့် သာခု၊ သုမောင် | ၂၃၃ |
| ၄၄။ | ဖုန်းရှင် ကံရှင် | ၂၄၀ |
| ၄၅။ | သုခ သုမောင် စာပေတိုက်ပွဲ | ၂၄၈ |
| ၄၆။ | ချမ်းသာကြပါစေ | ၂၅၆ |
| ၄၇။ | မောင်ဗလ ရေကူးနေသည် | ၂၆၀ |
| ၄၈။ | အမွှန်း | ၂၆၅ |
| ၄၉။ | ခွေးခလေ့ | ၂၇၀ |
| ၅၀။ | ခွေးချော်လဲ – အိမ် | ၂၇၅ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၅၁။ | သားကို ကျေးဇူးတင်ရသည် | ၂၈၀ |
| ၅၂။ | နွားကျွား | ၂၈၆ |
| ၅၃။ | အကြည်တို့လင်မယား | ၂၉၀ |
| ၅၄။ | မျိုးဆက်မသစ် | ၂၉၅ |


❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ယတြာ

ကျွန်တော်တို့ လူကြီးသူမတွေက ...ကနေ့ လူငယ်တွေကို ရိုးရာယဉ်ကျေးမှု မလိုက်စားကြတော့ဘူးဟု ဝေဖန်ကြပါသည်။ တိုင်းတစ်ပါးယဉ်ကျေးမှုတွေ တိုးဝင်နေသည်ဟု ယူဆကြသည်။ လူငယ်တွေမှာလည်း တိုင်းတစ်ပါးယဉ်ကျေးမှုတွေအပေါ် သာယာနေကြပြီဟု ထင်ကြပါသည်။ လူကြီးလူငယ် အတွေးအမြင်ကွဲပြားတာ ဓမ္မတာဖြစ်သော်လည်း အထက်ပါကိစ္စမှာ ယေဘုယျအားဖြင့်တော့ မှန်ပါသည်။ သို့သော် စုန်းပြူးဆိုသလို တစ်ခါတစ်ရံတွင်တော့ ရိုးရာယဉ်ကျေးမှုကို အလွန်အမင်း ခုံမင်သော လူငယ်အချို့ကို တွေ့ရတတ်ပေသည်။ အချို့လူငယ်များဆိုလျှင် ကျွန်တော်တို့လို ပညာတတ်ဆန်သည့် လူကြီးသူမများကို ဆန့်ကျင်ပြီး ရိုးရာယဉ်ကျေးမှု ဓလေ့တို့ကို လွန်လွန်ကျူးကျူး လုပ်ဆောင်နေကြတာတွေ့ရပါသည်။ ဒါသည် ကောင်းသောလက္ခဏာဟု ကျွန်တော်ကတော့ အရဲကိုးပြောချင်ပါသည်။ ဆိုလိုသည်မှာ အလွန်ရှေးရိုးဆန်၊ ခေတ်နောက်ကျနေသည့် အတွေးအခေါ် အယူအဆများကို လက်ခံကျင့်သုံးတာ စိုးရိမ်စရာဖြစ်သော်လည်း နောင်အခါ သူ ရို့ကို ဖေးမကူညီပြီး လမ်းကြောင်းတည့်မတ်ပေးနိုင်ပါသည်။ လတ်တလောတော့ ဘယ်လိုရိုးရာကို လိုက်စားသည်ဖြစ်စေ၊ စောင့်ကြည့် ခွင့်လွှတ်သင့်ပေသည်။ ပြီးမှ ရိုးရာနှင့် ခေတ်မီနည်းစနစ်ကို ရောမွှေ၍ သူရို့အတွက် အသုံးတည့်သော အခြေအနေများကို ဖန်တီးပေးသင့်ပါသည်။

ဥပမာလေးတစ်ခုကို ပြပါရစေ။

မနေ့က နံနက်စောစော ဝေလီဝေလင်းအချိန်တွင် ဖြစ်သည်။ ကျွန်တော်က ညဉ့်နက်မှ အိပ်တတ်သော်လည်း ထိုဝေလီဝေလင်းတွင် တစ်ရေးနိုးတတ်သည်။ ရေသောက်ပြန်အိပ်၊ ရှစ်နာရီလောက်မှ ပြန်ထပြီး လက်ဖက်ရည်ဆိုင်ထိုင်သည်။ ကျွန်တော် ရေထသောက်ချိန်တွင် တစ်အိမ်သားလုံး အိပ်နေကြမြဲဖြစ်သည်။ ထိုနေ့ကတော့ ရေသောက် သေးပေါက်ပြီး အိမ်သာမှပြန်အထွက် အပေါ်ထပ်လှေကား

mgyoe.com

mgyoe.com


ရင်းတွင် အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည်၊ အသားညိုညို လူတစ်ယောက် မတ်မတ်ကြီး ရပ်နေတာ ဘွားခနဲ မြင်ရသည်။ ပထမတော့ တော်တော်ထိတ်လန့်သွားရသည်။ ဖွဟဲ့ ...သူခိုးသူဝှက်လား၊ နာနာဘာဝလားပေါ့လေ။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ စောစောက ပြောသလို အိမ်သားတွေ အမြဲတမ်းအိပ်မောကျဆဲမို့ အိမ်သားတစ်ယောက်ယောက် မဖြစ်နိုင်။ ပြီးတော့ သူ့ရုပ်အင်္ဂါနှင့် ကိုယ်ထည်က ယောက်ျားတစ်ယောက်မှန်းသိသာသည်။ အိမ်မှာ အရပ်ရှည်သော သားနှစ်ယောက်ရှိသော်လည်း ဆံပင်ရှည်များ မဟုတ်ကြ။ မှောင်ရိပ်ဝိုးတဝါးဖြစ်သော်လည်း သားနှစ်ယောက်မဟုတ်မှန်း သိသည်။ ထို့အပြင် အိမ်လည်လာနေကျ အိမ်မှာပင် ညအိပ်ညနေ နေတတ်သော သားတို့သူငယ်ချင်း တစ်ယောက်ယောက်လည်း မဖြစ်နိုင်။ သင်းတို့က သားတို့နှင့်အပြိုင် ညဥ့်နက်သန်းခေါင်ထိ စာကျက်ကြ၊ တီဗွီဂိမ်းကစားကြနှင့် နေဖင်ထိုးမှ အိပ်ရာက ထကြသူတွေမဟုတ်လား။

ဒါဖြင့် 'သင်း' ဘယ်သူလဲ။

'ဟေ့ ...ဘယ်သူလဲ'မေးလိုက်တော့လည်း 'ခီး ခီး ခီး'ဟု လေကိုအတွင်းသို့ စုပ်သွင်းသော ရယ်နည်းဖြင့် ရယ်လေသည်။ ကျွန်တော့်မှာ ဘာလုပ်ရမှန်းမသိပေ။ မရဲတရဲ။ သူ့အနားကပ်သွားတော့လည်း ညိုသောမျက်နှာအောက်ခြေက ဖြူဖွေးသောသွားများက ပြူးထွက်နေဆဲ။ ရုတ်တရက် သတိရပြီး အနီးက ခလုတ်ကို ဖွင့်လိုက်ရာ လေ့ကားရင်းမီးချောင်း လင်းသွားသည်။ သည်တော့မှ သူသည် ကျွန်တော့်သား အငယ်ကောင် 'ထိန်ထိန်သာ'၏ သူငယ်ချင်းမှန်း သေချာသွားပါသည်။ သေချာသွားရတာက သူသည် အိမ်လာနေကျမဟုတ်သော်လည်း (တစ်ခါမျှမလာဖူးသေးပါ။) ကနေ့ခေတ် လူငယ်များ၏ စတိုင်အတိုင်း ကိုယ့်အစုနှင့်ကိုယ် ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံ အပြောအဆို ဟန်ပန်တွေတူသောကြောင့် ဖြစ်သည်။ သူသည် 'ထိန်ထိန်သာ'၏ စတိုင်အတိုင်း ဖြစ်နေသည်။

'သားလေးက ဖိုးစနေ ဘော်ဒါလား'ဆိုတော့ ရယ်ကျဲကျဲ အနေအထားဖြင့်ပင် ခေါင်းညိတ်သည်။ 'ဖိုးစနေ'ဆိုတာက 'ထိန်ထိန်သာ'၏ ငယ်နာမည့်ပါ။

'ကိုင်း ... ကိုင်း နေ့ဖြင့်လည်း မျက်နှာသစ်၊ ကော်ဖီတို့၊ ဘာတို့သောက်ချေ'

ဟုပြောပြီး ကျွန်တော် အိပ်ရာပြန်ဝင်ပါသည်။

***

ကျွန်တော် အိပ်ရာကနိုးတော့ လက်ဖက်ရည်ဆိုင် သွားထိုင်ပါသည်။

mgyoe.com

mgyoe.com


နံနက်စောစောကကိစ္စလည်း မေ့မေ့ပျောက်ပျောက် ရှိသွားပါပြီ။ လက်ဖက်ရည်ဆိုင်မှ ပြန်လာသောအခါ ထုံးစံအတိုင်း စာတစ်ပုဒ်ရေးရန် ထိုင်ပါသည်။ ထိုအခါ 'အေးဘုံ'သည် ကျွန်တော့်မျက်နှာချင်းဆိုင်တွင် လာထိုင်ပြီး 'ကဲ ... စာမရေးခင် မနက်က အဖြစ်အပျက်ကလေးတစ်ခု ပြောပြမလို့ နားထောင်ပါဦး'ဟု ရယ်ကျဲကျဲ စကားဆိုပါသည်။

'မနက်က ဝေလီဝေလင်း အေးဘုံအိပ်ရာကထပြီး အပေါ့သွားမလို့ အိမ်သာဘက်ထွက်တော့ လှေကားရင်းမှာ အရပ်ရှည်ရှည်၊ ဆံပင်ရှည်ရှည်နဲ့ လူတစ်ယောက်၊ အဲ– ကောင်လေးတစ်ယောက် မှောင်ကြီးထဲ ကျောက်ရုပ်ကြီးတစ်ရုပ်လို မတ်မတ်ကြီး ရပ်နေတာတွေ့တယ်။ ဗြုန်းခနဲ တွေ့လိုက်ရတော့ အေးဘုံဖြင့် ရင်တုန်ပန်းတုန် လန့်လိုက်ရတာ'

ဟု ပြောပါသည်။ ကျွန်တော်က အဖြစ်အပျက်ကို သိပြီးသားမို့ အလိုက်သင့် ရယ်မောလိုက်ရပါသည်။ သို့သော် အေးဘုံအတွက်လည်း စိတ်ပူမိသည်။ 'အေးဘုံ'သည် ကျွန်တော့်ထက်ပင် သတ္တိကောင်းသူဖြစ်သော်လည်း လောလောဆယ်မှာ အကြီးစား ဗိုက်ခွဲစိတ်မှု လုပ်ထားရသဖြင့် သွေးက နည်းနည်းလန့်နေသည် မဟုတ်လား။ဒါပေမဲ့ သူက ရယ်ရယ်မောမော စကားဆက်သဖြင့် ကျွန်တော်ကလည်း ထိုကိစ္စ သိပြီးပြီဖြစ်ကြောင်း ပြောရပါသည်။

'တော်တော်နောက်တဲ့ ကောင်လေးတွေ'

'ဘာပြုလို့လဲ သား သူငယ်ချင်းပဲ'

'ဒါပေမဲ့ ဒီကလေးက အိမ်ကို တစ်ခါမှလည်း အလည်မလာဖူးဘူး။ ညအိပ် ညနေလည်း အိမ်မှာ မနေဖူးဘူးလေ။ ဒီတော့ ပထမတော့ လန့်သွားတာပေါ့။ ခက်တာက သူ့ကို ဖိုးစနေ သူငယ်ချင်းမှန်း သိသွားလို့ မနက်စာစားဖို့ ဘာညာပြောပေမဲ့ စကားလည်း ပြန်မပြောဘူး။ လှုပ်လည်း မလှုပ်ဘူး။ အဲဒီလှေကားရင်းမှာပဲ ငုတ်တုတ်ကြီး ရပ်နေတယ်။ အေးဘုံ အိမ်သာက ပြန်ထွက်လာတော့လည်း အဲဒီအတိုင်း ငူငူကြီး ရပ်လို့'

'အေး ... ကိုယ်နဲ့တွေ့တော့လည်း အဲဒီအတိုင်းပဲ။ ဒါဆို ကိုယ်အိပ်ရာက ထတဲ့အချိန် မတိုင်ခင်ထဲက အဲဒီနေရာမှာ ရပ်နေပုံပဲ'

'ပထမတော့ အေးဘုံလည်း ကောင်လေး ကြောင်များနေသလားပေါ့ လေ။ ဒါနဲ့ အခန်းထဲကနေ မအိပ်သေးဘဲ ချောင်းကြည့်တော့လည်း ပုံစံမပျက်ဘဲ ရပ်နေလေရဲ့'

'နေ့ ... ခုတော့ကော'

mgyoe.com

mgyoe.com


'ဖိုးစနေတို့၊ ရွှေကျီးတို့နဲ့ လက်ဖက်ရည်ဆိုင် ထွက်သွားလေရဲ့'

'ဘာထူးခြားသေးလဲ'

'မထူးပါဘူး။ သူ့ရို သူငယ်ချင်းကျတော့ ရယ်လို့၊ မောလို့ ဟီလာတိုက် နောက်ပြောင်ပြီး မနက်စောစောက ဘာမှမဖြစ်ခဲ့သလိုပါပဲရှင်'

***

ကလေးတွေ လက်ဖက်ရည်ဆိုင်က ပြန်လာတော့ ကျွန်တော်က ခေါ်ယူ မေးမြန်းရလေသည်။

'သားနာမည်က ဘယ်သူလဲ'

'ဆီနီဂေါ'

'ဟေ ...'

'အိမ်နာမည်ပါခင်ဗျ။ သူငယ်ချင်းတွေက နာမည်ပြောင်ပေးထားတယ် ခင်ဗျ'

'ထားပါတော့ကွယ်။ သားက ဦးသုမောင်တို့အိမ်ကို တစ်ခါမှ မရောက် ဖူးဘူး မဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျ'

'ညက အိမ်မှာ အိပ်တယ်မဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျ။ ဖိုးစနေနဲ့ အတူအိပ်ပါတယ်ခင်ဗျ'

'ဟာ ... မင်းတို့ သုံးယောက် ခုတင်သေးသေးလေးမှာ ဘယ့်နှယ်လုပ် အိပ်သလဲ'

'ဖိုးစနေနဲ့ ရွှေကျီးက ခုတင်ပေါ်မှာအိပ်ပြီး ကျွန်တော်က ခုတင်ဘေး ကြမ်းပြင်ပေါ် အိပ်တာပါ'

'ဟော့ – ငါ့သားခုတင်ဘေး ကြမ်းပြင်က ညစ်ပတ်ပေရေနေတာ ဘယ့် နှယ် အိပ်သလဲ။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတွေကရော'

'မဟုတ်ဘူးခင်ဗျ။ တမင်ကလာ ညစ်ပတ်တဲ့ကြမ်းပေါ် အိပ်တာပါ။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနဲ့လည်း မအိပ်ရဘူးတဲ့ခင်ဗျ'

'ဟာ ... ဘယ်ကောင်က မအိပ်ရဘူးပြောတာလဲ။ ဖိုးစနေလား၊ ဖိုးသော ကြာလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ ဗေဒင်ဆရာက ပြောတာပါ'

'ဟော ...'

mgyoe.com

mgyoe.com


ဇာတ်ကြောင်းစုံကို ရှင်းရသော်။ တမြန်နေ့က သူရို သူငယ်ချင်းတစ်စု အိမ်မှာ ဖိုးစနေ ဦးဆောင်ပြီး လုပ်နေတဲ့ တီဗွီဂိမ်းဆိုင်ကို လုပ်ငန်းတိုးချဲ့ဖို့ ဗေဒင်သွားမေးကြသတဲ့။ သည်လိုနှင့် ရည်းစားကိစ္စ၊ စာမေးပွဲကိစ္စ စသည်ဖြင့် လူငယ်တို့ဘာဝ တစ်ယောက်တစ်ပေါက် ဗေဒင် အပျော်တမ်းမေးကြပါသည်။ ထိုသူငယ် 'ဆိနိုဂေါ' အလှည့်သို့ ရောက်သောအခါ (သူကလည်း ဗေဒင်ယတြာ ယုံကြည်ပုံရ၏) စစ်စစ်ပေါက်ပေါက် ဘဝရှေ့နောက်ကိစ္စတွေ မေးလေရာ 'ခန္ဓာပျက်ကိန်း' မြင်တယ်ဟု ဗေဒင်ဆရာက ဟောလိုက်လေသည်။ ခမျာမှာ အတော်ထိတ်လန့်ကြောက်ရွံ့သွားရှာပါသည်။ အသက်အန္တရာယ်ရှိသည်ဆိုပါစို့ ...။

'အဲဒါ ဆရာကြီးက မင်းတစ်ခါမှမရောက်ဖူးတဲ့သူတစ်ပါးအိမ်မှာ တစ်ညပြောင်းအိပ်ရမယ်။ အိမ်ရှင်တွေ မသိအောင် တိတ်တိတ်အိပ်ရမယ်။ အိပ်ရာ ခုတင်နဲ့ မအိပ်ရဘူး။ ဖုန်တွေ၊ သဲတွေရှိတဲ့ ကြမ်းပြင်မှာ ဒီအတိုင်းအိပ်ရမယ်။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနဲ့ မအိပ်ရဘူး။ ပြီးတော့ မိုးမလင်းမချင်း ဝစီပိတ်နေရမယ်။ ဝစီပိတ်ဆိုတာ စကားမပြောရဘူးပေါ့ ဦးသုမောင်ရယ်'

'သြော် ... ဟုတ်လား။ ဝစီပိတ်ဆိုတာ စကားလုံးဝမပြောရဘူးလား'

'အဲဒါ ... ညက ဦးသုမောင်ကို အသိမပေးမိတာရော၊ မနက်က လှေကားရင်းမှာ ရပ်နေမိတာရောအတွက် သားတောင်းပန်ပါတယ်'

'မလိုပါဘူး သားရယ်။ မင့်ဟာက ဗေဒင်စည်းကမ်းအတိုင်း လုပ်ရတာကို ...'

'မဟုတ်ဘူးခင်ဗျ။ ဦးသုမောင် မနက်က လန့်သွားတာကို တောင်းပန်တာပါ'

'ဟာ ... ဦးသုမောင်က ဒါလောက် မလန့်ပါဘူး။ မင်းတို့ဒေါ်လေး အေးဘုံက နာလန်ထစမို့ သူ့သာ စိုးရိမ်မိတာပါ'

'ဟီး ... ဟီး အန်တီအေးဘုံက ဒါလောက် လန့်ပုံမရပါဘူး'

လူငယ်လေးတစ်ယောက်၏ မှတ်ချက်ဖြစ်သောကြောင့် ရှက်မိပါသည်။ သို့သော် လူကြီးရှက်တော့ ရယ်ဆိုတာလို ...

'ဟေ့ ... အန်တီ မခေါ်နဲ့ကွာ။ ဒေါ်လေးခေါ်'

ဟု အထက်စီးဖြင့် အရှက်ပြေ စကားလွှဲလိုက်ရပါတော့သည်။

***

ကျွန်တော်၏ စာစုထိပ်စပိုင်းတွင် ရေးခဲ့သလို ရိုးရာယဉ်ကျေးမှုအား

mgyoe.com

mgyoe.com


အစွန်းရောက် ယုံကြည်သော ပညာတတ် ခေတ်လူငယ်လေးတွေ သည်လိုပဲ စုန်းပြူး ရှိနေပါသည်။ သည်အတွက် ကျွန်တော်သည် ချက်ချင်းကြီး သူရို့ကို သိပ္ပံနည်း၊ လက်တွေ့နည်း ခေတ်မီအတွေးအခေါ်ဘက်သို့ ဆွဲမယူပါ။ နောင် တဖြည်းဖြည်း ရှင်းပြရင်း လိုရာလမ်းမှန်သို့ ခေါ်ဆောင်သိမ်းသွင်းရပါမည်။ ခုနှယ်တော့ 'ဆိနိဂေါ'ကို သူ့သဘောအတိုင်း ထားလိုက်ပါသည်။ ဆိနိဂေါက ယဇ်ပူဇော်နေတာမှ မဟုတ်တာ။ ကျွန်တော် ဆိုခဲ့သလို ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားတာ တစ်ခုကလေးမျှနှင့်ပင် ကျေးဇူးတင်ရပါဦးမည်။ သူ့ကို သိမ်းသွင်းဖို့ နည်းလမ်းကောင်းလည်း အသင့်ရှိနေပါသည်။ အခြားမဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်က ဗေဒင်လက္ခဏာ၊ ယတြာကို အလွန်ယုံကြည်သလို ပြုမူပြီး ယတြာချေရာတွင် 'ဘုရားယတြာ'၊ 'တရားယတြာ'၊ 'သံဃာယတြာ'စသော ဘာသာရေးလုပ်ခိုင်းသော ခေတ်မီယတြာချေခြင်းဖြင့် အစားထိုးပေးရန် ဖြစ်ပါသည်။

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊ လပြည့်ဝန်းမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# ထိုအနမ်း

အကယ်ဒမီ ချိုပြုံးကို အကယ်ဒမီ သုမောင်က အကယ်ဒမီပေးပွဲတွင် ဖက်နမ်းသည့် မြင်ကွင်းအား ပရိသတ်အတော်များများက သိပြီးဖြစ်ပါသည်။ အကယ်ဒမီပေးပွဲကို မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံတို့မှ တိုက်ရိုက်ရော၊ သီးသန့်ပါ ပြသခဲ့ရာ ထိုအနမ်းမြင်ကွင်းကို မြန်မာပရိသတ်အပြင် ကမ္ဘာ့ပရိသတ်ပါ တွေ့ခဲ့ကြရလေသည်။ (MRTV- 4 ကလည်း ပြသသောကြောင့်။) သို့သော် ကျွန်တော့်ပရိသတ်ကမူ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အား ပြစ်တင်ရှုတ်ချခြင်း မပြုခဲ့ပေ။ အကြောင်းမှာ ကျွန်တော်၏အနမ်းသည် သန့်ရှင်းသော မောင်နှမအနမ်းဖြစ်မှန်း သိကြသောကြောင့် ဖြစ်ပါသည်။ ဆိုကြပါစို့။ ကျွန်တော့်နှာခေါင်းသည် ရိုးသား၏ဟု။

ကောင်းပါပြီ။ တစ်ဆက်တည်းပင် 'ရိုးသားစွာ' ဖော်ပြရန်ရှိသည်မှာ... ကျွန်တော်သည် မနူးမနပ် မင်းသားဘဝဆီက တဏှာပေမစိတ် နိုးကြွကာ ချိုပြုံးအား ဖက်ယမ်းနမ်းရှုပ်ရန် ကြိုးစားခဲ့ခြင်းဖြစ်တော့၏။ ဝန်ခံရလျှင် အရက်မူးနေသောကြောင့် ဖြစ်၏။ သို့သော် မအောင်မြင်ချေ။ အကြောင်းမှာလည်း အရက်မူးနေသဖြင့် နှာခေါင်းတားဂက် ပစ်မှတ်လွဲသွားသောကြောင့်ပင်တည်း။ စကားချပ်အဖြစ် ပြောရန်ရှိသည်မှာ သုရာမေရယ မခိုင်လျှင် ကာမေသုလည်း ဖြစ်တတ်၏။ သို့သော် လက်ခုပ်သံသည် နှစ်ဖက်တီးမှ မြည်သောသဘောအတိုင်း ချိုပြုံးဘက်ကလည်း မလုံခဲ့ပေ။ သူ ကျွန်တော့်အပေါ် ပြစ်မှားစိတ် ရှိ မရှိ မသိရသော်လည်း သူ၏ ထိုစဉ်ကအလှအပနှင့် လည်ပင်းခြေရင်းထိပေါ်သော ဂျင်းဂျာကင်လည်ဟိုက်က ကျွန်တော့်အား မြှူဆွယ်ခဲ့ပါသည်။ ရှာရှာဖွေဖွေပင်။ ကျွန်တော်ကလည်း သူ့ရင်ညွန့်ဆီက မှဲ့တစ်လုံးကို မြင်ဖြစ်အောင် မြင်ခဲ့သေးတော့၏။ မှဲ့အနီလား၊ အညိုလား၊ အနက်လားတော့ ခုချိန် မမှတ်မိတော့ပေ။

တကယ်တော့မူ အန်တီချိုသည် ကျွန်တော့်အပေါ် ရိုးသားစွာ ချစ်ခင်ခဲ့လေသည်။ မောင်ငယ်တစ်ယောက်လို ချစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ စောစောက

mgyoe.com

mgyoe.com


ပြောသော ကျွန်တော် သူ့ကို ဖက်နမ်းရန် ကြိုးစားခဲ့ပြီး မကြာခင်မှာပင် နယ်သီချင်းဆိုပွဲတစ်ခု၌ တည်းခိုအိမ်မှာ နှစ်ယောက်တည်းရှိနေကြတုန်း သူက 'ဗလရယ် နင့်ကို ငါ ပြစ်မှားလို့မရဘူး'ဟု ဖြောင်ကြီး ပြောခဲ့သောကြောင့်ဖြစ်၏။ (ထိုအကြောင်း ရုပ်ရှင်မဂ္ဂဇင်းမှာ စာတစ်ပုဒ် ရေးခဲ့ဖူးပါသည်။)

ထို့နောက် ကျွန်တော်သည် အရက်သမားဘဝနှင့်ပင် ကာမေသုကိစ္စကို ဆင်ခြင်သွားနိုင်ပါသည်။ အမူးပါးဖြစ်သွားသည် ဆိုကြပါစို့။ အရက်သောက်ပြီဆိုကတည်းက သီလတစ်ပါး ပျက်သွားပြီဖြစ်သော်လည်း ကျန်သီလလေးပါးကိုမူ ကျွန်တော် တတ်နိုင်သလောက် ထိန်းပါသည်။ အထူးသဖြင့် ကာမေသု၊ ဒုတိယ ဦးစားပေးက ပါဏာတိပတ် သူ့သက်သတ်ဖြစ်၏။ တစ်ခါတစ်ရံ အဖော်အပေါင်းနှင့် စားကြသောက်ကြသောအခါ ငါးရှဉ့်လိုမျိုး စားတတ်ရာ ငါးရှဉ့်ဆိုသည်မှာ အရှင်လတ်လတ်ကို ခေါင်းဖြတ်၊ ရေနွေးဖျောရသည်မို့ သိသိကြီးနှင့်စားမိခဲ့တတ်လေသည်။ အဒိန္နာ ... သူ့ဥစ္စာကိုကား ငယ်ကတည်းက မကျူးလွန်တတ်သဖြင့် အရေးတယူ ပြောဖွယ်မရှိပေ။ အဲ တခြားသူတွေတော့မသိ၊ ကျွန်တော်မူကား မုသားကို အရက်သောက်လျှင် ဘယ်တော့ကမှ မပြောသဖြင့် ကျွဲခိုးပေါ်ခဲ့ရပေါင်း မနည်းတော့ပေ။ မည်သို့ပင် ကာကွယ်လျှောက်လဲသော်လည်း အရက်သောက်လျှင် ကျွန်တော်ဂျီကျတတ်သည်ကား သေချာပါသည်။ ကျွန်တော့်မို့လို့ သည်းခံရသူလည်း မနည်းတော့ပေ။ ထိုအထဲတွင် ချိုပြုံးလည်း ပါခဲ့ပြန်လေသည်။ ဘာကြောင့်များ ထိုမင်းသမီးနှင့်ချည်း ထိပ်တိုက်ဆုံနေခဲ့ရကြောင်း စဉ်းစားမရပါချေ။

တစ်ခါသား မြစ်ဝကျွန်းပေါ်ဘက် 'ဒေါင့်ကြီး'ဆိုသော ရွာကြီး၏ အလှူတစ်ခုသို့ သီချင်းဆို ခရီးထွက်ခဲ့ရာ ချိုပြုံးလည်း ပါလေ၏။ ထုံးစံအတိုင်း နောက်ဆုံးမှ ဆိုရသော ကျွန်တော်သည် တည်းခိုအိမ်သို့ မိုးလင်းခါနီးပြန်ရောက်သောအခါ ကျန်အဆိုကျော်အားလုံး အိပ်မောကျနေကြလေပြီ။ ထိုအထဲ ချိုပြုံးလည်း ပါလေရာ သူသည် စောင်နံ့ငယ်ပိုင်းကို ခေါင်းမြီးခြုံ၍ အိပ်နေလေ၏။ စောင်ကသေးသေးဖြစ်လေရာ သူ၏ခြေသလုံးထက်ဝက်မှ ခြေဖျားအထိ ပေါ်နေလေ၏။ ချိုပြုံး၏ အသားအရေမှာ အလွန်လှပဖြူဝင်း၏။ အထူးသဖြင့် သူ့ခြေချောင်း၊ လက်ချောင်းများ အလွန်လှ၏။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်မှ မဟုတ်၊ ကျွန်တော့်မိန်းမ အေးဘုံကပင် ထောက်ခံချက်ပေးခဲ့ပါသည်။ အဲ ...ထိုခြေထောက်ကို ကွင်းကွင်းကွက်ကွက် မြင်ရလေလျှင် ငမူးပါး ကျွန်တော်သည် မနေနိုင် မထိုင်နိုင် ကုန်းကိုက်မိလေတော့သည်။ အရင်ကလိုမျိုးဖြင့် နမ်းရှုပ်မိမည် ဖြစ်ပါသည်။ ထိုနံရောအခါ

mgyoe.com

m.gyoe.com


ချိုပြုံးသည် ကျွန်တော့်လည်ပင်းကို ထည့်သွင်းပြီးလျှင် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား (ယောက်ျားလို) ဆဲရေးတိုင်းထွာပါတော့သည်။ သူဆဲလျှင် ဘာကြောင့် ယောက်ျားလိုဆဲမှန်း မသိရပေ။

ထိုစဉ်ကလည်း မူးနေသော ကျွန်တော့်အား မချိုခွင့်လွှတ်ခဲ့ပါသည်။ အင်း...ကျွန်တော့်လို မောင်ငယ်လူဆိုးလေး မပြောပါနှင့်တော့။ မချိုပြုံးဆိုတာက သူ့အိမ်ရေစက်ခိုးသည့် သူခိုးတောင် ဖမ်းမိလို့ ထောင်ကျသွားသော့ ထောင်ဝင်စာ သွားတွေ့၊ စားသောက်စရာတွေ ပုံမှန်ပို့၊ ကျန်ရစ်သူ မိသားစုကိုပင် ထောက်ပံ့နှင့် ဘယ်လိုတရားလိုမှန်း မသိနိုင်သော မင်းသမီးဖြစ်၏။ ထိုမျှ ခွင့်လွှတ်တတ်သူပါပေ။ ထို့ကြောင့်လည်း သူ့ခြေသလုံး ကျွန်တော် ကုန်းကိုက်သောကိစ္စသည် နာရီပိုင်းအတွင်းမှာပင် ရယ်စရာ၊ မောစရာသဘော ဖြစ်သွားခြင်း ဖြစ်လေသည်။

ထို့နောက်ပိုင်း သူနှင့်ကျွန်တော် မောင်နှမမကျ သူငယ်ချင်းမက နေလာခဲ့ကြရာ စောစောက ပြောသော သူအကယ်ဒမီ(တတိယအကြိမ်)ရသောနှစ်တွင် ဆုပေးပွဲ၊ လူ့ဗိုလ်ပုံအလယ်တွင် ကျွန်တော်က သူ့ကို ဖက်နမ်းရာတွင် ကျွန်တော့်နှာခေါင်းရော၊ သူ့ပါးပါ ရိုးသားနေပါတော့သည်။ အသက်အရွယ်တွေလည်း ရနေကြပြီဖြစ်ရာ နံဘေးရှိနေသော ပရိသတ်သည်လည်းကောင်း၊ ရုပ်မြင်သံကြားမှ မြင်လိုက်ကြရသော ပရိသတ်သည်လည်းကောင်း ကျွန်တော့်အား ခွင့်လွှတ်နိုင်ခဲ့ကြလေသည်။ ထိုအနမ်းသည်လည်း နိုင်ငံကျော်အနမ်းဖြစ်သွားရပါတော့သည်။

ကျွန်တော်၏နှာခေါင်းအကြောင်းပြောပြီးသောအခါ ချိုပြုံး၏ပါး အကြောင်း ဆက်ရန်လိုလေသည်။ ငရုတ်ကျည်ပွေ့ရှိလျှင် ငရုတ်ဆုံရှိမှ သင့်တော်မည် မဟုတ်ပါလား။ ကောင်းပါပြီ။ လူတကာ စွဲမက်အပ်သော ပါးချိုင့်ကြီးများရှိသည့် ချိုပြုံး၏ ငရုတ်ဆုံပါးပြင် ... ။

သူ့ပါးကို အဘယ်ယောက်ျား သူ၊ ငါတွေ ဘယ်နှကြိမ် နမ်းခဲ့ပြီးကြောင်း ဘယ်သူ သိပါမည်နည်း။ သူ့ကိုယ်သူပင် သိနိုင်လိမ့်မည် မဟုတ်။ မှတ်ထားတန်ကောင်းသော ကိစ္စလည်း မဟုတ်ပေ။ ကျွန်တော်နှင့်သူ နှစ်ယောက်တည်း အတွက်မူ မှတ်ရလွယ်ပါသည်။ နှစ်ကြိမ်နမ်း၊ တစ်ကြိမ်မိ မဟုတ်ပါလား။

သို့သော် ကျွန်တော်နှင့်ပတ်သက်ပြီး သူ့ကို ယောက်ျားတစ်ယောက်က လူရှေ့သူရှေ့ အားပါးတရ ဖက်နမ်းတာကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ ကြုံဖူးလေသည်။ ကျွန်တော်ကိုယ်တိုင် နမ်းရတာ မဟုတ်သော်လည်း ကိုယ်တွေ့ကြုံရသောကြောင့် မှတ်မှတ်ထင်ထင်ကြီး ဖြစ်နေလေသည်။ အဖြစ်အပျက်သည်ကား...

* * *

m.gyoe.com

mgyoe.com


တစ်ခါသော် ကျွန်တော့်မိန်းမ အေးဘုံ၏ အစ်မတစ်ယောက်၏ လင်၊ ကျွန်တော်နှင့် မယားညီအစ်ကို တော်စပ်သူသည် ယာဉ်တိုက်မှုတစ်ခုဖြစ်လေ၏။ သူက မော်တော်ကားနှင့်ဖြစ်ပြီး တိုက်မိတာက မော်တော်ဆိုင်ကယ်ဖြစ်၏။ တိုက်မိတာဆိုတာထက် သူမှားကိုယ်မှား ဘေးချင်းပွတ်မိခြင်းသာဖြစ်၏။ မည်သို့ပင်ရှိစေ ... ကားနှင့်ဆိုင်ကယ်ဆိုတော့ ကားအရှုံးပေါ့။ ဆိုင်ကယ်သမားက လမ်းပေါ်လဲကျသွားပြီး ဖင်ပွန်းသွား၏။ ခြေခေါက်သွား၏။ ဒဏ်ရာမပြင်းချေ။ သို့သော် ထုံးစံအတိုင်း ကျေရာကျေကြောင်း လုပ်ရတော့၏။ ဆေးခန်းပြ၊ ရဲစခန်းသွား စသည်ဖြင့်။ သို့သော် မပြီးချေ။ ထို ဆိုင်ကယ်ဆရာမှာ ဘယ်သူဘယ်ဝါတော့မသိ။ ကျွန်တော့်မယားညီအစ်ကိုအပေါ် အထက်စီးမှ ဆက်ဆံ၏။ လျော်ကြေးနင့်နင့်နာနာ တောင်း၏။ မရလျှင် ဘာလုပ်မည်၊ ညာလုပ်မည် ဖိမ့်၏။ နောက်ဆုံး ကျွန်တော်က လိုက်လံတောင်းပန်ရာ ကျွန်တော့်ကို မြင်မြင်ချင်း အချိုးပြောင်းသွားတော့၏။

'ဟာ ...မင်းသားကြီးပဲ၊ အဆင်ပြေအောင် လုပ်ပေးရမှာပေါ့'

'ကျေးဇူးပါပဲဗျာ။ လိုအပ်တာရှိလည်း ပြောပါ'

'ဟာ ...အတော်ပဲဗျာ။ ဒီနေ့ ကျွန်တော်တို့ ဘီယာဆိုင်မှာ အထူးပွဲရှိတယ်။ သီချင်းတစ်ပုဒ်လောက် လာချီးမြှင့်ပါလား'

ဟိုက်။ ကျွန်တော်သည် ကျေးလက်တောရွာမှာ ဖျာခင်းကြည့်ရသော ပွဲမျိုးမှာပင် သီချင်း အခမဲ့ဆိုပေးဖူးသော်လည်း ဘီယာဆိုင် မဆိုချင်ပေ။ အချို့ ညကြေးပေး ဆိုခိုင်းတာတောင် မဆိုဖြစ်။ အဓိကအကြောင်းမှာ ကျွန်တော်က အရက်အခံ့ရှိသူမို့ ပြန်သောက်မိမှာစိုးသောကြောင့်။ သို့သော် ...။

'မျက်နှာမကြောင်ပါဘူးဗျာ။ ဒီည အထူးအစီအစဉ်မှာ ဆိုမှာက အကယ်ဒမီချိုပြုံးပါ။ ဒီတော့ မင်းသားကြီးအနေနဲ့ ဧည့်သည်အဖြစ် ဝင်ပြီး စုံတွဲ ဖြစ်ဖြစ် ဝင်ဆိုပေါ့'

နောက်ဆုံး ရွှေမရီး၊ ရွှေမယားညီအစ်ကို မျက်နှာများကို ထောက်ပြီး သဘောတူလိုက်ရတော့၏။ လျော်ကြေး သက်သာသွား မနည်းဘူးပေါ့။ ကျွန်တော် ရမည့် ညကြေးနှင့် ထေလိုက်ရုံပေါ့။ သို့သော် ...ဟိုရောက်သောအခါ ကျွန်တော့်မှာ စင်ပေါ်မှ မဆင်းရတော့ပေ။ နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်၊ နဂါးနီဆိုပြပါဗျို့။ ချစ်မိုးကြိုး၊ ပန်းတွေနဲ့ဝေ။ သို့သော် မတတ်နိုင်ချေ။

ချိုပြုံး ရောက်လာသောအခါမှ သက်သာသွားတော့၏။

ချိုပြုံးသည် စောစောကပြောသလို သူ့ခိုးတောင် ထောင်ဝင်စာသွားတွေ့သော ကရုဏာရှင်ပါလို့။ ထို့ကြောင့် ကျွန်တော်သည် ချိုပြုံးကို အားကိုးရတော့

mgyoe.com

mgyoe.com


၏။ ဟိုဆိုင်ကယ်ဆရာနှင့် ချိုပြုံးကို မိတ်ဆက်ပေးရ၏။ ဟိုလူကလည်း (ဘာရာထူးမှန်းတော့မသိ) ဆိုင်ရှင်လိုလို၊ ဒါရိုက်တာလိုလို အခန့်သား စတိုင်ပေးတော့၏။ မချိုဆိုတာကလည်း အ,တီး၊ အ,တဆိုတော့ သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ကြလေတော့၏။ ဟိုလူက အထင်ကြီးအောင် လုပ်တတ်သော အစားမျိုးထဲက ဖြစ်သလို၊ ကျွန်တော်တို့ ချိုပြုံးကလည်း လူတစ်ယောက်ကို အထင်ကြီးလွယ်တတ်ပေရာ ...။

ချိုပြုံးသည် သီချင်းပုဒ်ရေများစွာကို ဆိုပေးရှာပါသည်။ လိုအပ်သည်ထက်ပိုပြီးလည်း မြူးမြူးကြွကြွ တရှိုက်ဖိုဖို ဆိုပေးပါ၏။ ကျွန်တော့်မျက်နှာ၊ အေးဘုံမျက်နှာအပြင် အေးဘုံ၏ အစ်မလင်မယားမျက်နှာပါထောက်ပြီး လောကဝတ်ချော်ခြင်း ဖြစ်၏။ ဟိုလူသည် အူမြူးလွန်သွားပုံရလေသည်။ စင်ပေါ်တက်လိုက်၊ အောက်ဆင်းလိုက်၊ ပန်းကုံးတွေရော၊ သရဖူတွေ၊ စလွယ်တွေပါ အကုန်လုံး ချိုပြုံးတစ်ကိုယ်လုံးမှာ စွပ်လေ၏။

ဤသို့ဖြင့် ... ဆိုင်ကယ်တိုက်မှ လျော်ကြေးကိစ္စသည် ထိုညက အောင်မြင်စွာ ပြီးဆုံးသွားပြီ ထင်ရသော်လည်း ...

နောက်နေ့နံနက်စောစောတွင် တယ်လီဖုန်းနှစ်ကြိမ် ကျွန်တော့်ထံ ဝင်လာပါသည်။ ပထမအကြိမ်က အေးဘုံအစ်မဆီက–

'ကိုဗလရေ၊ ကိုဗလ သီချင်းတက်ဆိုပေးတာ အလကား အဖတ်မတင်ဖြစ်သွားရပြီ။ မနေ့ညက ဟိုလူက ဆိုင်ကယ်ဖိုးရော၊ လူဒဏ်ရာရတဲ့အတွက်ရော သိန်းချီတောင်းလို့ ပေးလိုက်ရတယ်။ တောင်းပန်ပါတယ်ရှင် ....'တဲ့။

ဒုတိယတယ်လီဖုန်းက ပိုဆိုးသည်။ ချိုပြုံးဆီက–

'ဟဲ့ ...ကောင်ဗလောင်ကီး ... နင်ဘယ်လိုလုပ်တာလဲ။ ငါ့မှာ နင်တို့မျက်နှာနဲ့ သေအောင် သီချင်းဆိုလိုက်ရတာ'

'ကျွန်တော် ဘာလုပ်လို့လဲဗျာ'

'ဟဲ့ ...နင့်ဆိုင်ကယ်သမားက ညက မူးမူးရူးရူးနဲ့ ငါ့နား တဝဲဝဲလုပ်နေတာ။ လက်ကလည်း သရမ်းသေးတယ်။ ငါက နင်တို့မျက်နှာနဲ့ သည်းခံလိုက်ရတာ'

'မမ အနမ်းခံလိုက်ရသေးလား'

'ဟော့ ... ငါ့ဘာအစားများ မှတ်လို့လဲ။ ဗလောင်ကီးရဲ့ ...'

၂၀၀၅–ခုနှစ်၊ အောက်တိုဘာလ၊ ရယ်စရာမဂ္ဂဇင်း

□

mgyoe.com

mgyoe.com

## ပူးတွဲမျိုးဆက်သစ်

တစ်လောက လူငယ်လေးတစ်ယောက် အိမ်ရောက်လာတယ်။ တယဉ်တကျေးနဲ့ ရိုးရိုးကလေးပါ။ ရုပ်ဖမ်းကြည့်တော့ မြင်ဖူးသလိုလို ရှိပါတယ်။

'ပြောပါကွယ်'

'ကျွန်တော်က ဦးဆွေတင့်ရဲ့သားပါ'

'သြော် ...ဒါကြောင့် ဒီရုပ်ရည်မျိုး မြင်ဖူးတယ် ရှိနေတာ'

'ရှမဝဦးကျော်က ကျွန်တော့်အဘိုးလေ'

'ဟုတ်ပါပြီကွယ်။ သိပါပြီ'

'ပြောပါဦး။ ဦးသုက ဘာကူညီရမှာလဲ'

'ဖိုးသောကြာနဲ့ ကားချိတ်ချင်လို့ပါ'

'အေးအေး ...ဖိုးသောကြာ ခေါ်ပေးမယ်'

ပြီးတော့ သူတို့လူငယ်ချင်း ဧည့်ခန်းထဲဝင်ပြီး အလုပ်ကိစ္စ စကားပြောကြတယ်။ ကျွန်တော် တစ်လုံးမှ ဝင်မပါဘူး။ ဒါက သားနဲ့ဆိုင်တဲ့ကိစ္စပဲ။ သို့သော် ရှမဝဦးကျော်ရဲ့မြေး၊ ဒါရိုက်တာ မောင်ဆွေတင့်ရဲ့သားဆိုတော့ စိတ်ဝင်စားပြီး အတွေးတွေက ဟိုးအတိတ် ကျွန်တော် ရှမဝမှာ ပင်တိုင်ရေးနေတုန်း နှစ်ပေါင်း ၃၀ လောက်ဆီ ပြန်ရောက်သွားပါတယ်။ ရှမဝမဂ္ဂဇင်းမှာ ဝတ္ထုတိုပို့တိုင်း ပါဖို့ဆိုတာ ဧရာမအခွင့်အရေးကြီးပါ။ ဒီလိုပြောလို့ ရှမဝဦးကျော်ရဲ့ သူငယ်ချင်း၊ ဦးသာခရဲ့ သားမို့လို့ဆိုပြီး အခွင့်အရေးပေးခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ ပထမဆုံးဝတ္ထုတို ငယ်အိပ်မက် ကို ရှမဝပို့တော့ ကျွန်တော့်အဖေ ဘယ်သူဘယ်ဝါဆိုတာ အသိမပေးခဲ့ပါဘူး။ အဖေ့ကြောင့် စာမူရွေးတယ် ဖြစ်မှာစိုးလို့ပါ။ ဒါပေမဲ့ စာကောင်းရင် ရွေးတဲ့ ရှမဝရဲ့မူအတိုင်း ကျွန်တော့်ဝတ္ထုတိုလေး ရွေးပြီး ရှမဝစင်ပေါ် တင်ပေးခဲ့ပါတယ်။

တကယ်က ရှမဝဦးကျော်နဲ့ အဖေ သာခတို့က ကျွန်တော်မမွေးခင်က

mgyoe.com

mgyoe.com


တည်းက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ။ ဦးကျော်က အယ်ဒီတာ၊ အဖေက စာရေးဆရာ။ သိပ်ချစ်ကြလို့လားမသိပါဘူး။ ခဏခဏလည်း ရန်ဖြစ်ကြတာ ကျွန်တော်တို့ ငယ်ငယ်က ကြုံဖူးပါတယ်။ (ဆရာသော်တာဆွေလည်း ဆောင်းပါးထဲ ထည့်ထည့်ရေးပါတယ်။) အဖေနဲ့ ဦးလေးကျော် တူတဲ့အချက်က အရက်လုံးဝ မသောက်ဘဲ စီးကရက် အလွန်အကျွံသောက်ကြတာပါ။ ဒီလိုနဲ့ ချစ်လိုက်ကြ၊ ရန်ဖြစ်လိုက်ကြနဲ့ ဆန့်ကျင်ဘက်တို့ လှပစွာ ပေါင်းစည်းနေခဲ့ကြတာ နှစ်ဦးစလုံး ကွယ်လွန်ကြသည်အထိပါပဲ။ ဦးလေးကျော်ကလည်း တစ်ခုခုပြောရင် 'သာခု' အကြောင်း မပါမပြီးသလို အဖေကလည်း စာရေးတိုင်းလိုလို 'ရှမဝကိုကျော်' ဆိုတာကို ထည့်ထည့်ရေးပါတယ်။

ထူးထူးခြားခြား အဖြစ်အပျက်တစ်ခုကတော့ အဖေဟာ စာပေနယ်ကနေ ရုပ်ရှင်နယ်ကူးတော့ ချက်ချင်းအောင်မြင်ခဲ့တာကြောင့် (မင်းသမီးမြတ်မွန်လည်း တစ်ရှိန်ထိုး နာမည်ကြီးသွားတာမို့) တစ်ခါသားမှာ ဦးလေးကျော်က သူ့တူနဲ့မြတ်မွန် တွဲဖက်ပြီး ရုပ်ရှင်ကားတစ်ကား ရိုက်ပေးဖို့ အဖေ့ကို အပ်နှံပါတယ်။ အဖေကလည်း လက်ခံပြီး ရိုက်ကူးပေးပါတယ်။ ပြဿနာက မင်းသားသစ်ခမျာမှာ စူပါမင်းသမီးနဲ့ စရိုက်ရတော့ ရှက်တာ၊ ကြောက်တာတွေ ပေါင်းပြီး အိုက်တင်တွေအထစ်ထစ်၊ အငေါ့ငေါ့ဖြစ်တော့တာပါပဲ။ ရုပ်ရှင်ရိုက်ရတာ အဆင်မပြေဘူးဆိုပါတော့။ ဒီမှာတင် အဖေက ....

'ကိုကျော် ခင်ဗျားလူနဲ့တော့ မဖြစ်ဘူး။ ကျွန်တော့်မျက်စိထဲ မြင်နေတာက ဟောဟိုမှာ 'ကလက်ရိုက်' 'မှတ်တမ်းတင်'နေတဲ့ လည်ကုပ်တိုတို ပြောင်စပ်စပ်နဲ့ ကောင်လေးကို မင်းသားတင်ရင်တောင် ဖြစ်ကောင်းဖြစ်နိုင်တယ်'ဆိုပြီး ဘွင်းဘွင်းကြီး ပြောချလိုက်မိတော့တယ်။ ဒီမှာတင် ဦးလေးကျော် ဒေါသူပုန်ထတော့တာပါပဲ။

'ဒီမယ် ကိုသာခု၊ ခင်ဗျားရိုက်ပေးမှ ကျုပ်လူ မင်းသားဖြစ်မှာ မဟုတ်ဘူး။ ကျုပ်ဘာသာ မင်းသားတင်ရိုက်မယ်။ ခင်ဗျားနဲ့ကျုပ် ဒီဇာတ်ကားမှာ လက်တွဲလို့ မဖြစ်တော့ဘူး'ဆိုပြီး အဲဒီဇာတ်ကား ဆက်မရိုက်ဖြစ်တော့ပါဘူး။ ထူးဆန်းတာက အဖေ နိမိတ်ဖတ်ခဲ့သလို လည်ကုပ်တိုတို ပြောင်စပ်စပ်နဲ့ 'ကလက်ရိုက်' 'မှတ်တမ်းတင်'နေခဲ့တဲ့ အခြေခံအလုပ်သမားလေးဟာ နောင်တစ်ချိန်မှာ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ စူပါမင်းသားတစ်လက် ဖြစ်ခဲ့တော့တာပါပဲ။ သူလား 'ဇော်ဝမ်း'ပေါ့။

နောက်တစ်ချက် ထူးခြားတာက ရှမဝဦးလေးကျော်က မခံချင်စိတ်နဲ့ သူ့လူကို မင်းသမီးသစ်တစ်လက်နဲ့ တွဲဖက်စေပြီး ဇာတ်ကားတစ်ကားရိုက်ကူးခဲ့ရာ သူ့မင်းသားရော၊ မင်းသမီးအသစ်ပါ တစ်ရှိန်ထိုး နာမည်ကြီးသွားတော့တာ

mgyoe.com

mgyoe.com


ပါပဲ။ သူတို့ကတော့ 'မောင်ယဉ်ထွေး'နဲ့ 'ရှုမဝစမ်းစမ်းအေး'တို့ပါပဲ။

ပြောချင်တာက လူ့ဘဝ အကွေ့အပြောင်းနဲ့ ကံတရားပါ။ ဘယ်လောက် ထူးဆန်းသလဲဆိုရင် အဖေမှတ်ချက်ပြုတဲ့ အခြေခံအလုပ်သမားလေးဟာ ဇော်ဝမ်း ဆိုပြီး နာမည်ကြီးခဲ့သလို မောင်ယဉ်ထွေးလည်း သူ့အဆင့်နဲ့သူ မင်းသားတစ်လက် ဖြစ်ခဲ့ရုံမျှမက ဦးလေးကျော် တင်တဲ့ မင်းသမီးသစ် စမ်းစမ်းအေးဟာလည်း စူပါ မင်းသမီးတန်း ဝင်သွားတာပါပဲ။ ဒါပေမဲ့ ထူးဆန်းတာက စောစောပြောခဲ့တဲ့ အဖေ နဲ့ ဦးလေးကျော်တို့ ရိုက်ဖို့အစီအစဉ်လုပ်ခဲ့တဲ့ ရွှေရင်သိမ်းသစ် ဇာတ်ကား မရိုက် ခင်မှာ သူ့တူကို အိမ်မှာလေ့ကျင့်ပေးတော့ ရိုက်မယ့်မင်းသမီး စူပါ မြတ်မွန်နဲ့ တွဲ ရမှာမို့ 'မောင်ယဉ်ထွေး'နဲ့ လေ့ကျင့်ဖက်အဖြစ် ကောင်မလေးတစ်ယောက်ကို မြတ်မွန် ကိုယ်စား မရှိသုံး သုံးခဲ့တာပါ။ မင်းသမီးတင်ဖို့ မရည်ရွယ်ပါဘူး။ အဲဒီ မှာ အဖေနဲ့ ပြဿနာလည်းပေါ်ရော အဲဒီကလေးမလေးကိုပဲ မထူးဘူးဆိုပြီး ဦးလေးကျော်က မင်းသမီးတင်လိုက်တာမှာ 'စမ်းစမ်းအေး'ဆိုပြီး မင်းသမီး တစ်လက် ရုပ်ရှင်နယ်မှာ ပေါ်ပေါက်ခဲ့တဲ့ ကျေးဇူးဖြစ်ပေါ်လာတာပဲ။ (ဟုတ်ပါ တယ်။ ယနေ့ မိခင်ခန်းတွေ ဝင်ရိုက်နေတဲ့ အကယ်ဒမီ ရှုမဝစမ်းစမ်းအေးပါ။)

ဆိုကြပါစို့ရဲ့။ အဖေတို့ အသက်တွေရလာလို့ ရုပ်ရှင်လုပ်ငန်းကို တစ်ဖက် က ဆက်လုပ်ရာမှာ အောင်မြင်ပြန်တာပါပဲ။ နာမည်ကျော်ဆရာသိန်းသန်းထွန်းရဲ့ ဝတ္ထု ဘယ်ပန်းချီရေးလို့မမီ ကို ရုပ်ရှင်ရိုက်ကူးရာမှာ အလွန်ပဲအောင်မြင်ခဲ့ပါ တယ်။ ဒါရိုက်တာက မောင်ဆွေတင့်ပါ။ အဲဒီကာလတွေမှာ ဆရာသာစုရဲ့သားကြီး မောင်ဝဏ္ဏဟာလည်း ပထမဦးဆုံးဇာတ်ကား ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း ဆိုတဲ့ ပွဲဦးထွက်အနေနဲ့ အကယ်ဒမီရနေပါတယ်။ (တိုက်ဆိုင်တယ်ပဲ ပြောပါရစေ။ အဖေသာစုဟာ ပွဲဦးထွက်ဇာတ်ကား ကကြိုးရေက နဲ့ ဒါရိုက်တာအကယ်ဒမီ ရ ခဲ့သလို သူ့သား မောင်ဝဏ္ဏဟာလည်း ပွဲဦးထွက်ကားနဲ့ အကယ်ဒမီရခဲ့ပြန်ပါ တယ်။ ရုပ်ရှင်သမိုင်းမှာ မှတ်တမ်းတင်ရမယ့် ကိစ္စဆိုပါတော့။) အစ်ကိုမောင်ဝဏ္ဏ နဲ့ အစ်ကိုဆွေတင့်တို့ကလည်း တကျက်ကျက်နဲ့ ချစ်ခဲ့ကြတာပါ။ ဒါပေမဲ့ နင်ပဲငဆ တော့ ရန်မဖြစ်ပါဘူး။ အတွေးအခေါ် အယူအဆအရ ဝိဝါဒရေးကွဲကြ၊ ငြင်းကြ ခုံကြ၊ ချစ်ကြခင်ကြ။

ကျွန်တော်နဲ့ အစ်ကိုဆွေတင့်ကတော့ အသက်အရွယ်ကွာခြားနေလို့ ပြဿနာမရှိကြပါဘူး။ ကျွန်တော်က တရိုတသေ ဆက်ဆံခဲ့ပါတယ်။ အဲဒီအချိန်မှာ ရှုမဝမဂ္ဂဇင်း အယ်ဒီတာချုပ်က အစ်ကိုဆွေ (မောင်ဆွေတင့်)။ ကျွန်တော်က ပင် တိုင်ရေး စာရေးဆရာ 'သုမောင်'။ ကျွန်တော်နဲ့ အစ်ကိုဆွေလည်း ချစ်ကြ၊ ခင်ကြ

mgyoe.com

mgyoe.com


ပါတယ်။ စောစောကပြောသလို တကျက်ကျက်တော့ မဖြစ်ခဲ့ပါဘူး။ ပြောချင်ပြန်တာလေးက 'ဦးကျော်/ သာဓု'အတွဲက ဆင်းလာတဲ့ မောင်ဆွေတင့်/ မောင်ဝဏ္ဏ/ သုမောင်တို့အတွဲဟာလည်း မျိုးဆက်သစ်စုံတွဲတွေ ဖြစ်ခဲ့ကြတာကိုပါ။ ဒါမျိုးကရှားပါတယ်။ မျိုးဆက်သစ်ဆိုတာတွေ ကျွန်တော်တို့ လောကမှာ ရှိခဲ့ကြပေမဲ့ မျိုးဆက်နှစ်ဆက်စလုံး စာပေ၊ ဂီတ၊ ရုပ်ရှင်နဲ့ဆက်နွယ်ပြီး တကျက်ကျက်နဲ့ ချစ်ခင်နေလိုက်ကြတာကတော့ ထူးခြားချက်တစ်ရပ်ပဲ မဟုတ်ပါလား။ အမှန်ပါပဲ။ မြန်မာစာပေ၊ ဂီတ၊ ရုပ်ရှင်လောကမှာ ဖခင်လက်ထက်ကတည်းက သားသမီးတွေလက်ထက်အထိ အနုပညာကို စိုက်လိုက်မတ်တတ်လုပ်ရင်း နှစ်အိမ် တစ်အိမ်မိသားစုတွေလို နေကြတာ အလွန်ရှားပါတယ်။

ဟော ...တစ်ခါ လာပြန်ပါပြီ။ 'အစ်ကိုမောင်ဆွေတင့်'ရဲ့သား (ယာယီနာမည်'အောင်ကျော်ဆွေ' ('အောင်'က သူ့နာမည်၊ 'ကျော်'က ရွှေမဝဦးကျော်၊ 'ဆွေ'က သူ့ဖခင် မောင်ဆွေတင့်)ဆိုပြီး ဒါရိုက်တာ ထလုပ်တယ်။ ဟုတ်ပါ့။ ဤစာစုထိပ်ဆုံးမှာ ဖော်ပြခဲ့တဲ့ လူငယ်လေးပါ။ သူကလေးက ပြည်ပမှာ အလုပ်လုပ်နေတာပါ။ ငွေကြေးစုဆောင်းမိလို့ မြန်မာပြည်ပြန်ပြီး အဘိုးလက်ငုတ် ဖခင်လက်ရင်း ရုပ်ရှင်နယ်ထဲ ဝင်လာတာပါ။ ဟော ...သူကလည်း သူရိုက်မဲ့ဇာတ်ကားမှာမင်းသားစဉ်းစားတော့ ဆရာသာဓု(သူ့အဘိုး ရွှေမဝဦးကျော်ရဲ့ သူငယ်ချင်း)မောင်ဝဏ္ဏ/ သုမောင်တို့ရဲ့ မိတ်ဆွေ (သူ့အဖေ မောင်ဆွေတင့်ရဲ့မိတ်ဆွေတွေ)ရဲ့ မျိုးဆက်သစ် ဖိုးသောကြာကို ခံတွင်းတွေ့ပြန်သတဲ့။ ကြည့်နော် တတိယမျိုးဆက်အထိလက်တွဲမိနေပြန်ပြီ။ မထူးဆန်းပေဘူးလား။ မတိုက်ဆိုင်ပေဘူးလား။ ပီတိဖြစ်စရာ၊ မှတ်တမ်းပြုစရာ မကောင်းပေဘူးလား။

အဲ ... အထူးဆန်းဆုံးလေး ပြောပြမယ်။ တစ်နေ့က သားကို ရှူတင်လိုက်ပို့တော့ 'အောင်ကျော်ဆွေ'လေးနဲ့ တွေ့တယ်။ ပြီးတော့ သူနဲ့သားရဲ့ ဆက်ဆံရေးကိုကြည့်တော့ လူငယ်လေးနှစ်ယောက်ဟာ တိုင်တိုင်ပင်ပင်နဲ့ ချစ်ချစ်ခင်ခင်အလုပ်လုပ်နေကြပါတယ်။ 'ညီလေး' 'အစ်ကို'နဲ့ ဖြစ်နေကြတာ။

ဒီမှာတင် ကျွန်တော် အတွေးထဲ ဖျတ်ခနဲလင်းလက်သွားတယ်။ အဘိုးနှစ်ယောက်တုန်းက ပဋ္ဌိပက္ခနဲ့ ချစ်ခဲ့ကြတယ်။

အဖေနဲ့ ဦးလေးလက်ထက်တုန်းက ငြင်းကြခုံကြနဲ့ ချစ်ခဲ့ကြတယ်။

ဟော ...သူတို့လက်ထက်ကျတော့ မငြင်းမခုံတဲ့အပြင် စည်းလုံးညီညွတ်ပြီး တိုင်ပင်နှီးနှောရင်း အလုပ်လုပ်နေကြပါတယ်။ ကျက်သရေရှိလိုက်တာလေ။ ဒီလိုပဲ ဖြစ်ရမယ်မဟုတ်လား။ ဖြစ်သင့်ပါ၏ရဲ့။ ဇာတ်ကားနာမည်က စိမ့်မြိုင်ကျ

mgyoe.com

mgyoe.com



ပုံပြင် တဲ့။ ဟုတ်ပါ့။ အနုပညာဝက်ပါစိမ့်မြိုင်ကြီးထဲက ပုံပြင်တစ်ပုဒ်လိုပါပဲ။

အင်း ... ကနေ့လူငယ်တွေဆိုတာ ဒီလိုပဲဖြစ်သင့်တာ မဟုတ်ပါလားလေ။ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်။

၂၀၀၇ ခုနှစ်၊ ဧပြီလ၊ ရွှေအမြုတေမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

## ကျွန်တော်ကံကောင်းတယ်

စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်သုံးခုမှာ အောင်မြင်လို့ ကံကောင်းပါတယ်ဆိုပြီး အများက ထောပနာပြုကြပါတယ်။ ဒါဟာ မြင်သာထင်သာရှိတဲ့ ကံအကျိုးတရားပါ။ တိုက်ဆိုင်မှုတွေကြောင့် အဲသလိုကံကောင်းခဲ့တာလည်း ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အမေရဲ့ စကားတစ်ခွန်းအရဆိုရင်–

'သားဟာ ဘဝဘဝက ဘုရားရဟန္တာ၊ ပစ္စေကဗုဒ္ဓါတွေကို ပန်းရေချမ်းဆီမီးနဲ့ ကြေးစည်လှူခဲ့ဖူးလို့ ဒီဘဝမှာ လူချစ်လူခင်ပေါတဲ့ အနုပညာနယ်သုံးရပ်မှာ အောင်မြင်တာ'တဲ့။

ဘာပဲဖြစ်ဖြစ် ခုပြောချင်နေတာက သားသမီးကံပါ။ ကျွန်တော်မွေးထားတဲ့ သားသမီးလေးယောက်စလုံး တော်ကြရှာပါတယ်။ အများသူငါ ပတ်ဝန်းကျင်က ချီးမွမ်းကြလောက်အောင် သိက္ခာရှိရှိ၊ ဣန္ဒြေရရ တော်ကြရှာတာပါ။ ဒါဟာ ကျွန်တော်က မိဘကို ပြုစုလုပ်ကျွေးခဲ့တဲ့ အတိတ်ကံကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

သားသမီးကံကောင်းသလို ကျွန်တော့်မှာ မိဘကံလည်းကောင်းခဲ့ပါတယ်။ ဘဝဘဝက သားသမီးတွေအပေါ် ပြုစုခဲ့တဲ့ကျေးဇူးကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

အဖေချမ်းသာခဲ့တာ၊ အမေအိမ်ထောင်ရှင် မိခင်ကောင်းပီသခဲ့တာတွေတော့ မပြောတော့ပါဘူး။ထူးထူးခြားခြား ကံကောင်းခဲ့တာလေးပဲ ပြောချင်ပါတယ်။

ကနေ့ ပြဿနာတက်နေတဲ့ မျိုးဆက်သစ် ကွာဟမှုဆိုတဲ့ (Generation Gap)ဆိုတာကြီးဟာ ကျွန်တော်တို့မိသားစုမှာ မရှိသလောက် ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ခေတ်ပြိုင်အနုပညာရပ်များဖြစ်ကြတဲ့ အဖေသာစုနဲ့ သားသုမောင် ဘဝတွေမှာ ကွာဟမှု မဖြစ်ခဲ့တာပါ။ တကယ်ဆို ဒီလိုသားအဖမျိုးဟာ ပြဿနာရှိရမှာပါ။ သို့ပေမဲ့ အဖေနဲ့ကျွန်တော်ဟာ ကိုယ့်အနုပညာကိုယ်ဖန်တီးရင်း မိတ်ဆွေသူငယ်ချင်းတွေလို နေနိုင်ခဲ့ကြပါတယ်။ ဘုတ် ကျီးမြှောက်၊ ကျီး ဘုတ်မြှောက်

mgyoe.com

mgyoe.com


ဆိုတာလို အသားလွတ် ချီးမွမ်းခန်းတွေ ဖွင့်မနေခဲ့ကြသလို ခိုက်ရန်ဒေါသနဲ့ ဝေဖန်တာမျိုးလည်း မရှိခဲ့ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ဖေးဖေးမမ ကူညီကြရင်း ကောင်းစေချင်တဲ့ဝေဖန်ရေးမျိုးတွေတော့ လုပ်နိုင်ခဲ့ကြပါတယ်။ တကယ်တမ်းကျတော့ 'သာခုရဲ့ အနုပညာနဲ့၊ သုမောင်ရဲ့အနုပညာ'ဟာ အခြေခံအားဖြင့် တူညီပေမဲ့ အကိုင်းအခက်လိုမှာတော့ မတူညီကြပါဘူး။ ကိုယ့်လမ်းနဲ့ကိုယ်ပါပဲ။ သို့သော် စောစောကပြောသလို တစ်ဦးနဲ့တစ်ဦး သမမျှတနေခဲ့ကြတာ အကြောင်းရှိပါတယ်။ အဲဒါကတော့ ရှင်းရှင်းလေးပါ။ လူကြီးနဲ့လူငယ် မျိုးဆက်ကွာဟမှုဆိုတာကြီးကို စကတည်းက စည်းသားမထားခဲ့ကြလို့ပါပဲ။ သဘောကတော့ အဖေလည်း သူ့အလုပ်သူလုပ်တယ်။ ကျွန်တော်လည်း ကိုယ့်ဖန်တီးမှုနဲ့ကိုယ်ပဲ။ ရောရောယှက်ယှက် သိပ်မရှိခဲ့ဘူး။ (အဖေကတင်ပေးလို့ မင်းသားတက်ဖြစ်တာမျိုးကို မဆိုပါဘူး)တစ်ယောက်ကိုတစ်ယောက် ဖက်လှဲတကင်းလည်းမရှိ၊ ခိုက်ရန်ဒေါသလည်းမရှိခဲ့တာကို ပြောတာပါ။ မှန်ပါတယ်။ အဖေဟာ ကျွန်တော်တို့ရဲ့ အနုပညာလုပ်ငန်းတွေမှာ ဘယ်တော့မှ ဝင်မစွက်ပါဘူး။ အနုပညာပစ္စည်းတစ်ခုခု ပြီးမြောက်သွားမှ သူ့ခံတွင်းမတွေ့တာကို ဝေဖန်ပါတယ်။ ကျွန်တော်တို့ကလည်း ၎င်းအတိုင်းပါပဲ။

အဲသလို သဟဇာတဖြစ်တဲ့ အဓိကအကြောင်းရင်းကတော့ အဖေဟာ ကျွန်တော်တို့နဲ့ သူငယ်ချင်းမိတ်ဆွေလိုပဲ ပေါင်းသင်းဆက်ဆံတတ်လို့ပါပဲ။ သူလည်း သူ့အတွေးအခေါ်နဲ့နေနေပေမဲ့ အဖေက ခေတ်ကို မျက်ခြည်ပြတ် မခံပါဘူး။ အထူးသဖြင့် ကျွန်တော့်သူငယ်ချင်းတွေနဲ့ ပေါင်းဖက်ပါတယ်။ လက်ဖက်ရည်ဆိုင် အတူထိုင်ပါတယ်။ (ကျွန်တော့်သူငယ်ချင်း ပန်းပုဆန်နီညိမ်းဆိုရင် အဖေ့ဆော်ဒါပါ။)

နောက်တစ်ခု ထူးခြားတာက အဖေဟာ သူ့မွေးနေ့ကို မသိပါဘူး။(သူ့ရဲ့'အတာ'ဝတ္ထုထဲက အဆိုအရ သူ့အမေ ကျွန်တော့်အဘွားရဲ့ အားနည်းချက်လည်း ပါပါမယ်။) ကျွန်တော်သတိထားမိသလောက်ကတော့ အဖေကိုယ်တိုင်က မွေးနေ့ကို အမှတ်မထားသလို ကိုယ့်အသက်ဘယ်လောက်ရှိပြီလဲဆိုတာကိုလည်း ဂရုမစိုက်ပါဘူး။ 'အသက်ကြီးလာပြီ' ဆိုတာလောက်ပဲ ပြောတတ်ပါတယ်။ 'မကြာပါဘူး သေမှာပါ'လို့လည်း ဇရာနဲ့ မရဏကို မမေ့မလျော့နေခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ ဘယ်အရွယ်ရောက်နေပြီ။ အရွယ်နဲ့သင့်တာ ဘာလုပ်မယ်စသဖြင့် မတွေးပါဘူး။ သဘောကတော့ သေခါမှသေရော။ လုပ်စရာရှိတာကိုတော့ လုပ်နေရမှာပဲလို့ သဘောထားပုံ ရပါတယ်။ တရားမေ့တာတော့ မဟုတ်ဘူးပေါ့လေ။

mgyoe.com

mgyoe.com


အမြဲတမ်း လန်းဆန်းအောင်နေတာကို ပြောတာပါ။ စိတ်ပျိုကိုယ်နုလို့ ပြောရမလို ပါပဲ။ ဒါကြောင့်လည်း ကျွန်တော်တို့နဲ့ တစ်တန်းတည်းပေါင်းသင်းနိုင်ခဲ့တာပေါ့။

အဲဒါတွေကြောင့် ကျွန်တော်တို့သားအဖကြားမှာ Generation Gap ဆိုတဲ့ မျိုးဆက်ကွာဟမှုနည်းပါးတာ ဖြစ်ပါလိမ့်မယ်။ နည်းပါးတာလို့ သုံးရတာက 'ဇာတိ ဇရာ ဗျာဓိ မရဏ'တရားက မခွဲမဖြစ် ခွဲခြားထားလို့ပါပဲ။

ဒီနေရာမှာ ပြောချင်တာလေးရှိလာပါရဲ့။

သူသူငါငါတို့ လူကြီးသူမ မရွေးနဲ့ ဆုံစည်းဖြစ်ကြမှာပါ။ အဲဒီမှာ လူကြီး သူမ လေးမျိုး တွေ့ဖူးကြပါလိမ့်မယ်။

(၁) မျိုးဆက်ကွာဟမှုကို အလွန်အမင်းလက်ခံပြီး ငါမှငါ၊ ငါတို့မှငါတို့ ဆိုပြီး လူငယ်တွေနဲ့ အစေးမကပ်တဲ့ လူကြီးသူမမျိုးပါ။ အလိုလိုနေရင်း လူငယ် တွေရဲ့ လုပ်ရပ်မှန်သမျှကို မျက်စိဆံပင်မွေး စူးနေကြသူတွေပါ။ ဒါက ရိုးရာအစဉ် အလာနဲ့ဆိုင်တဲ့ လူကြီးသူမမျိုးပါ။

(၂) လူငယ်တွေ ဘာလုပ်လုပ်မှန်တယ်ဆိုပြီး အမြဲတမ်း လူငယ်ကိုအား ကိုးနေကြတဲ့ လူကြီးသူမမျိုးပါ။ သူတို့ဟာ အများအားဖြင့် ပညာရေးချို့တဲ့ပြီး ငွေကြေးချမ်းသာသူတွေ ဖြစ်နေတတ်ကြပါတယ်။ သားသမီးကို အလိုလိုက်လွန်း တဲ့ ပုံသဏ္ဍာန်ရှိပါတယ်။ အထူးသဖြင့် သားသမီး(လူငယ်)များက သူတို့ထက်ပိုပြီး ပညာတတ်ရင် အဲသလိုမျိုးဖြစ်တတ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချလွန်းပြီး လူငယ်တွေကို ဖူးဖူးမှုတ်တတ်ပါတယ်။ ကြွေးသစ်ချတယ်ဆိုတာမျိုးလို သားသမီး (လူငယ်)ဆီက ပြန်မျှော်လင့်တတ်ကြပါတယ်။

(၃) စောစောကပြောတဲ့ ကျွန်တော့်ဖခင်လို လူကြီးသူမမျိုးပါ။ လူငယ် တွေနဲ့ တန်းတူပေါင်းပါတယ်။ အထင်ကြီးမှု၊ အထင်သေးမှုကင်းပါတယ်။(အရှည် ကို ရှင်းပြပြီးပါပြီ။)

(၄) လူငယ်တွေကို ကပ်ပေါင်းတဲ့အမျိုးအစားပါ။ ဒါက ကျွန်တော် အပြောချင်ဆုံး လူကြီးသူမမျိုးပါ။ စောစောကပြောခဲ့တဲ့ နံပါတ်(၂)အမျိုးအစား လူကြီးသူမမျိုး ပုံသဏ္ဍာန်ဖမ်းကြပါတယ်။ လူငယ်တွေကို သိပ်ပြီး အားကိုးချင် ဟန်ဆောင်တာပါ။ တကယ်တော့ လူငယ်တွေကို မြှောက်ပင့်ပြီး မသိမသာ ဆရာ လုပ်တတ်သူများပါ။ ကြောက်စရာသိပ်ကောင်းပါတယ်။ သူတို့ဟာ လူငယ်တွေ ကို မြှောက်ထိုး ပင့်ကော်လုပ်မယ်။ ပြီးရင် နေရာဝင်ယူမယ်။ ဆရာကြီးလုပ်မယ်။ ဒါပေမဲ့ သူတို့ ဆရာကြီးလုပ်နေမှန်းမသိအောင်လည်း ဖုံးကွယ်နိုင်တယ်။ သာ ပေါင်းညာစားထက် ဆိုးတယ်။ သာပေါင်းညာစားလို့ လူငယ်တွေက သိတယ်။

mgyoe.com

mgyoe.com


စည်းရုံးလို့သိပ်မလွယ်ဘူး။ သူတို့ကို ငပေါကြီးတွေလို့ လူငယ်တွေက သတ်မှတ်ကြတယ်။ စောစောပြောတဲ့ လူကြီးသူမမျိုးကတော့ သာပေါင်းညာစားလို မဟုတ်ဘူး။ သူတို့က လူငယ်တွေ အရေးကြီးကြောင်းကို အခါမလပ်ပြောမယ်။ အားကိုးနေရသလို မြှောက်မယ်။လူငယ်တွေ ကောင်းစားရင် သူတို့ကြောင့်ဆိုတာမျိုး ဟန်တစ်လုံး ပန်တစ်လုံးနဲ့နေပြမယ်။ အဲ ... လူငယ်တွေ ကွဲပြိုပြိုပြီဆိုရင်တော့ တစ်ချိုးတည်း လစ်တော့တာပါပဲ။ (ကြုံဖူးခဲ့ပါရဲ့။ ငယ်ငယ်တုန်းက။) သူတို့ခေတ်ပြိုင်လူကြီးချင်းကျတော့ မှိုချိုးမျှစ်ချိုး လုပ်ကြတယ်။

ဥပမာ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကွန်မြူနစ်ပါပဲ။ တိုးတက်တယ်။ တက်ကြွတယ်ပေါ့။ အဲဒီမှာ ဆရာကြီးတစ်ချို့နဲ့တွေ့ရပါတယ်။ ကျွန်တော်တို့ကို ရှေ့တန်းတင်တယ်။ အောင်ပွဲခံရင် သူတို့ပါလာကြပါပြီ။ အဲ ...ဖမ်းပြီ။ ဆီးပြီဟေ့ဆိုရင် ပြေးတော့တာပဲ။ လူငယ်တွေက မသိမဟုတ်။ ဒါမျိုးကို သိပါတယ်။ သို့ပေမဲ့ လူကြီးသူမ ဆရာသမားဆိုတဲ့ဂုဏ်ကြောင့် သည်းခံရခဲ့တာတွေ ရှိပါတယ်။

ဒါတွေကို ခုနေခါ ဒေါသသံလေးစွက်ပြီး ဖော်ထုတ်နေရတာက ကိုယ်ကိုယ်တိုင် မသိမသာဆရာကြီးလုပ်ချင်လို့ မဟုတ်ပါဘူး။ ခံစားချက်ကို အရင်းအတိုင်း ဖွင့်ပြတာပါ။

နော့ဖြင့် သုမောင်က လူငယ်တွေကို ဘယ်လိုပေါင်းသတဲ့လဲ။ သိပ်တော့ ထူးထူးခြားခြား မရှိပါဘူး။ အလိုက်အလျားသင့်ပါပဲ။ ဆုံးမရလွယ်ရင် ဝင်ဆုံးမလိုက်တယ်။ မလွယ်ဘူးထင်ရင် မပြောဘူး။ ပေါင်းလို့သင်းလို့ကောင်းရင် ပေါင်းလိုက်တာပဲ။ ဒါပေမဲ့ သုမောင်မှာ ဝက်ဖဲတစ်ချပ်ရှိတယ်။ အဲဒါကတော့ တစ်နေ့မှာ 'လူငယ်'ဆိုပြီး ဖြစ်လာကြမယ့် 'ကလေး'တွေနဲ့ ပေါင်းတာပါပဲ။ ဒါဟာ အရိုးစင်းဆုံး ပေါင်းသင်းဆက်ဆံရေးပါပဲ။ ကလေးဆိုတာ အရောင်မရှိဘူး။ သူတို့နဲ့ပေါင်းရင် ကိုယ့်မှာရှိနေတဲ့ အရောင်အဆင်းတွေတောင် လျော့ပါးသွားနိုင်တယ်။

ဒါပေမဲ့ ကလေးတွေကလည်း အလည်တွေပါပဲ။ တစ်လောက မော်တော်ကားမောင်းသွားရင်း လမ်းမှာ မီးပွိုင့်မိလို့ ရပ်ရတယ်။ အဲဒီမှာ နံဘေးရပ်နေတဲ့ ကားပေါ်က နှစ်နှစ်သားလောက်ရှိမဲ့ ကလေးက–

'အေအေကြီး' ဆိုပြီး မပီကလာနှုတ်ဆက်တယ်။ သြော် ...ဖေဖေကြီးဆိုတာကိုး။ ဟုတ်ပါ့။ အဲသည်အချိန်တုန်းက 'ဖေဖေကြီးကိုချစ်တယ်' သီချင်းမှာ 'သုမောင်'က သရုပ်ဆောင်ခဲ့တာကိုး။ ဒါကြောင့် သူတို့က မှတ်မိနေကြတာပေါ့။

ဒါနဲ့ ကျွန်တော်က ပါးစပ်ကိုလက်မှာကပ်ပြီး Fly Kiss လုပ်ပြလိုက်ပါတယ်။ အောင်မယ် ဘာပြန်လုပ်ပြတယ်ထင်သလဲ။ အဲဒီနှစ်နှစ်သားလေးက လက်

mgyoe.com

mgyoe.com


ကလေးနှစ်ဖက်ပူးယှက်ပြီး–

'ဦးတော် ... ဦးတော်' တဲ့ဗျ။

ဒါပါပဲ။ အဘိုးကြီးက Fly Kiss အနမ်းပျံလုပ်တတ်ရမယ်။ ကလေးငယ်က 'ဦးတော်'လုပ်တတ်ရမယ်။ ဒါဆို Generation Gap ဆိုတာကြီး မရှိတော့ဘူး။

၂၀၀၇–ခုနှစ်၊ မေလ၊ ပိတောက်မြေမဂ္ဂဇင်း

❐

mgyoe.com

mgyoe.com

# တစ်ပတ်လည်အတွေး

ငယ်ငယ်က စိန်ပေါကျောင်းမှာ နေခဲ့တော့ အနောက်တိုင်းအယူအဆတွေ အတော်လွှမ်းမိုးခံရပါတယ်။ ဒါကို အပြစ်တော့ မတင်မိပါဘူး။ မစ်ရှင်ကျောင်း ဆိုကတည်းက အနောက်တိုင်းပုံစံတွေ၊ အရိပ်တွေ ထိုးမှာပါပဲ။ ခရစ်ယာန် နာမည် တွေတပ်ပြီး ကျောင်းအပ်ကြတဲ့ကာလမှာ ဝဏ္ဏ၊ ဗလ၊ ရူပ၊ ဉာဏ်ပေါ်ဆိုပြီး မြန်မာ ဆန်တဲ့ နာမည်တွေနဲ့ ကျောင်းအပ်ပေးခဲ့တဲ့ ဖခင်ကြီးကိုလည်း ကျေးဇူးတင်ရပါ တယ်။ ရယ်စရာပြောရရင် သူရှိထုံးစံအတိုင်းသာ နာမည်စာရင်းသွင်းခဲ့ရင် ခုနှယ် ခါ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေဟာ 'အယ်လ်ဘတ်သာခု'၊ 'ရစ်ချတ်သာခု'၊ 'ဆီဇယ်သာခု'၊ 'ပီတာသာခု'ဆိုပြီး ဖြစ်ကုန်ကြမှာပါ။ တော်တော်ခွကျမှာ သေ ချာပါတယ်။ ခရစ်ယာန်ဘုရားရှိခိုးတွေ၊ သီချင်းလုပ်ပြီး သီဆိုခဲ့ရပေမဲ့ (ဒီနေ့ထိ အလွတ်လည်း ရနေသေးပေမဲ့) သူ့ရှိ့ဘာသာထဲ စိတ်မရောက်ဘဲ ဗုဒ္ဓဘာသာကို သာ ဆည်းကပ်ရာလို့ ခံယူမိခဲ့တာလည်း မိခင်ကြီးရဲ့ကျေးဇူးပါ။ တစ်ခုကောင်း တာက သူရှိဘာသာတရားကိုလည်း ထိတွေ့လေ့လာခွင့်ရခဲ့တာပါပဲ။ ဘာပဲဖြစ်ဖြစ် ပေါ့လေ ... ရောမရောက်တော့ သံခမောက် အဆောင်းခံရမှာပဲပေါ့။

ခြောက်တန်းရောက်တုန်းကထင်ပါရဲ့ 'Brother Charles' ဆိုတဲ့ မူလ တန်းပြ ခရစ်ယာန်ဘုန်းကြီး (ဆရာလည်းဆရာ)ရှိပါတယ်။ ဆရာက ကျွန်တော် တို့ကို အားရင်အားသလို အနောက်တိုင်းအတွေးအခေါ်အငယ်စားတွေ ပြောပါ တယ်။ အငယ်စားဆိုတာက ကလေးတွေ နားလည်လွယ်တဲ့ အကြောင်းတရား တွေမို့လို့ပါ။

တစ်ခါသား ကျောင်းဘောလုံးကွင်းထဲမှာ သူပြောပြတာလေးမှတ်မိနေပါ တယ်။ သူက အင်္ဂလိပ်လိုပဲ နားလည်အလွယ်ဆုံးပြောပါတယ်။

'သား လူ့အောက်တန်းစားတွေကို အမိန့်နဲ့ အုပ်ချုပ်ရတယ်။ လူလတ် တန်းစားတွေကို တံစိုးလက်ဆောင်နဲ့ အုပ်ချုပ်ရတယ်။ လူ့အထက်တန်းစားတွေကို

mgyoe.com

mgyoe.com



တော့ အကြံဉာဏ်ကောင်းတဲ့နည်းနဲ့ အုပ်ချုပ်ရတယ်တဲ့။ အဲဒါဟာ အမေရိကန် သမ္မတကြီး ရုဇဘဲ့လ်ရဲ့ အဆိုအမိန့်ပဲ'တဲ့။ ဒီနေရာမှာ အုပ်ချုပ်တယ်ပြောချင်တာလား၊ စည်းရုံးတယ်ပြောချင်တာလားဆိုတာကို ကျွန်တော်မေ့သွားပါပြီ။ ပြောချင်တဲ့သဘောကိုတော့ နားလည်ခဲ့ပါတယ်။

ပညာမဲ့တဲ့သူတွေကို အမိန့်အာဏာနဲ့ အုပ်ချုပ်(စည်းရုံး)။ ပညာမတတ်တတတ်တွေကို ငွေကြေးဥစ္စာနဲ့ အုပ်ချုပ် (စည်းရုံး)။ ပညာတတ်တွေကို သူရို့ဆီက အကြံဉာဏ်ကောင်းတဲ့နည်းနဲ့ အုပ်ချုပ် (စည်းရုံး) ဒီလိုဆိုလိုတာပါပဲ။ ကျွန်တော်ကလည်း ငယ်သာငယ်တာ ဘာပြောချင်တယ်ဆိုတာကိုတော့ သိနေသလိုပါပဲ။ ကျွန်တော့်ပတ်ဝန်းကျင်ပေါ်မှာလည်း တည်ပါလိမ့်မယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာ အလုပ်သမားတွေကို စည်းကမ်းနဲ့ အမိန့်နဲ့ အုပ်ချုပ်နေသူတွေ တွေ့နေရပါတယ်။ အရာရှိ အရာခံတွေကို လာဘ်ထိုးပြီး ကိုယ်လိုချင်တာ တောင်းနေတာလည်း တွေ့နေရပါတယ်။ အထက်လူကြီးတွေဆို သူရို့ကို ဆရာတင်ရင် အလွန်သဘောကျတာကလား။

ဒီလိုနဲ့ အရွယ်ကလေးရလာတော့ အဲဒီခေတ် ထုံးစံအတိုင်း လက်ဝဲယိမ်းခဲ့ပါရော။ ကွန်မြူနစ်စာပေတွေဖတ်၊ ကွန်မြူနစ်ဆရာကြီးတွေဆီ တပည့်ခံပေါ့လေ။ ဒီအခါမှာ အောက်ခြေလူတန်းစားကိုပိုပြီး အရေးထားရမယ်ဆိုတဲ့ သိဝရီက ကျွန်တော့်ဦးနှောက်ထဲ စွဲလာပါတယ်။ ကိုယ်နဲ့တန်းတူရည်တူတွေကို 'ရဲဘော်'စိတ်ထားလာပါတယ်။ အထက်ဆရာကြီးတွေကို ကလန်ကဆန်လုပ်ပါလေရော။ ဒါပေမဲ့ ဘာမျှမကြာလိုက်ပါဘူး။ ဖြုတ်ထုတ်သတ်ဝါဒကို တွေ့လာတော့ 'အင်း...သင်းတို့လည်း မထူးပါဘူး။ ငယ်သားတွေကို ညှဉ်းဆဲ၊ အချင်းချင်း အပေးအယူလုပ် (လာဘ်ထိုး)အထက်လူကြီးကို မြှောက်ပေး'ဆိုတာ သဘောပေါက်လာပါတယ်။

အဲဒီကနေထပ်ပြီး အရွယ်ရောက်လာတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို လိုက်စားခဲ့ရာက 'ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား'ဆိုတဲ့ နီတိမျိုး ခေါင်းထဲဝင်လာခဲ့ပြန်ပါတယ်။ အဲဒီအတိုင်းလည်း လိုက်နာကျင့်သုံးခဲ့ပါတယ်။ မဆိုးလှပါဘူး။ တော်တော်ထိရောက်တဲ့ စည်းရုံးရေးပါပဲ။ နော့ပေတဲ့တ စိုက်မတ်မတ်ကြီး ကျင့်သုံးလို့မရနိုင်တာကို တွေ့လာရပြန်ပါတယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ တချို့'ကြီးသူ'တွေက ရိုသေမှန်းသိတော့ နေရာတကာကုတ်ပိုး ခွစီးချင်လာပါတယ်။ ရွယ်တူချင်း(အဆင့်တူချင်း) လက်ပွန်းတတီးဆက်ဆံတော့ မလေးမစားလုပ်လာပါတယ်။ 'ငယ်သူကိုသနား' မိရာက 'မျက်နှာ

mgyoe.com

mgyoe.com


သာပေး ရွှေရေးပန်းကန်တကဲ' ဖြစ်လာတာတွေ မကြာခဏ ကြုံရပါလေရော။ တစ်ခါတလေတော့ 'ခွေးကလေး အရောဝင် ဖင်တက်ခေါင်းတက်'ဆိုတာလို ကြုံရပြန်ပါတယ်။

လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတာကလည်း ရှိပါတယ်။ ကြာကြာ ပေါင်းကြည့်မှ သိရတာမို့ အစပိုင်း အကျင့်လုပ်ကြည့်တာတွေဟာ ကြာကြာပေါင်း မိတော့ ပြန်ပြင်မရတော့ပါဘူး။ ဆိုလိုတာက ပညာတတ်ရယ်၊ ဝါကြီးတာရယ်၊ အသက်ကြီးတာရယ်ဆိုပြီး ပုဂ္ဂလဓိဋ္ဌာန်ယူလို့ မရပါဘူး။ ယေဘုယျပြောရရင်တော့ လူတွေဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ 'ဘဝင်နိမ့်'နေတာ၊ 'ဘဝင်မြင့်နေတာ' မဆန်းလှပါဘူး။

အသက်အရွယ်ရလာလို့လားတော့ မသိပါဘူး။ ခုနောက်ပိုင်း ဘုရား တရားတော်တွေကို ဖတ်မှတ်လေ့လာရင်းက အခြေခံဖြစ်တဲ့ ဗြဟ္မစိုရ်တရားကို ကြိုး စားကျင့်သုံးနေရပါတယ်။ 'ကြိုးစား'ဆိုတာ ထည့်ပြောရတာက ဗြဟ္မစိုရ်တရား ၄ ပါးဟာ အပြောလွယ်သလောက် ခက်ခဲနက်နဲလို့ပါပဲ။

လူတစ်ယောက်ကိုချစ်ဖို့ လွယ်ပါတယ်။ မေတ္တာထားဖို့ ခက်လှပါတယ်။

လူတစ်ယောက်ကို သနားဖို့လွယ်သလောက် ကရုဏာထားဖို့ အလွန် ခက်ပါတယ်။

လူတစ်ယောက်အတွက် ဝမ်းသာပေးဖို့ လွယ်ပေမဲ့ နှစ်နှစ်ကာကာ ကြည် နူးပီတိဖြစ်ပေးဖို့ (မနာလို မရှုစိတ် မဖြစ်ဖို့) အခက်သားကလား။

အဲ ...လူတစ်ယောက်ကို ပေယျာလကန်ပြုဖို့ သိပ်လွယ်ပါတယ်။

ဒါပေမဲ့ ခွင့်လွှတ်တတ်ဖို့ တော်တော်ကြီးခက်တာတွေ့ရမှာပါ။

ဘာပဲဖြစ်ဖြစ် ဘုရားကို ယုံကြည်ရင် တရားကို ကျင့်ကြံရမှာပါပဲ။ဒါ ကြောင့် ခုနောက်ပိုင်း တတ်နိုင်သမျှ သတိကလေးထားပြီး လူလူသူသူတွေနဲ့ ဆက် ဆံနေရပါတယ်။

ဒါတောင် တစ်ခါတစ်ခါ 'မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ မြင့်မြတ်တဲ့ ရဟန်းတွေကို သိက္ခာပုဒ်(၂၂၇)သွယ် အကျယ်ကုဋ္ဌေကိုးထောင်နဲ့ အုပ် ချုပ်ခဲ့တာပဲ' အနုတ္တရောပုရိသ ဓမ္မသာရထိ ဂုဏ်တော်နဲ့အညီ သူ့အဆင့်အတန်း အလိုက် ဆုံးမချေချွတ်တော်မူတာပဲလို့ တွေးတွေးနေမိတာ မနည်းကြီးဖျောက်ယူရ ပါတယ်။ မဆိုင်တာ အတွေးနယ်ချဲ့ပြီး ငရဲကြီးမှာ စိုးလို့ပါ။

စေ့စေ့ပေါက်ပေါက် တွေးမိတဲ့အခါမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီးဟာ 'စူဠပန်'ကိုယ်တော်လေးကို အဝတ်စတစ်စပေးပြီး ဆုပ်ချေ၊ နယ်ချေလုပ်

mgyoe.com

mgyoe.com


ခိုင်းရာက အဝတ်စလေး တဖြည်းဖြည်းကြေမွညစ်ထေးသွားတာကို 'ရဇောဟရန်' ဆိုတဲ့ ဂါထာလေးနဲ့ တရားပြလို့ ချက်ချင်းရဟန္တာဖြစ်စေခဲ့ပါတယ်။ ဖြစ်တာမှ ရိုးရိုးမဟုတ်ပါဘူး တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ ရဟန္တာအဖြစ်ကိုတောင် ရယူပေးခဲ့တာပါ။ တချို့ရဟန်းတွေကိုတော့ လပိုင်းနှစ်ပိုင်းနဲ့ချီပြီး ချေချွတ်ရပါတယ်။ ညီတော် 'အာနန္ဒာ' ကိုယ်တော်မှာတော့ အနီးကပ်သွန်သင်ခဲ့ပေမဲ့ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော့မှပဲ ရဟန္တာဖြစ်တော်မူရပါတယ်။ ယောက်ဖတော် ဒေဝဒတ်ကတော့ ချွတ်လို့မကျွတ်တဲ့အပြင် အဝီစိငရဲတောင် ကျရရှာပါရောလား။ ရဟန်းတော်တွေသာမကပါဘူး လူသားအမျိုးမျိုးထဲမှာတောင် ဘုရားရှင်ချွတ်လို့ ချက်ချင်းလက်ငင်း ကျွတ်ပြီး လူရဟန္တာဖြစ်သွားသူတွေ ဒုနဲ့ဒေးပါ။ 'ပဋာစာရီ'အရှုံးမကြီးဟာ 'ထေရီ' ဖြစ်သွားခဲ့ပေမဲ့ ဝိသာခါကျောင်းအစ်မကြီး (မြတ်စွာဘုရားကို အကြည်ညိုဆုံး အလှူရှင်ကြီး) ရဟန္တာဖြစ် မသွားခဲ့ရပါဘူး။

ဒီလိုပါပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ပုဂ္ဂိုလ်အမျိုးမျိုး အဆင့်အမျိုးမျိုးကို သူ့နေရာ၊ သူ့ဒေသ၊ သူ့အခြေအနေနဲ့ တရားပြခဲ့တာတွေ မိရိုးဖလာ၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကျွန်တော်လေ့လာမိပေမဲ့ အမေရိကန်သမ္မတကြီး ရစဘဲ့(လ်)နဲ့တော့ နှိုင်းစာဖို့ လားလားမျှ မထိုက်ကြောင်းကိုလည်း တစ်ဖက်က သိနေပါတယ်ဗျာ။

၂၀၀၇–ခုနှစ်၊ ဇွန်လ၊ ကလျာမဂ္ဂဇင်း။

□

mgyoe.com

mgyoe.com

## မရှိခိုးနိုး

ကျွန်တော့်ဖခင်သည် ဧည့်သည်ကို သိပ်ခံတွင်းမတွေ့လှဘူး။ အဖေက အချိန်ပြည့် အလုပ်လုပ်နေသူဆိုတော့ ဧည့်သည် ဧည့်ခံရတာကို သည်းညည်းမခံနိုင်ဘူး။ ဒါကြောင့် ဧည့်ခန်းမှာ စာကပ်ထားတယ်။

'ကိစ္စလိုရင်းပြောပြီးပြန်ပါ'တဲ့။ ဟုတ်ပါတယ်။ တချို့ဧည့်သည်တွေဟာ အိမ်လည် အလွန်ဝါသနာပါကြတယ်။ အရည်မရ အဖတ်မရ စကားတွေပြော တယ်။ အိမ်ရှင်ဧည့်ခံတဲ့ စားဖွယ်တွေကို စားတယ်။ ပြန်ချင်တဲ့အချိန်မှ ထပြန် တယ်။ ဒါမျိုးကို အဖေလက်မခံပါဘူး။ အထူးသဖြင့် ညအိပ်ဧည့်သည်ကို အဖေ လုံးဝ လက်မခံဘူး။ ခြံဝင်းတံခါးမှာကို စာကပ်ထားတာ။

'ညအိပ်ဧည့်သည် လက်မခံ'တဲ့။

အဖေက အားမနာတတ်ဘူး။ ဧည့်သည်လုပ်သူက စကားတွေပြောလာ ရင်လည်း 'ဒါက လာရင်းကိစ္စလား ခုပြောပြီးပြီမဟုတ်လား ပြန်ပါတော့'လို့ ပြော လွှတ်တတ်တယ်။

သူကိုယ်တိုင်လည်း ဘယ်သူ့အိမ်မှ ဧည့်သည်သွားမလုပ်ဘူး။ ကိစ္စ အကြောင်းထူးရှိရင် ဖုန်းဆက်ပြောတယ်။ မတတ်သာလို့ လူချင်းတွေ့ရမယ့်ကိစ္စ ဆိုရင်လည်း ခုသွား ခုပြန်ပဲ။ တစ်နယ်တစ်ကျေး သွားစရာကိစ္စပေါ်ရင် တည်းခို ခန်း တည်းတယ်။ မတတ်သာရင် ဘုန်းကြီးကျောင်းတည်းတယ်။ ဘယ်မိတ် ဆွေ၊ ဘယ်ဆွေမျိုးအိမ်မှ မတည်းဘူး။

'သားစဉ်းစားကြည့်ကွာ လင်ရယ် မယားရယ်ရှိလို့ ရန်ဖြစ်စရာပေါ်လာ ရင်တောင် ဧည့်သည်မျက်နှာထားပြီး ရန်မဖြစ်ရတဲ့ဒုက္ခ ဘယ်လောက်ကြီးသလဲ။ စားဖို့ သောက်ဖို့ ပြင်ဆင်ပေးရသေးတယ်။ ဧည့်သည်ဆိုတော့ ဆီပြန်လေးကျွေး မှ သင့်မယ်။ သူရှိခမျာများ ငါးပိရည်နဲ့ ဖြစ်သလိုစားနေရတဲ့အချိန် ဖြစ်ချင်ဖြစ် နေမယ်။ ကိုယ်က အလိုက်သိတတ်ရမယ်ကွ'

mgyoe.com

mgyoe.com


ဟော ...ဒါပေမဲ့ သူ့သူငယ်ချင်းတွေကျတော့ အိမ်လာမလည်တောင် သူက သွားခေါ်တယ်။ ထူးထူးဆန်းဆန်း နှစ်ယောက်တွေ့ဖူးတာပါ။ ‘ဆရာသော်တာဆွေ’နဲ့ ‘ဆရာသခင်တင်ဦး’ပါပဲ။ အဲဒီနှစ်ယောက်ကိုတော့ တစ်လတစ်ခါလောက် မော်တော်ကားလွှတ်ပြီး အကြိုအပို့လုပ် ဧည့်ခံတယ်။ ဘယ်လောက်သံယောဇဉ်ကြီးသလဲ မသိဘူး။ တစ်ခုတော့ရှိတယ်။ ဆရာသော်တာဆွေက စာရေးဖော်ရေးဖက်၊ ဆရာသခင်တင်ဦးက နိုင်ငံရေးလုပ်ဖက်။

* * *

တစ်ခါသားတော့ အဖေက မော်တော်ကားနဲ့ သဘော်ဆိပ်ဆင်းပြီး လူတစ်ယောက်ကို ကြိုလာပါတယ်။ အိမ်မှာလည်း ဧည့်သည်အိပ်ဖို့ နေရာထိုင်ခင်းတွေ အသင့်ပြင်ခိုင်းထားပါတယ်။ ကျွန်တော်တို့မှာတော့ တအံ့တသြပေါ့။ ဒါနဲ့ အဖေပြန်လာတော့ ရုပ်ရည်သန့်ပြန့်ပေမဲ့ အဝတ်အစား အနေအထိုင် တောကျတဲ့ လူကြီးတစ်ယောက် ပါလာပါတယ်။ အဖေက အဲဒီလူကြီးကို တကူးတကန့် ဧည့်ခံပါတယ်။ လုပ်စရာအလုပ်လုပ်လိုက် ဧည့်ခံလိုက်ပါပဲ။ ဘုရားဖူးလေး ဘာလေးသွားဖို့လည်း ကားတစ်စီး စီစဉ်ပေးထားလိုက်သေးတယ်။ သာမန်ဧည့်သည်တောင် လက်မခံတဲ့ အဖေက အဲဒီလူကြီးကျမှ တစ်ပတ်လောက် အိမ်ပေါ်တင်ပြီး လိုလေသေးမရှိ ဧည့်ခံနေတာ တစ်အိမ်လုံးအံ့သြကြရတာပေါ့။ အစားအသောက်ဆိုလည်း မထပ်စေရဘူး။ ညဥ့်နက်သန်းခေါင်ထိလည်း အေးအေးလူလူထိုင်ပြီး ဧည့်ခံနေတတ်ပါတယ်။

အဲဒီအချိန်ထိ ကျွန်တော်တို့ဟာ ဘယ်သူဘယ်ဝါဆိုတာ မသိကြရသေးပါဘူး။ အဖေ့ဇနီးသည်ကတော့ သိထားပုံရတယ်။ ဒါပေမဲ့ အဖေ့လောက်တော့ ခင်ပုံမရပါဘူး။

နောင်မှ သိရတာက ....

တစ်ခါမှာ အဖေဟာ ‘တာဝန်’ဆိုတဲ့ စစ်ဇာတ်လမ်းကား ပုသိမ်ဘက်မှာ သွားရိုက်ခဲ့ပါတယ်။ အဲဒီတော့ ဟိုမှာရှိတဲ့ စစ်တပ်က လိုလေသေးမရှိ ကူညီပါတယ်။ ဒါပေမဲ့ အဖေက ထုံးစံအတိုင်း ဘယ်သူ့အိမ်မှာမှ မတည်းဘဲ ဆန်ဂိုဒေါင်အလွတ်တစ်လုံးငှားပြီး တည်းပါတယ်။ ရုပ်ရှင်ကလည်း ပုသိမ်မြို့ပေါ်ရိုက်တာမဟုတ်ပါဘူး။ ချောင်းကြိုချောင်းကြား လျှောက်ရိုက်တာပါ။ ဒီမှာတွင် သဘော်ပေါ် အိပ်၊ သဘော်ပေါ်စားရတဲ့အခါလည်း ရှိတာပေါ့လေ။

အဲဒီအချိန်က အစ်ကိုမောင်ဝဏ္ဏ (ယခု အကယ်ဒမီမောင်ဝဏ္ဏ)က ငယ်ငယ်လေးပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အဖေက ကျောင်းအားရက်တွေမှာ ရုပ်ရှင်

mgyoe.com

mgyoe.com

ပညာ လိုက်သင်စေတယ်။ ဒီတော့ အဲဒီပုသိမ်ဘက် ကားရိုက်အသွားမှာလည်း အစ်ကိုမောင်ဝဏ္ဏ ပါသွားတာပေါ့။

တစ်ခါသားတော့ သင်္ဘောက ကမ်းကပ်ထားတုန်း မောင်ဝဏ္ဏဟာ သင်္ဘောပေါ်ကနေ ချောင်းထဲ ဒိုင်ဗင်ထိုးချပြီး ရေကူးပါလေရော။ အဲဒီအချိန်က ရေစီးအလွန်သန်နေတဲ့အချိန်ပါ။ ဒီမှာတွင် မောင်ဝဏ္ဏရေစီးနဲ့မျောပြီး ရေနစ်ပါလေရော၊ သင်္ဘောနဲ့ တော်တော်ကွာဝေးတဲ့ နေရာရောက်ပြီး မြုပ်ချည်ပေါ်ချည်ဖြစ်နေပါလေရော။ အဲဒီအချိန်မှာပဲ သင်္ဘောစာရေးဟာ ရေထဲဒိုင်ဗင်ထိုးချပြီး မောင်ဝဏ္ဏကို ကယ်ပါတော့တယ်။ အတော်ကြီးကြိုးစားယူရတာပါ။ နောက်ဆုံး မောင်ဝဏ္ဏရဲ့ ဆံပင်ကို တစ်ဖက်ဆွဲ၊ လည်ပင်းကို တစ်ဖက်ကသိုင်းပြီး မောင်ဝဏ္ဏကို ကယ်ဆယ်နိုင်ခဲ့ပါတော့တယ်။ အဖေတို့လည်း ကျေးဇူးတင်မဆုံးတော့ဘူးပေါ့။

အဲ ...စောစောကပြောတဲ့ အဖေတယုတယ ညဥ့်အိပ်ညဥ့်နေ စည်ခံလိုက်တဲ့သူဟာ သူပါပဲ။ နာမည်က ကိုမင်းမောင်တဲ့။ ဒီလိုနဲ့ ကိုမင်းမောင်တစ်ယောက် အိမ်မှာ တစ်ပတ်လောက်နေပြီး သူ့မြို့ပြန်ပါတယ်။ အဖေကိုယ်တိုင်ပဲ ကားနဲ့လိုက်ပို့တာပါ။

ဒီမှာတွင် ပြဿနာစတော့တာပါပဲ။ သူပြန်သွားတော့မှ အဖေ့ဇနီးဟာ သူ့အလှကြည့်မှန်တင်ခုံပေါ် ကြည့်လိုက်တော့ ပတ္တမြားတစ်ဆင်စာနဲ့ မောင်နှံခုနစ်ဖော် လက်ကောက်တွေ မရှိတော့ဘူး။ အဖေတို့အိပ်ခန်းဆိုတာကလည်း နံရံလေးကာထားရုံရှိတာ။ ဘယ်သူမဆို ဝင်လို့ထွက်လို့ လွယ်တာကိုး။ ဒီမှာတွင် အဖေ့ဇနီးသည်ဟာ အကြီးအကျယ်ဒေါသဖြစ်တော့တယ်။ ချက်ချင်းဆိုသလိုပဲ ကိုမင်းမောင်ကို စွပ်စွဲပြီး နောက်ကားတစ်စီးနဲ့ သင်္ဘောဆိပ်ကို လိုက်ပေမဲ့ မမီတော့ပါဘူး။ သင်္ဘောက ထွက်သွားပါပြီ။

အဖေ့ဇနီးဟာ အဖေ့ကို တဗျစ်တောက်တောက် လုပ်တော့တာပါပဲ။

'အိမ်မှာလည်း ခုနစ်ရက်လောက် စားသောက်သွားသေးတယ်။ အိမ်ရှင့်ပစ္စည်းလည်း ခိုးသေးတယ်'ပေါ့။

အဖေကတော့ မရှိခိုးနိုး မစွပ်စွဲကောင်းပါဘူး။ အထားမှားလို့နေမှာပါဆိုပြီး ဖြေသိမ့်ပါတယ်။ ဒါပေမဲ့ ပစ္စည်းက အစ,အနတောင် ရှာမတွေ့တော့ဘူး။ အဖေတို့အိပ်ခန်းဆိုတာကလည်း ကျွန်တော်တို့သားသမီးတွေကလွဲရင် ဘယ်သူမျှ ဝင်ခွင့်မရှိတာကိုး။ တစ်ခါတစ်ရံ ကျွန်တော်တို့လည်း ကျောင်းသွား၊ အဖေနဲ့ သူ့ဇနီးလည်း အလုပ်သွားတဲ့အချိန်တွေဆို အိမ်မှာ ကိုမင်းမောင်တစ်ယောက်တည်း ကျန်ရစ်ခဲ့တာကလည်း ထင်စရာဖြစ်နေပါတယ်။ ရဲတိုင်ရမှာလည်း အခက်

mgyoe.com

mgyoe.com


တွေ့နေပါတယ်။ အဖေက ရဲမှုတွေဘာတွေ စိတ်မဝင်စားဘူး။ ကိုယ်ဖြစ်ကိုယ်ခံ သဘောထားတယ်။

အဲဒီတော့ ဖေဖေ့ဇနီးသည်ဟာ နတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာစသဖြင့် နာမည်ကြီးတွေဆီ တစ်အိမ်တက်ဆင်း သွားတော့တာပါပဲ။

အံ့ဩဖို့ ကောင်းတာက ဘယ်သူ့မေးလိုက်မေးလိုက်။

'ကြာသပတေးသား အနောက်တောင်အရပ်က'လို့ချည်းပဲ အဟောထွက်နေပါတယ်။ ဒီမှာတွင် သူက ကိုမင်းမောင်ကိုပိုပြီး စွပ်စွဲတော့တာပေါ့။ 'ပဖဗဘမ' ကြာသပတေးနံ ဟိုလူ့နာမည်က 'ကိုမင်းမောင်' ကြာသပတေးမှ နှစ်ထပ်ကွမ်း။ အလုပ်ကလည်း အနောက်တောင်ဆိုတော့ ပုသိမ်ဘက်ပေါ့။ သေချာနေပါပြီကော။ ဒီမှာတွင် ဖေဖေ့ဇနီးဟာ ပုသိမ်ဘက်လိုက်မယ်၊ ရဲတိုင်မယ်၊ တရားစွဲမယ်ဖြစ်ပါလေရော။ အဖေကတော့ ...

'မင်းသဘောပဲ ငါတော့ မလိုက်နိုင်ဘူး မျက်နှာပူတယ်'တဲ့။

ဒီလိုနဲ့ အဖေ့ဇနီးဟာ ပုသိမ်လိုက်ဖို့ စီစဉ်ပါတော့တယ်။ သဘော်လက်မှတ်ဝယ်တာကအစ အကုန်လုံး စီစဉ်ပြီးတော့ သဘော်ဆိပ် အဖေ့ကို လိုက်ပို့ခိုင်းပါတယ်။ အဖေလည်း ကားပေါ်တက် စက်နှိုးပြီး မောင်းထွက်ပါတယ်။ အဲ ... ကန်တော်ကြီးစောင်းရောက်မှ ကားကို ခဏရပ်ပြီး ...'အမာ ..ငါ့နာမည် ဘယ်သူတုန်း'လို့ မဆီမဆိုင် မေးပါလေရော–

'ဟာ ... စိတ်ညစ်ရတဲ့အထဲ မဆိုင်တာတွေ လာမေးနေပြန်ပြီ'

'မဟုတ်ပါဘူး အကြောင်းရှိလို့ပါ'

'ဦးသာစုပေါ့'

'မဟုတ်သေးဘူး၊ ငါ့ရဲ့ နာမည်ရင်းပြောတာ'

'ဦးဖေသန်း'

'အဲ ... အဲဒီတော့ ကြာသပတေးသား ဖြစ်မနေဘူးလား'

'ဒါနဲ့ကော ဘာဆိုင်လို့လဲ'

'ကိုင်း ... ငါနေ့တိုင်း ဘယ်ကိုထွက်သလဲ'

'မြို့ထဲကို'

'အေး ...အဲဒီမြို့ထဲဆိုတာ ငါတို့ခြံရဲ့ ဘယ်ထောင့်ကျသလဲ'

'အနောက်တောင်ထောင့်'

'ဟင် ...ဒါဖြင့်'

'အေး ...မင်းဗေဒင်ယတြာယုံလို့ ငါဘာမျှမပြောဘဲ နေခဲ့တာ'

mgyoe.com

mgyoe.com


ဆိုပြီး လွယ်အိတ်ထဲ အသင့်ထည့်ထားတဲ့ လက်ကိုင်ပဝါထုပ်ကို ထုတ်ပေးလိုက်ပါတယ်။ ဖွင့်ကြည့်လိုက်တော့ သူ့ဇနီးပျောက်ဆုံးသွားတဲ့ ရတနာတွေ။ ဒီမှာတွင် အဖေ့ဇနီးဟာ အဖေ့လက်မောင်းကိုလည်းထု။

'ဆရာမကောင်းဘူး၊ အမှာကို ငရဲပေးတယ်။ ခုဆို ငရဲလည်းကြီးပြီ၊ ကိုမင်းမောင်အပေါ် ပြစ်မှားမိတာတွေအတွက်လည်း အရှက်ရပြီ'ဆိုပြီး ဟီးချငိုတော့တာပါပဲ။ ဒီတော့မှ အဖေက ...

'အဲဒါမှတ်ထား အဖိုးတန်ပစ္စည်းတွေကို ပစ်စလက်ခတ်ဘယ်တော့မှ မထားနဲ့ ...လူဆိုတာ လွယ်ရင် သူကြွယ်လက်မနေးဘူး။ ပြီးတော့ ကိုယ့်သားအသက်ကယ်ထားတဲ့လူကို ပုံပန်းကြည့်ပြီး အရမ်းမဆုံးဖြတ်နဲ့။ နောက်ဆို မှတ်တော့ တကယ်ဆို မင်းအဲသလို ပစ်စလတ်ခတ်ထားလို့ ငါဝှက်ထားတာ။

၂၀၀၇–ခုနှစ်၊ ဇူလိုင်လ၊ ကလျာမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

# အသက်ကလေးရယ်တဲ့ ရှည်စေ့ငို

ကျွန်တော်ငယ်ငယ်တုန်းက အမေနဲ့ ခင်မင်ရင်းနှီးတဲ့ဗေဒင် လက္ခဏာ ဆရာကြီးတစ်ဦးရှိတယ်။ ဦးလှဖေတဲ့။ သူက ကျွန်တော်တို့ မွေးဇာတာတွေကို ဖွဲ့ပေးတယ်။ ကျွန်တော် အရွယ်ကလေးရလာတော့ တစ်သက်တာဟောစာတမ်း ရေးပေးတယ်။ ငယ်ငယ်ကတော့ ကွန်မြူနစ်မို့ သိပ်စိတ်မဝင်စားခဲ့ဘူး။ ဒါပေမဲ့ လူဆိုတာက ကိုယ့်အကြောင်း ကိုယ်သိအောင် ကြိုးစားနေတာမို့ နည်းနည်းတော့ စိတ်ဝင်စားတာ ဝန်ခံရမှာပါပဲ။ အထူးသဖြင့် ကိုယ့်ကောင်းကွက်ကလေးတွေပေါ့။ မှတ်မိနေတာက အဲဒီ ကြိုတင်ဟောစာတမ်းမှာ–

'ပရိယတ္တိမှာ ထူးချွန်တဲ့ ဘုန်းကြီးရဟန်း ဖြစ်ချင်ဖြစ်၊ မဖြစ်ရင်သဘင် သည် ဖြစ်လိမ့်မည်'တဲ့။ ဒီဟောစာတမ်း မှန်ကန်ခဲ့ပါတယ်။ ကျွန်တော်ဟာ အနု ပညာသည်တစ်ယောက်ဖြစ်လာခဲ့တယ် မဟုတ်လား။ ခြုံပြောရင်တော့ သဘင် သည်ပေါ့လေ။ ဘုန်းကြီးရဟန်း ဖြစ်ချင်ဖြစ်ဆိုတဲ့ နေရာမှာလည်း ကျွန်တော်ငယ် ငယ်က ခြုံစောင်ကြီး ပတ်ပတ်ပြီး ဘုန်းကြီးဝတ်တမ်းကစားသတဲ့။ အမေကတော့ (ရိုးရိုးပြောရရင်)ဘုန်းကြီး လုပ်စေချင်ပါတယ်။ အရွယ်ကလေးမတောက်တခေါက် မှာတော့ အင်ဂျင်နီယာရောဂါတက်ပြန်ရော။ စက်မှုလက်မှုကျောင်းပြောင်းမယ်လုပ် တော့ (ကျွန်တော်က စာတော်ပါတယ်) အမေက ဆရာဝန်လိုင်းလိုက်ဖို့ ပြောခဲ့ပါ သေးတယ်။ 'သူများဖင် မကိုင်ချင်ဘူး' ငြင်းသတဲ့။

နောက်တစ်ခု ဦးလှဖေဟောခဲ့တာလည်း မှတ်မိနေသေးတယ်။

'အစိုးရမင်းများ၊ ရဟန်းသံဃာတော်များ၊ လူကြီးသူမများ ချစ်ခင်တဲ့သူ ဖြစ်မည်'တဲ့။ အဲဒါလည်း မှန်သင့်သလောက် မှန်တယ်ပြောရမယ်။ အထူးသဖြင့် ဒီနေ့အထိ သံဃာတော်များနဲ့ လူကြီးမိဘများ ချစ်ခင်တာကို ခံရနေပါတယ်။ ဒီ နေရာမယ် ဘုန်းကြီးရဟန်းသံဃာတွေချစ်တာကို ခဏထားပြီး သက်ကြီးမိဘလူ ကြီးသူမတွေ ချစ်တာကိုပဲ ကွက်ပြီးပြောချင်ပါတယ်။ ဘာလဲဆိုတော့ 'တုံ့ပြန်

mgyoe.com

mgyoe.com


ကျေးဇူး' ပါပဲ။

'တစ်ဦးမေတ္တာတစ်ဦးမှာ'လို့လည်း ပြောလို့ရပါတယ်။ မေတ္တာရောင်ပြန်ပေါ့လေ။ မှန်ပါ့။ ကျွန်တော်ဟာ ဘာကြောင့်မှန်းမသိ။ ငယ်ကတည်းက ဘိုးဘွားမိဘတွေကို အလွန်သံယောဇဉ်တွယ်ခဲ့ပါတယ်။ အမေ့ရဲ့အဒေါ် 'ဘွားဘွားသိန်း' ဆိုတာ ရှိတယ်။ ကျွန်တော့်ကို ငယ်စဉ်က ထိန်းကျောင်းခဲ့တာပါ။ အဲဒါအဘွားသိန်း အိမ်လာရင်လာ မလာရင် ဟိုးမြို့စွန်က သူ့အိမ်ကို အမေကလိုက်ပို့ပေးရတယ်။

အဖေက ညလူ။ ညပိုင်းအလုပ်လုပ်တာ။ အမေက နေ့လူ။ တစ်နေကုန်ကျောင်းသွားနေရတာ။ အဲဒီတော့ အဘွားသိန်းလက်ပေါ် ကြီးရတာပေါ့။ ပြီးတော့ အဖေဟာ ကျွန်တော်တို့ ငယ်ငယ်က 'ပဒေသာ'မဂ္ဂဇင်းထုတ်တော့ ဆရာသော်တာဆွေ၊ ဆရာဇန်းမော်တင်အောင်၊ ဆရာသခင်တင်ဦး၊ ဆရာအောင်လင်း၊ ဆရာတာရာတို့ဟာ ကျွန်တော့်ကို ချီဟယ်ပိုးဟယ် နေကြတာပါ။ ကျွန်တော်က မည်းမည်းဝဝဆိုတော့ 'ဝက်ကြီး'ဆိုပြီး ချစ်ကြပါတယ်။ ကျွန်တော်ကလည်း နောင်အခါ စာပေနယ်ဝင်တော့ ရွယ်တူစာပေသမားတွေထက် သက်ကြီးဂုဏ်ကြီး ဆရာကြီးတွေနဲ့ပဲ ပေါင်းပါတယ်။ ပေါင်းပါတယ်လို့ လူပါးဝတတ ပြောရတာက ဆရာကြီးတွေကလည်း ကျွန်တော့်ကို သူငယ်ချင်းပေါင်း ပေါင်းကြလို့ပါပဲ။ အရက်သောက်တတ်တဲ့ ဆရာကြီးတွေနဲ့ အတွဲများခဲ့တာလည်း တစ်ပိုင်းပါတာပေါ့လေ။

ကိုင်း....။ ပြောချင်တာက အနီးစပ်ဆုံး လူကြီးသူမတွေနဲ့ ထိတွေ့ဆက်ဆံရပုံကလေးတွေပါ။ အထူးသဖြင့် ကွယ်လွန်ခါနီး ဇရာဖိစီးချိန်တွေ အကြောင်းပါပဲ။

အဖေဟာ အိမ်ထောင်ရေးပြုပြင်ရေး စာရေးဆရာဖြစ်ပေမဲ့ အိမ်ထောင်ရေးကံမကောင်းပါဘူး။ ဇရာအရွယ်ရောက်လာတဲ့အခါ တစ်ယောက်တည်း ဝင်ဒါမိယာမှာ သွားနေပါတယ်။ မျက်စိမကောင်း၊ နားက လေးတာကြောင့် ထီးထီးကြီးနေရှာတာကို ကျွန်တော် ကရုဏာသက်ပါတယ်။ ဒါကြောင့် အဖေနဲ့လိုက်နေခဲ့ပါတယ်။ ပြုစုရတယ်ဘာတယ်တော့ အစပိုင်းမှာ သိပ်မရှိပါဘူး။ ကြီးကျယ်တဲ့ရောဂါမှ မရှိဘဲကိုး။

၇၀ ကျော်လာတော့ စဖောက်လာပါတယ်။ ပထမဆုံးဖြစ်တာက ကျောက်ကပ်ရောဂါပါ။ ဆီးမသွားနိုင်လို့ ဆီးချူပိုက်ထိုးထည့်တဲ့အခါ 'သားရယ် နာလိုက်တာ'ဆိုပြီး တဆတ်ဆတ်တုန်နေတဲ့ လက်ကလေးနဲ့ ကျွန်တော့်လက်ကို ကိုင်ပြီး မျက်ရည်ကျရှာပါတယ်။ ဖေဖေမျက်ရည်ကျတာ ဒီတစ်ခါပဲ မြင်ဖူးပါရဲ့။

mgyoe.com

mgyoe.com

ဒါနဲ့ ဆေးရုံတင်ရပါတယ်။ အဖေ့ကို ပြုစုကုသခွင့်ရတာကိုပဲ ကျွန်တော့်မှာ ကျေးဇူးတင် ဝမ်းမြောက်ရပါတယ်။ ရယ်စရာ၊ ပြောရဦးမယ်။ ခွဲဖို့ စိတ်ဖို့အတွက် သွေးလိုအပ်တော့ ညီအစ်ကိုတွေ သွေးလှူကြဖို့ စီစဉ်ပါတယ်။ ဒါကိုသိတော့ အဖေက...

'ဟေ့ ... ဝဏ္ဏနဲ့ဗလ သွေးမလှူနဲ့၊ ဒီကောင်တွေ အရက်သမားတွေ။ ငါ့ကိုယ်ထဲ အယ်လ်ကိုဟောတွေဝင်ကုန်မယ်'ဆိုပြီး အတည်လိုလို ကျီစယ်သလိုလို ပြောပါတယ်။

ဘာပဲပြောပြော ဆေးရုံမှာရော၊ အိမ်ရောက်တော့ပါ လူ့အားငွေအားနဲ့ ကျွန်တော်ပြုစုကုသခွင့် ရခဲ့ပါတယ်။ ကျွန်တော်က အရက်သမားဆိုတော့ အနီးကပ် ပြုစုခွင့်တော့ မရပါဘူး။ အဖေက အရက်နံ့မခံနိုင်ဘူးကိုး။ ဒီတော့ အနီးကပ်ပြုစုခွင့် ကို 'အေးဘုံ'ရပါတယ်။

အသက်ကြီးလာရင် ရောဂါဆိုတာ ဆက်တိုက်ဝင်တော့တာပါ။ အဖေဟာ ကျောက်ကပ်ရောဂါပျောက်တော့ မျက်စိရောဂါဖြစ်ပြန်ပါတယ်။ ဒီတစ်ချီတော့ ကံဆိုးပါရော။ ဖြစ်တာက 'ရေတိမ်'ပါ။ 'ရေတိမ်'ဆိုတာက သိသိချင်းကုရပါတယ်။ မကုရင် မျက်စိကွယ်ပါရော။ အဖေက ကံဆိုးကံကောင်း နှစ်ခုဖြစ်တာ။ ရေတိမ်ဖြစ်ရင် ကိုက်ခဲပါတယ်။ မခံရပ်နိုင်ပါဘူး။ ဒါပေမဲ့ အဖေ့ရေတိမ်က မျက်စိ ယားယံတာပါ။ လုံးဝမကိုက်ခဲပါဘူး။ ဒီတော့ သူ့ဘာသာသူ မျက်စဉ်းတွေခတ်၊ မျက်စိဆေးတွေသောက်ပါတယ်။ ခြံတစ်ဝင်းခြားမှာ ဒေါက်တာအေးထွန်း(မျက်စိအထူးကု) ရှိနေပါလျက်ကယ်နဲ့ သွားပြဖို့ပြောရာမှာ တင်းခံနေပါတယ်။ နောက်ဆုံး ဆေးရုံတက်တော့ မျက်စိတစ်ဖက် ကွယ်နေပါပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကုသပေးခွင့် ရလိုက်ပြန်ပါတယ်။ နောက်တော့ အင်း ... နောက်ဆုံးတော့ အဆုတ်ရောဂါ ဖြစ်လာပြန်ပါတယ်။ အဆုတ်ကင်ဆာတဲ့။ ဆေးလိပ်သောက်တဲ့ ဒဏ်တွေပေါ့လေ။ ဒါဟာ အဖေ့ရဲ့နောက်ဆုံးရောဂါဆိုးပါပဲ။ အိမ်မှာလည်း အိပ်ရာထဲလဲတယ်။ ဆေးရုံမှာလည်း ခုတင်ပေါ်က မထနိုင်ဘူး။ နောက်ဆုံး 'ငါ့အမေနဲ့ ငါ့အစ်မသေတဲ့နေရာမှာ သေချင်တယ်'ဆိုလို့ သက်န်းကျွန်းက ကျွန်တော့်လက်ပေါ် ကွယ်လွန်ပါတယ်။ ဖြေနိုင်တာက မသေခင် ပြုစုခွင့်ရလိုက်တာပါပဲ။ ဒီနေရာမှာလည်း ရယ်စရာလေး ပြောချင်ပါသေးတယ်။ ၁၉၇၀ ကျော်ကျော် ကျွန်တော်စာပေထုတ်ဝေရေးလုပ်တော့ အဖေ့ပုံတူပန်းပုရုပ်နဲ့ စာအုပ်မျက်နှာဖုံး လုပ်ချင်ပါတယ်။ စာအုပ်က 'သာစု လူပါးဝတယ်'။ ပန်းပုဆရာက ဆန်နီညိမ်း။ အဲဒါ ပန်းပုရုပ်ပြီးတော့ ဆန်နီက အားမရဘူး။ တစ်ခုခုလိုတယ်ဆိုပြီး နောက်ဆုံးအဖေ့ရဲ့ ဂန္ထဝင်ငယ်ထိပ်ပိုင်းကို တိကနဲဖြတ်ချလိုက်တော့တယ်။ အဲဒီအခါ

mgyoe.com

mgyoe.com


အဖေက–

'ခွေးမသားတွေ ငါမသေခင်တောင် ငါ့ငယ်ထိပ်ဖြတ်တယ်။ ငါသေရင် ဘယ်နေရာ ဖြတ်ကြမလဲ မသိဘူး'လို့ နောက်ပါတယ်။

စကားနောက်တရားပါတယ် ဆိုရမှာပဲ။ အဖေကွယ်လွန်တော့ ကျွန်တော်က အုတ်ဂူသွင်းပါတယ်။ အုတ်ဂူပုံစံကို ဆန်နီညိမ်းကပဲ ထုတ်ပါတယ်။ အုတ်ဂူအောက်ခြေက စတုဂံပုံ အပေါ်မှာ အမိုးလို ခုံးခုံးလုပ်ပြီး ဆရာသာခုရဲ့ စာပေရုပ်ရှင်နဲ့ နိုင်ငံရေးသမားဘဝကို ရည်မှန်းပြီး အမိုးခုံးကို သုံးပိုင်းပိုင်းပါတယ်။ မူလရည်ရွယ်ချက်က သုံးဘဝလိုဖြစ်ပေမဲ့ အဖေပြောဖူးတဲ့ 'ငါ့ဘယ်နေရာ ဖြတ်ကြဦးမလဲ' ဆိုတာလေး ပြေးသတိရပြီး ဆန်နီနဲ့ကျွန်တော် မျက်ရည်ကျရပါတယ်။ ဘာပဲဖြစ်ဖြစ် အဖေကွယ်လွန်တဲ့အထိ လိုလေသေးမရှိ ပြုစုနိုင်တာ ကုသိုလ်တွေအများကြီး ရပါတယ်။ မကွယ်လွန်ခင်ကလည်း လုပ်ကျွေးနိုင်ခဲ့ပါတယ်။ ထူးထူးခြားခြား ကုန်ကျတာကတော့ အဖေ့ကို မော်တော်ကားနှစ်စီး ဝယ်ပေးနိုင်ခဲ့တာပါပဲ။

* * *

ကောင်းပြီ။ အမေ။

အမေ့ကို ကျေးဇူးဆပ်ခဲ့ရပုံတွေကတော့ လူရယ်စရာများ ဖြစ်နေမလားမသိပါဘူး။ အနေဝေးတော့ အနီးကပ်မပြုစုခဲ့ရဘူး။ အမေကလည်း ကျန်းမာရေးအလွန်ကောင်းတာကလား။ ဒါပေမဲ့ အမေ့မှာ အကျင့်သီလတစ်ခုရှိတယ်။ မုန့်ဖိုးပဲဖိုး ခဏခဏတောင်းတာပါပဲ။ ဘာမဟုတ်တဲ့ ငွေကြေးလေးပါ။ သူစားဖို့ မုန့်လေးပဲလေး ဝယ်ကျွေးရတယ်။ ပေးရတဲ့ မုန့်ဖိုးကတော့ လှူပစ်တာ များတယ်။ လှူတယ် ဆိုလို့ ကြီးကြီးကျယ်ကျယ် ကျောင်းဇရပ်ဆောက်တာမျိုး မဟုတ်ပါဘူး။ ခြံထဲက လူငယ်တွေ၊ အလုပ်သမားဆင်းရဲသားတွေ၊ ဆွေဆိုးမျိုးဆိုးတွေကို ပေးချင်ကမ်းချင် ရုံပါ။ သူပေးချင်၊ ကမ်းချင်ရင် ကျွန်တော့်ဆီ ပိုက်ဆံလှမ်းတောင်းတတ်သလို ဆွေဆိုးမျိုးဆိုးတွေ သူ့ဆီလာရင်လည်း ကျွန်တော့်အိမ် လမ်းညွှန်တတ်ပါတယ်။ ပေး လိုက်ကမ်းလိုက်ပေါ့လေ။ လမ်းဘေးဈေးသည်တွေခေါ်ပြီး လိုသော်ရှိ၊ မလိုသော်ရှိ ဝယ်တယ်။ ဈေးမဆစ်ဘူး။ ကျွန်တော့်ကို ပိုက်ဆံရှင်းခိုင်းတယ်။ ပြီးတော့ သူ့ရဲ့ ခြံထဲက အလုပ်သမားသားသမီးတွေ ကျွေးပစ်တယ်။ ပြီးတော့ ပြောသေးတယ်။ 'လမ်းဘေးဈေးသည်ဆိုတာ နေပူမိုးရွာ ရှောင်မနေဘဲ ထမင်းရှာစားရတာ၊ သူတို့ကို ဈေးမဆစ်တာဟာ လှူတာပဲတဲ့။ အဲသလိုပဲ ခြံထဲက အလုပ်သမားတွေကို ကျွေးတာ မွေးတာဟာလည်း လှူတာပဲတဲ့။

တစ်ခါတလေ (မကြာခဏ)အများစားလို့ရတဲ့ ချဉ်ရည်ဟင်းတို့လို

mgyoe.com

mgyoe.com


ပဲဟင်းတို့လို အိုးကြီးနဲ့ချက်ပြီး တစ်ခြံလုံး လျှောက်ဝေတယ်။ ရယ်စရာထပ်ပြောရဦးမယ်။ အဲသလို အမေ ပဲဟင်းလိုမျိုး လှူတဲ့အခါ ခြံထဲဆွမ်းကြွတဲ့ ဘုန်းကြီးတွေ ဒုက္ခရောက်တော့တာပဲ။ ဒါပေါ့ အိမ်တိုင်းက အမေ့ပဲဟင်းပဲ ပြန်လောင်းကြတာကို။ ဒါလေး ဝတ္ထုရေးဖူးရဲ့။

စကားကလည်း တတ်တယ်။ တစ်ခါသား တေးသံရှင် ဖေယျာပွင့်က သူရိုပိုင် 'ရွှေပုစွန်'မုန့်တွေနဲ့ အမေ့လာကန်တော့တယ်။ အဲဒါ ဆုတွေဘာတွေပေးပြီး–

'သားဖေယျာရယ်၊ မုန့်အကောင်းတွေ မပေးပါနဲ့။ သားတို့စက်ရုံကပိုတဲ့ အကျိုးအပဲ့တွေပဲ ပေးပါ။ အဘွားကြီးဆိုတော့ မုန့်လှတာလည်း မမြင်ရတော့ဘူး။ ဝါးဖို့သွားတွေလည်း ကျဲကုန်ပြီ။ အရသာရှိရင် ပြီးတာပဲ၊ တကယ်တော့ 'အကျိုး' ဆိုတာ 'ကျိုးပဲ့'တာ ပြောလို့ရသလို 'အကျိုး'ရှိတာမှာလည်း သုံးလို့ရပါတယ်'

အဲသလိုလည်း ပြောလိုက်ရော ဖေယျာပွင့်မှာ သဒ္ဓါတွေ ပိုပြီးမုန့်အကောင်းစားတွေ လစဉ်မပြတ် ပို့တော့တာပါပဲ။

ကျွန်တော်ကံကောင်းသွားတာက အမေ့ကို အဖေ့လိုပဲ မျက်စိရောဂါ ကုပေးနိုင်ခဲ့တာပါ။ အမေလည်း ရေတိမ်ပါပဲ။ ဒါပေမဲ့ ကိုက်တာခဲတာဖြစ်တော့ အဖေ့လို ကံမဆိုးဘူး။ စာရေးဆရာ ဒေါက်တာရဲနိုင်ကလည်း မျက်စိပါရဂူဆိုတော့ အချိန်မီ ကုသပေးနိုင်ခဲ့တယ်။ ဆရာက အစစ တာဝန်ယူခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် အဲဒီတုန်းကလည်း လူအား ငွေအားနဲ့ ကျွန်တော်ပြုစုခွင့်ရခဲ့ပါတယ်။

'ငါ့သားက အမေ့မျက်စိကုပေးတော့ သားဟာ အမြင်ရှင်းတဲ့ စာရေးဆရာဖြစ်ပါစေ'လို့ ဆုတောင်းရှာပါတယ်။

ဒါပေမဲ့ ... အမေ မီးစာကုန်ဆီခန်းတဲ့အခါမှာတော့ ကျွန်တော်သိပ်ပြီး မပြုစုရပါဘူး။ အတူနေ မင်းလူက အစစ တာဝန်ယူပါတယ်။

သူ့ဇနီး စန်းစန်းအောင်ဆိုရင် ချွေးသေးကအစ တာဝန်ယူပါတယ်။ အေးဘုံကတော့ အရန်ပေါ့။ ကျွန်တော်က တတ်နိုင်သမျှ ကူပါတယ်။ မိတ်ဆွေပါရဂူနဲ့ ပြပေးရုံလောက်ပါ။ အဓိကကျေးဇူးဆပ်နိုင်တာကတော့ လေဖြန်းပြီး မသွားနိုင် မလာနိုင်တဲ့ အမေ့ကို နေ့တိုင်းသွားပြီး စကားပြောတာပါပဲ။ စကားပြောရုံလေးများလို့တော့ မထင်ကြပါနဲ့။ လူတွေမှာ အသက်ကြီးလာရင် အရေးကြီးဆုံးက စကားပြောဖော်ပါ။ ဒီကျေးဇူးလေးတော့ ကျွန်တော်ဆပ်ဖြစ်ပါတယ်။ နေ့တိုင်း အမေ့ဆီသွားပြီး ဆယ့်ငါးမိနစ်လောက် စကားပြော၊ သူပြောတာ နား

mgyoe.com

mgyoe.com


ထောင်ပေး လုပ်ပါတယ်။ အဲဒီအတွက် အမေကလည်း အားရင် ခေါ်ခေါ်နေတတ်ပါရဲ့။

အမေဆုံးခါနီးတော့ ကျွန်တော်ပြောခဲ့တဲ့ စကားလေးက–

'အမေ ... လမ်းဘေးဈေးသည်တွေဆီက ဈေးမဆစ်ဘဲ ဝယ်ဝယ်ပြီး ခြံထဲက အလုပ်သမားတွေကို ပေးပေးပစ်တာ မှတ်မိရဲ့လား'လို့ ဖြစ်ပါတယ်။ ဒီ အချိန်မှာ တရားစကား မပြောဖြစ်ပါဘူး။ အမေက ကျွန်တော့်ထက် တရားပြည့်သူ မို့ပါပဲ။ သူ့ရဲ့ ကုသိုလ်ဒါနလေး ပြန်အမှတ်ရအောင်လို့ပါ။

ဘာပဲပြောပြော အမေကွယ်လွန်တော့ ဖြေနိုင်ခဲ့ပါတယ်။ အစစ တာဝန်ယူကြတဲ့ မင်းလူတို့ လင်မယားကို ကျေးဇူးတင်ရသလို ကိုယ့်ကိုယ်ကိုယ်လည်း ရှာကြံ ကျေးဇူးတင်မိတာ အမှန်ပါပဲ။

* * *

ဟော ...ခုတော့ အေးဘုံအမေ (ယောက္ခမကြီး)အိမ်ရောက်နေပါပြီ။ သက်တော်က ၉၆ ။ သက်တော်ပြောရတာက သီလရှင်ကြီးမို့ပါ။ လွန်ခဲ့တဲ့ ၁၃ နှစ် လောက်ကတည်းက ခြံမြေအိမ်တွေရောင်း၊ သားသမီးတွေ အမွေခွဲပေးပြီး သီလရှင် အပြီးဝတ်လိုက်တာပါ။ ဝတ်စကတော့ သူ့အိမ်လေး ကျောင်းလုပ်ပြီး နေခဲ့တာပါ။ နောက်ပိုင်း အသက်သိပ်ကြီးသွားတော့ သားသမီးတွေအိမ် တစ်လှည့်စီ ကျောင်းအမှတ်နဲ့ နေနေပါတော့တယ်။

၉၆ နှစ်သာဆိုတယ် ခါးကုန်းသွားတာကလွဲလို့ သတိတစ်ချက်မပျက်သေးဘူး။ မျက်စိ၊ နား ကောင်းတုန်း။ ရောဂါကြီးကြီးကျယ်ကျယ်မရှိဘူး။ ပြောရင် ယုံမလားပဲ။ သူ့ဘာသာသူ ထမင်းခူးစား၊ ပန်းကန်ဆေး၊ နောက်ဖေး နောက်ဖီသွား၊ ရေမိုးချိုး၊ ဆေးအမယ်ဆယ်မျိုးလောက် ခွဲခြားပြီးသောက်တာ။ တစ်ခုမှ သူ့အတွက် ပြုစုပေးရတယ်ဆိုတာ မရှိသလောက်ပဲ။ တစ်လတစ်ခါလောက် ဆေးခန်းလိုက်ပို့ ပေးရတာပဲရှိတယ်။

ထူးခြားတာက သူ့သားသမီးတွေ အိမ်ထောင်ကျတော့ တခြားသားသမီးတွေကို ပြဿနာသိပ်မလုပ်ဘဲ အေးဘုံကျမှ ကျွန်တော်နဲ့ သဘောမတူနိုင်ဘူး ဖြစ်တာပါ။ စေ့စပ်ပွဲတောင် မလာခဲ့ပါဘူး။ ခုတော့ အလှည့်ကျနေနေရာမှာ ကျွန်တော့်အိမ်မှာ အကြာဆုံးပဲ။ ကျွန်တော့်အပေါ်လည်း သံယောဇဉ်ကြီးရှာတယ်။ ကြားဖြတ်ပြောရရင် မူလက သဘောမတူတာက 'ရုပ်ရှင်မင်းသား' 'အဆိုကျော်' မို့တဲ့။ ခု ကျွန်တော့်အပေါ် သံယောဇဉ်ပိုနေတာက 'စာရေးဆရာ'မို့တဲ့။ (ပင်လယ်ပျော် ဂျာနယ် စထုတ်တော့ ဆရာပါရဂူရဲ့ ဝန်ခံစကားလေး မှတ်မိနေသေးတယ်။

mgyoe.com

mgyoe.com


'ဆရာဝန်ခေတ်ကောင်းတော့ မိဘတွေက သမက်ဖမ်းတယ်။ အင်ဂျင်နီယာခေတ်ထတော့ မိဘတွေက သမက်ဖမ်းတယ်။ သင်္ဘောသားတွေ ခေတ်ကောင်းတော့ မိဘတွေက သမက်ဖမ်းတယ်။ ခုခေတ် ကန်ထရိုက်တွေ ခေတ်ထတော့လည်း သမက်ဖမ်းကြတယ်။ ကျုပ်တို့ စာရေးဆရာတွေ သမက်ဖမ်းမဲ့သူ မရှိဘူး'တဲ့။ ဒီနေရာမှာတော့ ကျွန်တော့်ကိုယ်တွေ့နဲ့ဆို ဆရာပါလွဲပြီ ဆိုရမှာပဲ။ ကျွန်တော့်ယောက္ခမကြီး ကျွန်တော့်အပေါ် သံယောဇဉ်ကြီးတာ စာရေးဆရာမို့တဲ့ဗျ။

ကိုင်း ... ရယ်ချင်စရာလေးနဲ့ပဲ အဆုံးသတ်ပါ့မယ်။

တစ်ခါသား ကျွန်တော်အရက်တွေမူးပြီး အိပ်ရာထဲလဲနေတော့ ...

ယောက္ခမကြီးက ကျွန်တော့်ရင်ဘတ်ကလေးဖိပြီး ....

'ဗလရယ်၊ ငါ့သမက်တွေအားလုံးထဲမှာ မင့်ကို အချစ်ဆုံးပါ'ဆိုပြီး ပြောရှာတယ်။ အရက်မသောက်ပါနဲ့တော့ပေါ့။

ကျွန်တော်လည်း မူးမူးနဲ့ ပြန်ပြောမိပါတယ်။

'ဟုတ်ပါတယ် အမေရယ်၊ ယောက္ခမတွေအားလုံးထဲမှာလည်း ကျွန်တော်က အမေ့ကို အချစ်ဆုံးပါ'လို့။

အင်း ... ကိုးဆယ့်ခြောက်နှစ်ဆိုတော့ နီးတော့နီးပါပြီ။ ဘယ်သားသမီးအိမ်မှာ ခေါင်းချမှာပါလိမ့်။ ကျွန်တော့်အိမ်မှာ ခေါင်းချရင်တော့ ကုသိုလ်ရဦးတော့မှာပါပဲ။

ကျန်းမာကြပါစေ။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊ ကလျာမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# မအောင်မြင်သောကျွန်တော်

ကျွန်တော့်ကို လူတွေက အောင်မြင်ကျော်ကြားသောသူအဖြစ် မြင်ကြပါတယ်။ မဟုတ်သေးပါဘူး။ ကျော်ကြားတာကတော့ မှန်ပါတယ်။ ကျွန်တော်ဟာ အောင်မြင်တဲ့သူတစ်ယောက်တော့ မဟုတ်ပါဘူး။ အဲ ကံကောင်းနေတဲ့ လူတစ်ယောက်တော့ ဟုတ်ချင်ဟုတ်ပါလိမ့်မယ်။ အောင်မြင်တာနဲ့ ကံကောင်းတာ ကွာခြားပါတယ်။ အောင်မြင်တယ်ဆိုတာ ကြိုးစားမှု ပါရပါမယ်။ ကျွန်တော်ဟာ လုံးဝကြိုးစားမှုမရှိတဲ့သူပါ။ ကံကောင်းထောက်မပြီး ကျော်ကြားနေတာပါ။

ကျွန်တော်ပြောပြမယ်။ ကျွန်တော်ဟာ ရုပ်ရှင်၊ ဂီတ၊ စာပေနယ်ပယ်သုံးခုစလုံးမှာ ကျော်ကြားခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ကြိုးစားမှုမရှိဘဲ အလိုလို ကံဖေးမလို့ ဖြစ်လာတာပါ။ ရုပ်ရှင်မင်းသားတဲ့။ ကျွန်တော်မလုပ်ချင်တဲ့ အလုပ်ပါ။ ဝါသနာလည်း မပါသလို ကိုယ့်ရုပ်ရည်ကိုလည်း ကိုယ်သိပြီးသားပါ။ ထူးဆန်းတာက အဲဒီရုပ်ရည်ကြောင့်ပဲ မင်းသားတက်ဖြစ်ပြန်ပါရော။ ဒါကြောင့် ကံကောင်းတယ်ပြောရတာ။ အဖြစ်က ဒီလိုပါ။ 'ချစ်စံနမူ'ဆိုတဲ့ ဇာတ်ကားကို အဖေရိုက်တော့ ကျွန်တော် လေးတန်းကျောင်းသားဘဝပဲ ရှိပါသေးတယ်။ မင်းသားကြီး ကျော်ဆွေနဲ့ မြတ်မွန်ရိုက်တာပါ။ အဲဒီမှာ မင်းသားကလည်း လမ်းဘေးမုန့်ဟင်းခါးသည် လုပ်ရမယ်။ မင်းသမီးက သူဌေးသမီး။ အဲဒီမှာ ဦးကျော်ဆွေက အမောက်လေး တသသလုပ်နေတော့ ဘယ်လိုမှ မုန့်ဟင်းခါးသည်ပုံ မပေါက်ဘူး။ ဒီမှာတင် အဖေက ဦးကျော်ဆွေနဲ့ လက်တွဲဖြုတ်ပြီး နောက်တစ်ယောက် ပြောင်းပေါ့။ 'ဝင်းဦး'။ သူနဲ့လည်း ပြဿနာပဲ။ ဝင်းဦးက နှုတ်ခမ်းမွေး တသသနဲ့။ ဘယ်လိုမှ လမ်းဘေးမုန့်ဟင်းခါးသည်ပုံ မပေါ်ဘူး။ နှုတ်ခမ်းမွေးဖြုတ်ခိုင်းတော့လည်း ဦးဝင်းဦးက မဖြုတ်နိုင်ဘူး။ ဆိုကြပါစို့ရဲ့။ ဝင်းဦးနဲ့လည်း ပျက်ပြန်ရော။ ကိုင်း နောက်တစ်ယောက်။ 'ညွန့်ဝင်း'။ သူနဲ့ကတော့ တော်တော်အဆင်ပြေတယ်။ ဇာတ်ကားတစ်ဝက်လောက်ထိ ရိုက်ဖြစ်တယ်။ အဲဒီကျမှ အဖေ့ကို အကြောင်းမကြားဘဲ သူ့ဖခင် ရွှေမန်းတင်မောင်နဲ့ ဇာတ်သွားကလို့ အဖေစိတ်ဆိုးပြီး ဆက်မရိုက်တော့ဘူး။ နောက်တစ်ယောက်၊ စန္ဒရား တင်

mgyoe.com

mgyoe.com


ဝင်းလှိုင်။ သူနဲ့လည်း အဆင်မပြေပြန်ဘူး။ အဲဒီမှာ အဖေဟာ မင်းသားတွေကို တော်တော်စိတ်ပျက်နေပါပြီ။ မြတ်မွန်ကလည်း အရွယ်ကျနေပြီ။ ဒီတော့ အဲဒီ 'ချစ်စံနမူ'ကို ပစ်ထားလိုက်တယ်။

အဲဒီအချိန်မှာ ကျွန်တော်က အသက် ၂၀ ဝန်းကျင် ရောက်လာပါပြီ။ အဖေကလည်း ချစ်စံနမူကို ပြန်အသက်သွင်းဖို့ မင်းသမီးရှာပါတယ်။ မင်းသားကတော့ ရောက်ယားပေါ့လေ။ အဲဒီအချိန်က နာမည်ကြီးနေတဲ့ ဇော်ဝမ်း၊ ကျော်ဟိန်း၊ ထွန်းထွန်းဝင်း စသဖြင့် တစ်ယောက်ယောက် ခေါ်သုံးမယ်ပေါ့။ မင်းသမီးသစ်တင်ဖို့ ရွေးတော့ 'မေခလာ'ကို သွားတွေ့တယ်(အဆိုကျော် မေခလာမဟုတ်)။ သူ့ကို တင်ရိုက်မယ်ဆိုပြီး ကင်မရာစမ်းသပ်မှု လုပ်တယ်။ မင်းသမီးအသစ်ဆိုတော့ ကင်မရာကြောက်တာပေါ့။ ဒီအခါ အဖေက ကျွန်တော့်ကို ကင်မရာ နောက်ကနေ (မင်းသားကိုယ်စား) မင်းသမီးနဲ့ စကားအပြန်အလှန် ပြောခိုင်းပါတယ်။ ဒီတော့မှလည်း မင်းသမီးဟာ ပြောရဲဆိုရဲ ရှိလာမှာကိုး။

ဒီလို လေ့ကျင်းရင်းနဲ့ တစ်နေ့တော့ အဖေက ...

'ဟေ့ သား၊ ဆံပင်တိုတို သွားညှပ်စမ်းကွာ'

'ဘာဖြစ်လို့လဲ အဖေ'

'ငါ ဒီကားမှာ မင်းကို မင်းသားတင်မလို့'

'ဟာ ကျွန်တော် ဝါသနာမပါဘူးဗျာ။ ပြီးတော့ ကျွန်တော့်ရုပ်ရည်နဲ့'

'အဲဒါပြောမလို့ကွ။ ဒီကားမှာ အရင်ရိုက်ခဲ့တဲ့ မင်းသားတွေရော၊ ခု လက်ရှိ မင်းသားတွေရော အကုန်လုံးချောနေကြတယ်ကွ။ လမ်းဘေး မုန့်ဟင်းခါးသည်နဲ့ မတူကြဘူး။ ငါ့သားရုပ်က လမ်းဘေးမုန့်ဟင်းခါးသည်ရုပ်ဆိုတော့ ဇာတ်လမ်းနဲ့ ကွက်တိပဲ'တဲ့ဗျာ။ ဒီလိုနဲ့ မင်းသားတက် ဖြစ်ရတာ။ ဘယ်မှာလဲ ကျွန်တော့် ကြိုးစားမှု။ ကံတရားက ဖေးမလိုက်တာပဲ မဟုတ်လား။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အောင်မြင်တဲ့ မင်းသားလို့ မထင်မိပါဘူး။ ကံကောင်းတဲ့ မင်းသားလို့ပဲ ယူဆခဲ့ပါရဲ့။ perfect ပြီးပြည့်စုံတယ် မထင်ပါဘူး။

* * *

အဆိုကျော်ဖြစ်လာတာကကောဆို။ 'အချုပ်'ကျလို့ဆိုရင် ယုံကြမယ် မထင်ဘူး။ တကယ်ပါဗျာ။ တစ်ခါသား မတော်တဆ အချုပ်အနှောင်ကျခဲ့ပါတယ်။ အဲဒါ အပြင်မှာကျန်ခဲ့တဲ့ ရည်းစားကို လွမ်းလွမ်းနဲ့ သီချင်းဆိုတာ။ အတူပါ အစ်ကို မောင်ဝဏ္ဏက 'မင်းအသံမဆိုးဘူးကွ။ တို့အပြင်ပြန်ရောက်ခဲ့ရင် သီချင်းစမ်းသွင်းပြီး ရုပ်ရှင်နောက်ခံ သုံးကြည့်မယ်'လို့ ပြောပါတယ်။ တကယ်လည်း

mgyoe.com

mgyoe.com


အပြင်ရောက်လို့ သီချင်းသွင်းလိုက်ရာမှာ တစ်ခါတည်းနဲ့ ဓာတ်ပြားရပြီး အဆိုကျော် ဖြစ်သွားတော့တာပါပဲ။

ဖြစ်ပုံက အဲဒီကာလမှာ ကျွန်တော့်ချစ်သူက အပြင်မှာ ကျန်ရစ်ခဲ့တယ်။ သူက လှတယ်။ ကျွန်တော့်ထက် ပညာတတ်တယ်၊ ဂုဏ်ကြီးတယ်၊ အသက်လည်းကြီးတယ်။ ကျွန်တော်က အဲဒီကာလမှာ စာရေးဆရာပေါက်စဘဝ။ အဲဒီတုန်းက ဗြုန်းဆို အချုပ်ကျသွားတော့ အားငယ်တာပေါ့။ ဒီမှာတင် အချုပ်ထဲမှာ ဆရာကြီးမင်းသုဝဏ်ရဲ့ 'နှင်းဆီ'ကဗျာကို အသံထည့်ပြီး ညည်းညူရွတ်ဆိုပါတယ်။ **လယ်တောကအပြန်၊ ပန်ချင်တယ် ခရေဖူးဆိုလို့၊ မောင်ခူးကာပေး၊ မနက်တုန်းဆီက၊ ကျော့ဆုံးကို မောင်မြင်တော့၊ သူဆံပင် နှင်းဆီပွင့်တွေနဲ့ ဂုဏ်တင့်တယ်လေး။**

ဆရာကြီးရဲ့ ကဗျာဆိုလိုရင်းက နားလည်သလောက်ပြောရရင် လယ်သမားလေးတစ်ယောက်ဟာ ချစ်သူပန်ဖို့ ခရေဖူးလေးတွေ ရေစိမ်ပြီး သီတယ်။ မနက်မိုးလင်းလို့ ချစ်သူဆီ သွားပို့တော့ ဟိုက ခေါင်းမှာ နှင်းဆီပွင့်ကြီး ပန်နှင့်ပြီးနေပြီ။

ဒါကို ကျွန်တော်က ကျွန်တော့်ဘဝနဲ့ ယှဉ်စဉ်းစားတာနော်။ ငါကတော့ အချုပ်ထဲမှာ၊ သူကတော့ အပြင်မှာ ဆရာဝန်နဲ့များ လက်ထပ်လိုက်ပြီလား၊ အင်ဂျင်နီယာနဲ့များ ညားနေပြီလား ဆိုတာမျိုးတွေးပြီး ခံစားချက်ပါပါနဲ့ သီချင်းအဖြစ်ဆိုမိတာပါ။ ခံစားချက်ပါသွားသလို ပင်ကိုသံက ကောင်းတော့ နားစွဲစရာဖြစ်သွားပုံ ရပါတယ်။ အဲဒီတစ်ပုဒ်တည်းနဲ့ နိုင်ငံကျော်အဆိုတော်ဝ. ဝ်ယောက် ဖြစ်ခဲ့ရတာပါ။ ကဲ ... ဘယ်မှာလဲ ဝါသနာ၊ ဘယ်မှာလဲ ကြိုးစားမှု။ တကယ်တော့ ကံတရားပါပဲ။ အောင်မြင်မှု မဟုတ်ပါဘူး။

ကျွန်တော်ပြောချင်တာက ဒါပါပဲ။ ပြီးပြည့်စုံတဲ့ အောင်မြင်မှုရဖို့ဆိုတာ ကြိုးစားမှု၊ ဝါသနာနဲ့ ကံတရားပေါင်းစပ်ရပါတယ်။ ကျွန်တော့်မှာ ကံတရားပဲ ရှိတာပါ။ အဲဒီ ရှိလာတဲ့ ကံတရားကိုလည်း 'အရက်'နဲ့ ခြေဖျက်ပစ်လိုက်သေးတယ်။ တကယ်တော့ ကျွန်တော်ဟာ 'အောင်မြင်သူ'ဆိုတာထက် 'ကျဆုံးသူ' ပြောရင် ပိုမှန်ပါလိမ့်မယ်။ တကယ်လို့သာ အရက်သေစာလည်း မသောက်ခဲ့၊ ကြိုးစားလည်း ကြိုးစားခဲ့မယ်ဆိုရင် ခုနေခါ တကယ်အောင်မြင်ပြည့်စုံတဲ့သူ တစ်ယောက် ဖြစ်နေမှာပါ။ ကနေ့လူငယ်တွေ ကျွန်တော့်ကို အတု မယူစေချင်ဘူးလေ။

၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ၊ Perfect မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# ငယ်တုန်းက ဖြစ်တွေ

'ဆရာဦးလေးမြိုင်'ကို ကနေ့ခေတ်လူငယ် စာသမားတွေ အလှမ်းဝေး သွားပါပြီ။ ဆရာဟာ ငွေတာရီမဂ္ဂဇင်းအယ်ဒီတာချုပ် လုပ်ခဲ့ပါတယ်။ စာပေ ဆောင်းပါး၊ ဘာသာရေးဆောင်းပါးတွေ အမြောက်အမြားရေးခဲ့သူပါ။ ခုနှယ် အသက် ၈၀ ကျော်ရောပေါ့။

ကျွန်တော့်မှာ ဝါသနာတစ်ခုရှိတယ်။ လူကြီးသူမတွေနဲ့ ပေါင်းဖော်ခြင်း ပါပဲ။ သူရို့ဆီက အတွေ့အကြုံ ဗဟုသုတတွေ ကျွန်တော်က ရသလို၊ လူငယ် တွေနဲ့ တစ်စတစ်စ ကင်းကွာလာပြီး အထီးကျန်ဆန်နေတဲ့ သူရို့ကိုလည်း ကူညီ ဒါနပြုရာ ကျပါတယ်။

ကြည့်ပါ။ ကျွန်တော်ဟာ ကိုယ်နဲ့ခေတ်ပြိုင်လို့ ဆိုရမယ့် မောင်စိန်ဝင်း (ပုတီးကုန်း)တို့၊ နွမ်ဂျာသိုင်းတို့၊ မိုးမိုး(အင်းလျား)တို့၊ မစန္ဒာတို့ စတဲ့ ပုဂ္ဂိုလ် တွေနဲ့သိပ်ပြီး တွဲတွဲသွားသွား မရှိခဲ့ပါဘူး။ စာပေနယ်ဝင်စကတည်းက စပေါင်း တာက ဆရာ ဦးလေးမြိုင်၊ ဆရာသော်တာဆွေ၊ ဆရာလင်းယုန်မောင်မောင် စတဲ့ ဆရာကြီးတွေ။ ပြီးတော့ ဆရာမင်းကျော်၊ ဆရာနတ်နွယ်၊ ဆရာမောင်နေဝင်း စတဲ့ ဆရာလတ်တွေ၊ ဆရာအောင်ပြည့်၊ ဆရာငြိမ်းကျော်၊ ဆရာ ချစ်ဦးညိုစတဲ့ ဆရာငယ်တွေ။

တစ်နည်းပြောရရင် (ဝန်ခံရရင် ဆိုပါတော့) သူရို့နဲ့ အရက်ကလေး ဘာ လေး တွဲသောက်တဲ့အခါ ကျွန်တော်က ဒကာခံစရာမလိုပါဘူး။ သူရို့ဆီ ကပ် သောက်ရုံပါပဲ။ (ကိုယ်နဲ့ တန်းတူဆရာတွေနဲ့က ကိုယ့်အလှည့်နဲ့ကိုယ် ရှင်းကြ ရတာကိုး)

ပြောချင်တာက အဲဒီဆရာကြီး၊ ဆရာလတ်တွေနဲ့ အတွဲများလာရာမှာ သူရို့ကလည်း ကျွန်တော့်ကို တူလို၊ သားလို မဆက်ဆံကြဘဲ သူငယ်ချင်းပေါင်း ပေါင်းကြတာပါပဲ။ ဒီတော့ သူရို့လူကြီးဝိုင်းမှာ ကျွန်တော်ဟာ တောက်တဲ့ကပ်သလို

mgyoe.com

mgyoe.com

ဝင်ဆုံနေပါတော့တယ်။ ညနေပိုင်းဝိုင်းမှာ ဆုံဖြစ်သလို၊ စာပေဟောပြောပွဲတွေလည်း အတူလိုက်ရပါတော့တယ်။

၁၉၇၇ လောက်က ထင်ပါရဲ့။ မကွေးစာပေဟောပြောပွဲ သွားကြပါတယ်။ ဆရာဦးလေးမြိုင်၊ ကျွန်တော်၊ မစန္ဒာ၊ ငြိမ်းကျော်(သူ့မိန်းမပါပါတယ်)တို့ အတွဲဖြစ်ပါတယ်။ ဟိုရောက်တော့ ညနေ နေဝင်ရီတရောအချိန်ပါ။ မောလည်းမော၊ ပန်းလည်း ပန်းလာကြပါတယ်။ ရောက်ရောက်ချင်းပဲ ကျောင်းသားဆောင်မှာ တွေ့တဲ့ခုတင်ပေါ် ခြေပစ်လက်ပစ်ပေါ့။

အဲဒီမှာ ကျောင်းက တာဝန်ခံလို့ပြောတဲ့ ဆရာမတစ်ယောက်ရောက်လာပါတယ်။

'ဆရာမနဲ့ ဆရာငြိမ်းကျော်ဇနီး ကျွန်မနဲ့ လိုက်ခဲ့ပေးပါ'

ခရီးပန်းလာပေမဲ့ ဘာကိစ္စမှန်းမသိတာကြောင့် မစန္ဒာတို့လည်း လှဲနေရာက ထလိုက်ကြပါတယ်။ သွားမယ်ဟန်ပြင်တော့ အဲဒီဆရာမက–

'ပစ္စည်းတွေပါ ယူခဲ့ပါ'တဲ့။

'ဟင် ... ဘာလုပ်ဖို့လဲ'

'ဒါက ယောကျ်ားလေးဆောင်မို့ပါ'

'အဲဒါ ဘာဖြစ်သလဲ'

'ယောကျ်ားလေးဆောင်မှာ မိန်းကလေးမနေရပါဘူး'

'ကျွန်မတို့က ကျောင်းသူတွေ မဟုတ်ဘူးလေ။ စာရေးဆရာတွေ'

'ဘာပဲဖြစ်ဖြစ် အမျိုးသားဆောင်မှာ အမျိုးသမီးတည်းခွင့်၊ ညအိပ်ခွင့် မရှိပါဘူး'

'နေ့ဖြင့် မိန်းကလေးဆောင်မှာ မိန်းကလေးကျောင်းသူတွေ ရှိရဲ့လား'

'ကျောင်းပိတ်ထားလို့ ဘယ်သူမှ မရှိပါဘူး'

'ဟာ ... ကျွန်မတို့ မိန်းမသားနှစ်ယောက်တည်း'

'ကျောင်းစောင့် ဒရဝမ်တော့ ရှိပါတယ်'

'လျှပ်စစ်မီးကလည်း ပျက်နေတယ်'

'ဖယောင်းတိုင်တွေ ပေးထားမှာပါ'

'နေ့ ... ဒီယောကျ်ားလေးဆောင်နဲ့ ဘယ်လောက်ဝေးလဲ'

'ဘောလုံးကွင်း ဟိုဘက်တင်ပါ'

သူရို့ မိန်းမချင်း ဈေးဆစ်နေကြတုန်း ကျွန်တော်ကတော့ ဒီမိန်းမနှစ်ယောက် အဆောင်ပြောင်းသွားရင် ကောင်းမှာလို့ တွေးမိပါတယ်။ ဒါမှ ကျွန်တော်

mgyoe.com

mgyoe.com


တို့ စာရေးဆရာသုံးယောက် ကောင်းကောင်း သောက်လို့ရမှာကိုး။ ဆရာဦးလေးမြိုင်ကတော့ ဘာမှ သိပ်ဝင်မပြောပါဘူး။ လူကြီးကိုး။ ကျွန်တော်ကလည်း ကြိတ်ပြီး ဝမ်းသာနေတာ။ ကိုငြိမ်းကျော်ကတော့ ဖြစ်နိုင်ရင် စာရေးဆရာအားလုံး တစ်ဆောင်တည်း နေချင်ကြောင်း၊ နက်ဖြန်ဟောပြောဖို့အတွက်လည်း စီစဉ်ကြရမှာဖြစ်ကြောင်း လေပြေထိုးပါတယ်။ (သူ့မိန်းမနဲ့ခုလို လွတ်လွတ်လပ်လပ် ထွက်လာတုန်း ကျောင်းဆောင်ကို ဟိုတယ်အဖြစ် ဖန်တီးချင်တာလည်း ပါမှာပေါ့လေ။ သူ့အိမ်မှာ ကလေးတွေ ဒါဇင်ဝက်နဲ့ မဟုတ်လား)

ဒီမှာတွင် တစ်စခန်းထတာက မစန္ဒာပါပဲ။

'ဒီမှာ ဆရာမ၊ ကျွန်မရှင်းရှင်းပဲ ပြောမယ်။ ကျွန်မတို့ သူငယ်နှပ်စား၊ အပေါစားတွေ မဟုတ်ဘူး။ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ရပ်တည်နေထိုင်တဲ့ စာရေးဆရာတွေ၊ ကိုသုမောင်က လူပျို၊ ကျွန်မက အပျို။ ဒါပေမဲ့ ကျွန်မတို့ ကိုယ်စည်းကိုယ်သိတယ်'

'ကျွန်မက တာဝန်ရှိလို့ ပြောနေတာပါ'

'ရှင့်တာဝန်က ကျောင်းသူ၊ ကျောင်းသားတွေကို ထိန်းဖို့မဟုတ်လား။ ကျွန်မတို့နဲ့ မပတ်သက်ပါဘူး။ ကျွန်မနဲ့ ကိုသုမောင် ရည်းစားဖြစ်နေဦးတော့ ရှင်နဲ့ မဆိုင်ဘူး'

ဟိုက်ရှားလဘတ်၊ မစန္ဒာတို့ တယ်ဆော်နေပါလား။ ဒီစကားမျိုး ကျွန်တော်တောင် မပြောရဲဘူး။ ဘာရာဇိုပဲ။

'ကျွန်မက တာဝန်ရှိလို့ပါ'

'ဒါဆို ကျောင်းမှာ မတည်းနိုင်ဘူး။ ကျွန်မတို့ တည်းခိုခန်းသွားမယ်။ ခဏနေ စာပေစာနယ်ဇင်းက တာဝန်ခံတွေရောက်ရင် စီစဉ်မယ်'

နောက်ဆုံး အဆောင်ကိုင် ဆရာမလည်း ရှူးရှူးရှဲရှဲ ပြန်ထွက်သွားပါတယ်။ ခဏနေတော့ စာပေပုဂ္ဂိုလ်တွေ ရောက်လာပြီး အကျိုးအကြောင်းရှင်းပြတော့ သူ့ရိုက ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို ညတွင်းချင်းသွားပြီးပြောရာက နောက်ဆုံး ကျွန်တော်တို့အားလုံး တစ်ခန်းစီ တည်းခိုခွင့်ရသွားပါတယ်။ မစန္ဒာနဲ့ ငြိမ်းကျော်ကတော်က တစ်ခန်း၊ ကျွန်တော်တို့ စာရေးဆရာသုံးယောက်ကတစ်ခန်း၊ အခန်းချင်းကပ်လျက်နေခွင့် ရသွားပါရော။

ကိစ္စအားလုံး ငြိမ်းတော့ ထုံးစံအတိုင်း ဝိုင်းဖွဲ့ကြပါတယ်။ ကိုငြိမ်းကျော်က သူ့မိန်းမပါလာလို့ ခွက်ပုန်းချတယ်။ ကျွန်တော်နဲ့ ဆရာဦးလေးမြိုင်ကတော့ ပေါ်ပေါ်ထင်ထင်ပါပဲ။ ဒီမှာတွင် ဆရာက စကား အစအနကောက်ပါလေရော။

mgyoe.com

mgyoe.com


'ကိုဗလကြီး စောစောက ဟိုဆရာမနဲ့ စကားများကြတော့ မစန္ဒာပြော လိုက်တဲ့ စကားတွေ မှတ်မိသေးလား'

'ဟာ … သူက စကားတွေ အများကြီးပြောနေတာ။ အကုန်လုံး ဘယ်မှတ်မိမလဲ'

'ဟိုစကားလေးတော့ မှတ်မိမှာပေါ့'

'ဘယ်ဟာတုန်း ဆရာ'

'ကိုသုမောင်က လူပျို၊ ကျွန်မက အပျိုဆိုတာလေ'

'အင်းလေ … ဟုတ်တာပြောတာပဲ ဆရာရဲ့။ နောက်ပြီး ပြောသေးတယ် လေဗျာ။ ဘာတဲ့ ကျွန်မတို့ချင်း သမီးရည်းစားဖြစ်နေတယ်ဆိုဦးတော့ ရှင်နဲ့ ဘာဆိုင်သလဲဆိုတာ'

'ဟာ … သိပ်မှတ်မိတာပေါ့။ အဲသလောက် ပြောင်မြောက်တဲ့စကား မမှတ်မိဘဲ နေပါ့မလား။ အင်း ထုံသလိုလို၊ အသလိုလိုနဲ့ တော်တော်စကားတတ်တဲ့ မစန္ဒာပဲ ဆရာ'

'စကားတတ်တာက အရေးမကြီးဘူး ကိုဗလရဲ့။ အဲဒီစကားအပေါ် ကိုဗလ ဘယ်လိုမြင်သလဲ'

'ဘယ်လိုမှ မမြင်ပါဘူး။ ဟို ဆရာမ တပ်လန်သွားဖို့သာ အဓိကပဲ'

'အင်း …အင်း'

ဆရာဦးလေးမြိုင်မှာ ပြုံးပြုံး ပြုံးပြုံးနဲ့ ဆက်လက်သောက်နေပါတယ်။ ကျွန်တော်ကလည်း ကိုယ့်အတွေးနဲ့ကိုယ်ပေါ့လေ။ သူစကားပျိုးတဲ့ 'မစန္ဒာနဲ့ ကိုဗလ ရည်းစားဖြစ်နေတယ်ဆိုရင်' ဆိုတဲ့ စကားကိုတော့ ဘယ့်နှယ်မှ မနေပါဘူး။ တစ်နေ့လုံး ထိုင်ကြည့်လို့မှ တစ်စက်ကလေး စိတ်ဝင်စားစရာမရှိတဲ့သူပါ။ သူ့ တစ်ကိုယ်လုံး ဆံပင်ကောက်၊ ဖင်ကောက်၊ နှုတ်ခမ်းထော်ထော်နဲ့ဟာကြီး။ အင်း … စိတ်လည်း ကောက်တတ်မယ့်ပုံကြီး။

အနောသော်လည်း ပေါ့လေ။ ဆရာမြိုင်မှာ ဘာတွေ အတွေးပေါက် တယ် မသိဘူး။ တစ်ညလုံး ကျွန်တော့်ကို မထိခလုတ်တွေ ပြောနေတော့တာပဲ။

'ကိုဗလ အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်ငါးနှစ်'

'မစန္ဒာနဲ့ ရွယ်တူလောက်ပေါ့'

'ဟာ … သူက အများကြီး ကြီးတယ်'

'ကိုဗလက စာလည်းရေးတယ်။ အင်္ဂလိပ်နိယာ ကျောင်းဆင်းဆို'

mgyoe.com

mgyoe.com


'စက်မှုလက်မှု အထက်တန်းပါ ဆရာရယ်'

'ဟီး ... ဟီး၊ မစန္ဒာကလည်း အင်ဂျင်နီယာမလေးဗျ'

သည်မျှဆိုရင် စာဖတ်သူလည်း ရိပ်မိလောက်ပါပြီ။ ကျွန်တော်ကတော့ ကောင်းကောင်းကြီး သဘောပေါက်နေပါပြီ။ ဆရာမြိုင်က ကျွန်တော်နဲ့ မစန္ဒာကို စိတ်ကူးနဲ့ ဖန်တီးနေပြီပေါ့။

သို့သော်လည်းပေါ့လေ။ တကယ်က အဲဒီအချိန်မှာ ကျွန်တော်က 'အေးဘုံ' နဲ့ ရည်းစားဖြစ်နေပြီ။ လက်ထပ်ဖို့ စီစဉ်နေကြပြီ။ (အေးဘုံဓာတ်ပုံတောင် အိတ်ထဲ ပါလာသေးရဲ့။) မစန္ဒာကလည်း သူ့ရဲ့ ပုဂ္ဂိုလ်နဲ့သူ။ စေ့စပ်တော့မည်လား မသိဘူး။ ဒီတော့ ကျွန်တော်က ကြိတ်ပြီး ပြုံးနေမိတာပေါ့။ သူလည်း ဒီကိစ္စသိရင် ကြိတ်ပြုံးမှာပါပဲ။

ခဏနေတော့ ဆရာဦးလေးမြိုင်ဟာ ဝိုင်းထဲကထပြီး အခန်းအပြင်ဘက် ထွက်ပါတယ်။ ကျွန်တော်ကလည်း သိလိုက်ပါရဲ့လေ။ မစန္ဒာတို့ အခန်းသွားပြီး မစန္ဒာကို မထိခလုတ် သွားပြောဦးမှာ။ အင်း ... ဟိုမိန်းမကြီးပါးစပ်နဲ့တော့ တွေ့တော့ မှာပါပဲ။

ဆရာမြိုင် အခန်းဝရောက်တော့ ကျွန်တော်က စာစပ်လိုက်ပါတယ်။ (ကျွန်တော်နဲ့ ဆရာဟာ အမြဲတမ်း စာစပ်၊ စာချိုးနေကျပါ)။

'ဆရာမြိုင် နောက်ဖေးကို ဘာအရေးနဲ့များ ....' လို့။ ဒီတော့ ဆရာကလည်း လက်တန်းပြန်စပ်ရှာပါတယ်။

'တခြားဟုတ်ပါရိုးလား။ သေးပေါက်ဖို့ဗျား'တဲ့။

(ဆရာလေးမြိုင်နဲ့ သူငယ်ချင်း မစန္ဒာသို့)

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊ ရယ်စရာမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# တစ်ပတ်လည်

ညက ဖတ်စရာစာအုပ်သစ်မရှိသောကြောင့် စာအုပ်ဟောင်းပုံကို ပြန်လှန်ရော။ ရွှေအမြုတေမဂ္ဂဇင်းတွေ ထွက်လာပါသည်။ ထိုအထဲမှ အမှတ် ၁၅၁ (၂၀၀၂၊ ဇွန်လ)၊ ၁၅၂ (၂၀၀၂၊ ဇူလိုင်လ)နှစ်အုပ်ကို လှန်လှောမိသည်။ ထိုမှဆရာဝင်းငြိမ်းက ဆရာတက္ကသိုလ်ဘုန်းနိုင်ကို အင်တာဗျူးထားသော စာမျက်နှာများ ပြန်ဖတ်မိပါသည်။ ထိုအင်တာဗျူးမှာ လွန်ခဲ့သော ၂၀ နှစ်ခန့်က ပေဖူးလွှာမဂ္ဂဇင်းတွင် ပါရှိပြီးသား ဆရာဝင်းငြိမ်း၏ အင်တာဗျူးကို ပြန်လည်ဖော်ပြထားခြင်း ဖြစ်၏။ ၂၀၀၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ဆရာဘုန်းနိုင် ကွယ်လွန်ခြင်းနှင့် တိုက်ဆိုင်ပြီး ပြန်လည်ဖော်ပြတာ ဖြစ်ပါလိမ့်မည်။ ဆရာဝင်းငြိမ်း၏ 'တစ်ပတ်လည်အလွမ်း'ဟု ဆိုရပါမည်။ ယနေ့ စာဖတ်သူများအဖို့ အသစ်အဆန်းဖြစ်သော်လည်း ယခင်ဖတ်ဖူးသူများအဖို့ 'တစ်ပတ်လည်ခံစားမှု'ဖြစ်ပါလိမ့်မည်။ ဟိုစဉ်က ဆရာဝင်းငြိမ်းသည် ပေဖူးလွှာတွင် ကျွန်တော့်ကိုလည်း အင်တာဗျူးခဲ့ဖူးလေရာ ဆရာတက္ကသိုလ်ဘုန်းနိုင် အင်တာဗျူးကို ပြန်ဖတ်ရသည်မှာ ကျွန်တော့်အဖို့ 'တစ်ပတ်လည် ငယ်ဂုဏ်'ကို ပြန်ရသလို ခံစားရပါသည်။ ထိုအခါ 'တစ်ပတ်လည် အတွေးစ'တို့ ပြန်ပေါ်လာပါသည်။

ထိုအင်တာဗျူးကို ပြန်ဖတ်ရင်း ကျွန်တော်နှင့်သက်ဆိုင်သည့် ကိစ္စနှစ်ခုကို ပြန်၍တွေ့ရှိရပါသည်။

တစ်ခုမှာ သုမောင်ဟူသော ကလောင်အမည်ကိစ္စ ဖြစ်ပါသည်။

ဆရာဝင်းငြိမ်းကမေးပြီး ဆရာဘုန်းနိုင်က ဖြေထားသည်မှာ ကျောင်းမှာတုန်းက ဆွေသုမောင် ကလောင်အမည်ဖြင့် ဆရာစာရေးဖူးပါသည်တဲ့။

'ဆွေသုမောင် အမွေများကိုလ၊ မေယုတောင် နေရထားတွင်ပ၊ ခွေစကားမှာလိုက်မယ်'ဟူသော တေးထပ်မှ လှလို့ယူသုံးထားကြောင်း၊ သို့သော် ဆွေဆိုတာ ကလက်တက်တက်နိုင်သည်မို့ သုမောင်ဟူ၍သာ သုံးခဲ့ကြောင်း ဆရာက ရှင်းထားပါသည်။

mgyoe.com

mgyoe.com


ထိုအင်တာဗျူးကို လွန်ခဲ့သော ၂၀ နှစ်ခန့်က ပထမအကြိမ် ဖတ်မိတော့ ကျွန်တော့်မှာ နည်းနည်းကျွမြီးတိုမိသည်တော့ အမှန်ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်တော် သုမောင်ကလောင်အမည်ယူခဲ့ခြင်းမှာ ကျွန်တော့်ဖခင် ဆရာသာခ ကလောင်ခွဲ သုမောင်ကို နှစ်သက်သဖြင့်သာ ယူခဲ့ခြင်း ဖြစ်သောကြောင့်ပင်။ သုဆိုတာ ကောင်းသော၊ မောင်ဆိုတာ လူကလေးဟူ၍လည်း သဘောပေါက်ခဲ့သောကြောင့်။ ပြီးတော့ ဟိုးယခင်က တက္ကသိုလ်သုမောင်ဆိုတာလည်း ရှိခဲ့သည်။ သုလင်ဆိုတာပင် ဟာသကလောင်ရှိခဲ့သည်။ ဒါတွေကို ကျွန်တော်က ပြန်ရှင်းရင်း ဆောင်းပါးတစ်ပုဒ်ပင် ရေးခဲ့ဖူးသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်အားလည်း စာပေဟောပြောပွဲတစ်ခုတွင် ရှင်းပြခဲ့ဖူးသည်။ ထိုစဉ်ကတော့ ဆရာက ပြုံးတုံ့တုံ့ လုပ်နေခဲ့လေသည်။

ယခုနှစ် ထိုအင်တာဗျူးကို ပြန်ဖတ်သောအခါ 'တစ်ပတ်လည်ပီတိ' ဖြစ်ရ ပြန်ပါသည်။ ဆရာလည်း သုမောင်အမည်ကို သုံးခဲ့သားပဲဟု။ တခြား မကြည့်ပါနှင့်။ ကျွန်တော်သည်ပင် သားကိုမွေးတော့ သောကြာနံဖြင့် နေ့သင့်နံသင့် မောင်သောကြာဟု အမည်ပေးခဲ့လေရာ နောင်သော် ဖိုးသောကြာတွင်သွားတော့သည်။ မူလက သားသည် အနုပညာလောကထဲ ဝင်ရောက်လိမ့်မည် မထင်ခဲ့။ နောက်ပိုင်း ရုပ်ရှင်ရိုက်ဖြစ်သည်တွင်လည်း ဖိုးသောကြာဟုပင် တွင်သွားတော့၏။ ထိုစဉ်ဝယ် စာရေးဆရာ၊ သတင်းစာဆရာကြီး ဖိုးသောကြာဆိုတာ ရှိနေနှင့်ပြီး ဖြစ်၏။ ဒါကိုပင် ကျွန်တော်က ဂုဏ်ယူမိလေသည်။ ဆရာကြီးကလည်း ဒီကဘိုးဘိုး ဖိုးသောကြာ၊ ဟိုက မြေးလေး ဖိုးသောကြာဟုပင် ကျေနပ်ပီတိဖြစ်ခဲ့ပါသည်။ ဒါက ရွှေအမြုတေ အမှတ် ၁၅၁ မှ ဖြစ်၏။ ထိုအင်တာဗျူးအဆက်ကို ရွှေအမြုတေ အမှတ် ၁၅၂ တွင် ဆက်လက်ဖတ်ရှုရာ ကျွန်တော်နှင့်သက်ဆိုင်သော အကြောင်းအရာတစ်ရပ်ကို တွေ့ရပြန်လေသည်။

ထိုသည်မှာ ဆရာတက္ကသိုလ် ဘုန်းနိုင်၏ အဖြေစကားပင် ဖြစ်နေပြန်၏။ ဆရာဝင်းငြိမ်းက ကမ္ဘာ့စာရေးဆရာကြီးများနှင့်ပတ်သက်၍ 'ကန့်သတ်သိမြင်မှု'နှင့် 'ကန့်သတ်မဲ့ သိမြင်မှု'ဟူ၍ ဆရာတက္ကသိုလ်ဘုန်းနိုင်က ခွဲခြားဖူးတာကို ပြန်ရှင်းပြရန် တောင်းဆိုပါသည်။ ထိုအခါ ဆရာက ...

'ကန့်သတ်သိမြင်မှုဆိုတာ အင်္ဂလိပ်လို Limited Vision ခေါ်တယ်။ ကန့်သတ်မဲ့သိမြင်မှု ဆိုတာကျတော့ Absolute Vision ခေါ်တယ်။ ယေဘုယျအားဖြင့် စာရေးဆရာက လူအကြောင်းတွေရေးတယ်။ သို့သော် ဘယ်သူ့အကြောင်းလဲ။ အရင်က လူတွေအကြောင်းလား၊ လက်ရှိ ယနေ့လူတွေအကြောင်း

mgyoe.com

mgyoe.com


လား၊ သို့မဟုတ် ယခင်၊ ယခု၊ နောင်ဆိုပြီး လူသားတိုင်းရဲ့ စရိုက်အကြောင်းလား'

ထို့ပြင် ဆရာက ထပ်မံရှင်းပြသည်မှာ ...

'Time Space ဆိုတာ ရှိတယ်။ ဘယ်အချိန်၊ ဘယ်ဒေသလဲ။ စာရေးဆရာ တချို့က တစ်ချိန်ချိန်က အကြောင်းတွေသာ သိတယ်။ နောင်တစ်ချိန်ချိန်ကို မသိဘူး။ တစ်ခါတစ်ရံကျတော့ ဒေသတစ်ခုခုအကြောင်းပဲ သိတယ်။ တခြားဒေသအကြောင်း မသိဘူး။ အဲဒီတော့ တစ်ချိန်ချိန်မှာ ပရိသတ်ကြိုက်တဲ့ စာရေးဆရာကို နောင်တစ်ချိန်ကျတော့ သိပင်မသိတော့ဘူး။ ဒေသတစ်ခုခုအကြောင်းရေးဖွဲ့တော့ အခြားဒေသက လူတွေ နားမလည်တော့ဘူး။ အချိန်နဲ့ပထဝီ ကန့်သတ်မှုကြောင့် ဖြစ်ရတာ။ အချိန်နဲ့ပထဝီ ကန့်သတ်မှုကိုကျော်ပြီး ဘယ်အချိန်၊ ဘယ်နေရာမှာပဲဖတ်ဖတ် လူတွေ လက်ခံနားလည်နိုင်တဲ့ စာပေနဲ့စာရေးဆရာကမ္ဘာမှာ အလွန်ရှားတယ်။ ဥပမာ ... နတ်သျှင်နောင်နဲ့ အနန္တသူရိယအမတ်ကြီးတို့ရဲ့ကဗျာတွေဟာ ကွာခြားတယ်။ နတ်သျှင်နောင်ရဲ့ ကဗျာတွေကို တစ်ချိန်တစ်ခါမှာပဲ ကြိုက်ကြတယ်။ နောင်တစ်ချိန်တော့ မကြိုက်တော့ဘူး။ အနန္တသူရိယအမတ်ကြီးရဲ့ 'သူတည်း တစ်ယောက်ကောင်းဖို့ရောက်မူ' ကဗျာဆိုရင် သူ့ကိုသတ်မိန့်ပေးတဲ့ နရပတေ့ဘုရင်ကိုလည်း မကြည့်၊ ပုဂံပြည်ကိုလည်း မကြည့်၊ သံသရာတစ်ခုလုံးကို ကြည့်ပြီး ရေးတယ်။ ဒါဟာ Absolute Vision (ကန့်သတ်မဲ့အမြင်)ရှိတာကို ပြတာပဲ' စသဖြင့် ဆရာကရှင်းပါသည်။ ကျွန်တော်က အကျဉ်းချုပ်ကို ပြန်ရေးတာ ပါ။ ဆရာရှင်းထားတာ ပိုပြည့်စုံပါသည်။

သည်ကိစ္စက ကျွန်တော်နှင့် ဘယ်လိုပတ်သက်ပါသလဲ။ ကြီးကြီးကျယ်ကျယ်ပြောတာတော့ မဟုတ်ပါဘူး။ ကျွန်တော်သည် စာပေနယ်သို့ ဝင်ရောက်စမှာ စာတွေ အများကြီး ဖတ်ပါသည်။ သို့သော် ရွေးပြီး ဖတ်ပါသည်။ လူ့သဘာဝ လူ့စရိုက် ဦးစားပေးစာတွေ ဖြစ်သည်။ ဘာသာပြန်တွေ ဖတ်သည့်အခါ၌ပင် လူသားအများစုနှင့် သက်ဆိုင်သော စာပေမျိုးသာ ဖတ်ပါသည်။ ကျွန်တော် ဝတ္ထုစာပေ စသဖြင့်ရသစာပေတွေ ရေးတော့လည်း လူများစုနှင့် သက်ဆိုင်သည်တို့ကိုသာ ရေးပါသည်။ ဝတ္ထုရှည်များ ရေးဖွဲ့ရာ၌ပင်လျှင် ဇာတ်လမ်းနှင့် ဇာတ်ကောင်စရိုက်ကို ခေတ်ကာလနှင့်အချိန်ပေါ် မူတည်ပြီး မရေးခဲ့ပေ။ ခေတ်ပြိုင်ခံစားမှု ရုပ်ဝတ္ထုများအကြောင်း သိပ်ပြီး မရေးဖြစ်ခဲ့ပါ။ သာမန်လူများစု၏ သဘာဝကိုသာ ရေးခဲ့ပါသည်။

ဤသည်မှာ ဆရာ့အင်တာဗျူးကို ပထမအကြိမ် မဖတ်ရခင်ကတည်းက ကျွန်တော့်ဘာသာ ကြံစည်ခဲ့ခြင်းများ ဖြစ်သည်။ ကိုယ့်စာပေများသည် ဆရာ

mgyoe.com

mgyoe.com


ပြောသော Absolute Vision အဖွဲ့တွင် မသိမသာ ပါဝင်နေကြောင်းကိုပင် သတိမထားမိခဲ့ပါ။

နောက်ပိုင်း ဆရာတက္ကသိုလ်ဘုန်းနိုင်၏ အင်တာဗျူးကို ပထမအကြိမ်ဖတ်ရသောအခါ 'ဟယ် ...ငါ့စာတွေဟာလည်း ဒီလိုမျိုးပါလား'ဟူ၍ ပီတိဖြစ်ရပါသည်။ ကျေနပ်ခြင်း၊ ဘဝင်လေဟပ်ခြင်း ဖြစ်ရသည်။ ထိုအခါ ကျွန်တော်သည် ထိုအဖွဲ့မျိုး၌ သာယာပြီး Absolute Vision ဖြစ်အောင် ကြိုးစားခဲ့ပြန်ပါသည်။ ထိုအခါ မူလပင်ကို သူ့ဘာသာသူ ရေးဖြစ်ခဲ့သော ကျွန်တော့်ဟန်များ ပျက်စီးကုန်ပါသည်။ ဆိုလိုသည်မှာ မဖြစ်ဖြစ်အောင် ဖျစ်ညှစ်လုပ်နေမိသဖြင့် သဘာဝမကျတော့ခြင်း ဖြစ်၏။ ထိုအခါ ကျွန်တော်၏စာပေများအပေါ် ဝေဖန်ထိုးနှက်ချက်များကောင်းစွာ ခံစားရတော့သည်။ ကျွန်တော်၏ စေတနာနှင့် ဦးနှောက်များ ကွယ်ပျောက်နေသည်ကို ထောက်ပြလာကြတော့သည်။ ကျွန်တော်၏ စာပေများ ထော်လော်ကန့်လန့် ဖြစ်ကုန်ပါသည်။

သည်လိုနှင့် ကျွန်တော်သည် ကျွန်တော်၏ စာပေရေးအားကို စက်သတ်ပြန်ပါသည်။ ပင်ကိုသိဖြင့်ကား မဟုတ်။ ထိုးနှက်ဝေဖန်မှုများအပေါ် ကြောက်လန့်တကြားဖြစ်ရခြင်းသာ ဖြစ်ပါသည်။ စိတ်ပျက်အားလျှော့ခြင်းသာ ဖြစ်ပါသည်။ ဆရာတက္ကသိုလ် ဘုန်းနိုင်၏ အင်တာဗျူးကို ကောက်နုတ်ပြီး ပြန်လည်ချေပသော်လည်း ရယ်ပွဲဖွဲ့ခြင်းသာ ခံရပါသည်။ ဆရာ့ကိုကား မဟုတ်။ ကျွန်တော့်ကို ရယ်ပွဲဖွဲ့ကြခြင်းသာ ဖြစ်ပါသည်။

နောက်ပိုင်းတွင် ကျွန်တော်၏ စိတ်သည်လည်းကောင်း၊ စာပေအဖွဲ့အနွဲ့သည်လည်းကောင်း ပုံမှန်ပြန်ဖြစ်ခဲ့ရပါသည်။ ဆိုလိုသည်မှာ ရိုးဂုဏ်နှင့် စေတနာကိုတမင်တကာရှာဖွေခြင်း မပြုတော့ပေ။ စိတ်ထဲရှိသည့်အတိုင်းသာ ရေးချနေမိပါတော့သည်။

ဟော ...ယခုတစ်ကြိမ် ဆရာ၏ အင်တာဗျူးကို ပြန်ဖတ်ရသောအခါ ဟိုယခင် (၂၀)နှစ်ကလို ပီတိကို ပြန်၍ ခံစားရပြန်ပါသည်။ ဘောင်ဘင်ခတ်သော ပီတိမျိုးကား မဟုတ်။ စမ်းရေကဲ့သို့ တသွင်သွင်စီးဆင်းနေသော ပီတိမျိုးသာ ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်နေရပါသည်။ တစ်ဆက်တည်းပင် ထိုပီတိအပေါ် နောက်တစ်ကြိမ် မသာယာမိဖို့ကိုလည်း သတိကြီးစွာ ထားရပါသည်။ 'တစ်ပတ်လည်ပီတိ'ဟု ဆိုချင်ပါသည်။

၂၀၀၇-ခုနှစ်၊ အောက်တိုဘာလ၊ ရွှေအမြုတေမဂ္ဂဇင်း

□

mgyoe.com

mgyoe.com

# အိုဘယ့် အနုပညာရှင်

ကဗျာဆရာမ မအိကပြောတယ်။

'ဘိုသုတို့ကတော့ အေးအေးဆေးဆေးပဲနေ၍ လုပ်ချင်တာလေးတွေ လုပ်နေရတာပဲ'တဲ့ သူ့စကားက မှုဒိတာစကားပါ။ စာရေးလိုက်၊ သီချင်းလေးဆိုလိုက်၊ ရုပ်ရှင်လေးရိုက်လိုက်နဲ့ ... ကိုယ်ပျော်ပိုက်တာတွေ လုပ်နေရတာကို အားကျလို့ ပြောတာ။ မှန်ပါတယ်၊ ခုနှယ်ခါ သားတွေ၊ သမီးတွေလည်း လက်လွှတ်ရပြီမို့ ကိုယ်စိတ်ကူးတည့်ရာလေးတွေ လုပ်နိုင်နေပါပြီ။

အရက်ကလေး သောက်ချင်သလား သောက်လိုက်။ မော်တော်ကား ရှိနေတော့ စာပေမိတ်ဆွေတွေဆီ သွားချင်သလား ထသွားလိုက်။ ဘယ့်လောက်ဟန်ကျသလဲ။

ရုပ်ရှင်မှာလည်း အမြင့်ဆုံးအကယ်ဒမီဆုကို ရပြီးပြီ။ စာပေမှာလည်း မန္တလေးစာပေဆု ရပြီးပြီ။ ကမ္ဘာပတ်ပြီး သီချင်းတွေ ဆိုခဲ့ပြီးပြီ။ ခုတော့ နားအေးပါးအေး စာလေးဘာလေး ရေးပြီး နေနိုင်ပြီ။

ဒါပေမဲ့ ဒီအခြေအနေရောက်ဖို့ ငယ်ငယ်က အလွန်ကြိုးစားခဲ့ရတာပါ။ အသက် ၁၇ နှစ်သားမှာ ကိုယ့်ထမင်းကိုယ်ရှာစားနေခဲ့ပြီ။ အသက်နှစ်ဆယ်မှာ စာပေဂီတ ရုပ်ရှင်နယ်ပယ်ထဲ ရောက်နေပြီ။ မှတ်မိသေးတယ်။ အေးဘုံက ဒိုင်ယာရီနဲ့ အလုပ်တွေကို မှတ်ထားတယ်။ ရထားဘူတာက ဆင်းတာနဲ့ လေဆိပ်ကို သွား၊ လေယာဉ်ပျံပေါ်က ဆင်းတာနဲ့ သင်္ဘောဆိပ်ကိုကူး၊ သင်္ဘောဆိပ်က တက်တာနဲ့ မော်တော်ကားပေါ်တက် စသဖြင့် အလုပ်တွေ ဖယ်ဆက်လုပ်ခဲ့ရလို့ အဲဒီ ဒိုင်ယာရီမှာ မင်းနီနဲ့ စာရေးထားလိုက်မိတယ်။

'ခွီး ... ငါ နားပါရစေဦး'လို့။

မှတ်မိသေးတယ် မင်းသားကြီး ဦးဝင်းဦး ပြောခဲ့တဲ့စကား–

'အမေ့ဗိုက်ထဲတုန်းက အမေက ချုပ်ထားတယ်။ အပြင်ရောက်တော့ နာနီ

mgyoe.com

mgyoe.com


က ချုပ်ထားတယ်။ ကျောင်းနေတော့ ဆရာမက ချုပ်ထားတယ်။ တက္ကသိုလ်ရောက်တော့ ပါမောက္ခက ချုပ်ထားတယ်။ စစ်တပ်ထဲရောက်တော့ အထက်အရာရှိက ချုပ်ထားတယ်။ ဟော ...ကိုယ်လုပ်ချင်ရာ လုပ်မဟဲ့ဆိုပြီး အနုပညာသည်ဝင်လုပ်ပါတယ် ပရိသတ်က ချုပ်ပြန်ရော' မှန်လိုက်တဲ့ စကားပါပဲ။

ကျွန်တော်လည်း အနုပညာသည်ဘဝမှာ အချုပ်အနှောင်တွေကြား မလူးသာ မလွန့်သာပေါ့။ ဒါပေမဲ့ ကံကောင်းတာတစ်ခုက သားသမီးတွေမွေးလာမှ စီးပွားက ပိုတက်တယ်။ အလုပ်က ပိုများတယ်။ ဒီတော့ ဘာဖြစ်သတဲ့လဲ။ သားသမီးတွေရဲ့ နောင်ရေးဆိုတာကို သိပ်မတွက်တော့ဘူး။ ငါရှာနိုင်တယ် ဖြစ်လာတယ်။ ဒါပေမဲ့ စိတ်ကျဉ်းကျပ်မှုဒဏ်ကိုတော့ မခံနိုင်တာ အမှန်ပဲ။ ဒီကျဉ်းကျပ်မှုက လွတ်အောင် ကြိုးစားရတယ်။ အရက်သောက်တယ် ဆိုပါစို့။ ဒါပေမဲ့ မရပါဘူး။ ပရိသတ်ရဲ့ ချုပ်ချယ်မှုဟာ အလွန်အားကြီးတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ပရိသတ်ဆိုတာ မပြပါဘူး။ အချိန်တန်တော့လည်း ဗွန့်ခွာသွားကြတာပါပဲ။ ရိုးအီလာကြတာပါပဲ။ ပရိသတ်အချစ်ဆိုတာက မိသားစုအချစ်နဲ့မှ မတူဘဲကိုး။ ဒီလိုနဲ့ ကျွန်တော်လည်း အနုပညာလောကမှာ အီလည်လည် ဖြစ်လာခဲ့ရပါတယ်။ ဒါပေမဲ့ လုံးလုံးကြီးတော့ ပြုတ်ကျမသွားခဲ့ပါဘူး။ ရုပ်ရှင်ဆိုလည်း အဖေခန်း၊ ဂီတဆိုလည်း အလှူမင်္ဂလာဆောင်၊ ပြီးတော့ အခိကဒေါက်တိုင်က စာပေရေးသားမှု။

အမေပြောသလိုဆိုရင်တော့ ဘဝ၊ ဘဝရဲ့ကံအကျိုးဆိုရမှာပါပဲ။ ဟော ကိုယ်လည်း ကျချိန်ရောက်ရော သားတွေ၊ သမီးတွေက အပြိုင်းအရိုင်း၊ လူတစ်လုံး၊ သူတစ်လုံး ဖြစ်လာကြတယ်။

ဖိုးသောကြာတဲ့။ သီချင်းအဆိုနဲ့ သရုပ်ဆောင်လိုင်းမှာ သူ့ခြေထောက်ပေါ် သူရပ်နေနိုင်ပြီ။ သမီးကြီးစိုးအိမ်သူကလည်း အလုပ်တစ်ဖက်နဲ့ ပညာရေးမှာ ပါရဂူဘွဲ့ယူဖို့ ကြိုးစားနေပြီ။ နှိုညာကောင် ထိန်ထိန်သာက စင်ကာပူမှာ ဘူမိဗေဒအရာရှိပေါက်စ။ အငယ်မ ထိပ်ထားက ကိုရီးယားဘာသာ ဆရာမ။ ကိုင်း ...သားသမီးတွေကိစ္စ စိတ်အေးရပြီ မဟုတ်လား။ မိဘဝတ္တရားကျေပြီ မဟုတ်လား။ အေးဘုံပြောသလို 'ရှင်နားခွင့်ရပြီ' မဟုတ်လား။

မဟုတ်သေးဘူးဗျ။

ခုလတ်တလော ဖြစ်နေတာက တစ်နေကုန် အိမ်မှာထိုင်တွေး၊ စာလေးပေလေးရေး။

ဖိုးသောကြာတစ်ယောက် ရုပ်ရှင်ရိုက်ကွင်း ကားနဲ့ထွက်သွားတာနဲ့ ဒီ

mgyoe.com

mgyoe.com


ကောင့်ကို မနာလိုဖြစ်၊ အကြီးမ အလုပ်သွားတာနဲ့ မစ္ဆရိယစိတ်တွေပွား၊ စင်ကာပူကကောင် ငွေပို့ပေးတာကို ရှက်။ အငယ်မ ကျူရှင်သွားပြတာကို ဒေါသတွေပွားနဲ့။ တစ်နေကုန် နေမထိ ထိုင်မသာ ဖြစ်နေတော့တာ။ 'ငါ့မှာ ဘောလ်ပင်ရှိရင် ထမင်းမငတ်ဘူးကွ'လို့လည်း မဆီမဆိုင် ပြောမိရဲ့။ အိမ်က အဘွားကြီးဆိုတာလည်း သူ့အလုပ်သူလုပ်ပြီး ညနေခြောက်နာရီခွဲတာနဲ့ TV ရှေ့ရောက်သွားပြီ။ ည ၈ နာရီ ကျွန်တော့်ကို ထမင်းဆင်းကျွေး။ ပြီးတော့ TV ရှေ့ပြန်ထိုင်။ ကျွန်တော် အိပ်ပျော်မှ ခုတင်ပေါ် ပြန်ရောက်လာတယ်။ ကိုင်း ... အနုပညာသမားများ မခက်ပေဘူးလားဗျာတို့။

၂၀၀၇–ခုနှစ်၊ နိုဝင်ဘာလ၊ ကလျာမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

## ဆေး

ကျွန်တော့်ဖခင်နှင့် မိခင်တို့သည် ၁၉၆၀ တစ်ဝိုက်တွင် လင်ခန်း၊မယားခန်း ပြတ်စဲခဲ့ကြပါသည်။ ထိုတုန်းက ကျွန်တော့်မှာ မူလတန်းကျောင်းသားအရွယ်မျှသာ ရှိပါသေးသည်။ ထိုစဉ်က အဖေ့ထံ ကျွန်တော်စာတစ်စောင် ရေးခဲ့ပါသည်။

'ဖေဖေ ... ကျွန်တော့်ကို ပတ်ကားဖောင်တိန် တစ်လက်လောက် ဝယ်ပေးပါ။ ကျွန်တော် စာရေးဆရာလုပ်ပြီး မေမေ့ကိုလုပ်ကျွေးချင်လို့'ဟူသော သဘောမျိုး ဖြစ်ပါသည်။ ကလေးအတွေးဆိုပေမယ့် လေးနက်နေကြောင်း သိသာပါသည်။ တကယ်တော့မူ စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ကွာကြရှင်းကြသော်လည်း ဖေဖေ့ဘက်က မေမေနှင့် ကျွန်တော်တို့အပေါ် ယခင်ကထက်ပင် တာဝန်ကျေခဲ့ပါသည်။ ပိုလို့ ဂရုစိုက်ခဲ့ပါသည်။ ကွာရှင်းပြတ်စဲပြီး နောက်ပိုင်းလည်း ကွယ်လွန်ချိန်အထိ အဖေနှင့်အမေတို့သည် မောင်နှမလိုမျိုး၊ သူငယ်ချင်းလိုမျိုး နေနိုင်ခဲ့ကြပါသည်။

'အညို ... ကိုယ်မှားပါတယ်'ဟု အဖေက အမေ့လက်ပေါ် မျက်နှာမှောက်လျက် မျက်ရည်တွေတွေကျခဲ့တာကို ကျွန်တော် မှတ်မိနေပါသည်။ အမေအလုပ်လုပ်သော ကျောင်းမှာဖြစ်ခဲ့ခြင်းဖြစ်၏။

'အဲဒီကတည်းက အမေ့ဆံပင်တွေ ဖြူဖွေးကုန်တာပါပဲ သားရယ်'ဟု အမေပြောခဲ့သည်ကိုလည်း ယနေ့တိုင် နားထဲက မထွက်နိုင်ပါ။

သူရို့သည် မချစ်ကြ၍မဟုတ်ဘဲ မကြိုက်ကြတော့၍ လမ်းခွဲလိုက်ပုံရပါသည်။ သူရို့၏ အတွင်းစိတ်ကို ခန့်မှန်းရခက်ပါသည်။ သို့သော် စောစောကပြောသလို ၅၂၈ သွယ်သော မေတ္တာဖြင့်တော့ ချစ်ခင်မပျက် နေနိုင်ခဲ့ကြလေသည်။ ဤသို့ နေထိုင်လာခဲ့ကြသည်မှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြချိန်အထိ ဖြစ်ပါသည်။

ကျွန်တော် ယခုပြောပြလိုသည်မှာ မှတ်မှတ်ရရ ၁၉၈၅ ခုနှစ်က

mgyoe.com

mgyoe.com


အကြောင်းအရာ ဖြစ်ပါသည်။ ထိုစဉ်က အဖေနှင့် အမေတို့သည် အသက်ခုနစ်ဆယ်ကျော်တွေ ဖြစ်နေကြပါပြီ။ အတူတော့ဖြင့် မနေကြပါ။ အဖေက ဝင်ဒါမီယာမှာ၊ အမေက သဃ်န်းကျွန်းမှာပါ။ ထိုကာလတွင် ကျွန်တော်သည် အဖေနှင့်အတူ အပေါ်ထပ်၊ အောက်ထပ်နေခဲ့ကြပါသည်။ တစ်နေ့တွင် အဖေ့ထံမှ စာတစ်စောင်နှင့် ဆေးပုလင်းတစ်ပုလင်း အောက်ထပ်သို့ ရောက်လာပါသည်။ အဖေနှင့် ကျွန်တော်က စာဖြင့် စကားပြောကြသည်။

*ဇလကြီး ...*

*မင့်အမေအတွက် ပလူပီမင် အားဆေး ပေးလိုက်တယ်။ ခက်ခက်ခဲခဲရှာတွေ့တာ။ ဆေးတောင့်နဲ့ ပုလင်းက အမျိုးမတူဘူး။ ရရာပုလင်းနဲ့ ထည့်ပေးလိုက်ရတယ်။ ဒီဆေးက ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ က မင့်အမေ အားနည်းလို့ ငါဝယ်ပေးနေကျ ဆေးပဲ။ ခုလည်း သူအားနည်းနေပြန်ပြီကြားလို့ ရှာဝယ်ခဲ့တာ။ ငါက ပေးတယ်လို့ ပြောဖြစ်အောင်ပြော။*

*ဖေဖေ*

ထိုဆေးပုလင်းကို အမေ့ထံ လူကြုံဖြင့် ကျွန်တော်ပို့ပေးခဲ့ပြီးနောက် ချက်ချင်းဆိုသလိုပင် အမေ့ထံမှ တယ်လီဖုန်း ဝင်လာပါသည်။

'သားလား'

'ဟုတ်ကဲ့ပါ'

'အမေပါ'

'ပြောပါ အမေ'

'မင့်အဖေ ပို့လိုက်တဲ့ဆေး အမေရတယ်။ အဲဒါ ...'

'ဒါများ အမေရယ်၊ အထူးအဆန်း ပြောနေရသေးတယ်'

'ဟဲ့ ...ထူးတာ ရှိတယ် သားရဲ့'

'ဘာများလဲ အမေ'

'မင့်အဖေကို ပြောလိုက်စမ်းပါ သားရယ်။ အမေဖုန်းဆက်တယ်လို့'

(ကျွန်တော်နှင့်အမေတို့၏ ရယ်သံများ ရောထွေးသွား၏။)

'အမေနဲ့အဖေ ကင်းကွာသွားပြီးပေမဲ့ ဒီလိုပဲ ဖုန်းဆက်ဆက်နေတာ ဘာထူးဆန်းလို့လဲ'

'ဆန်းပါသော်ကော သားရယ်။ အဲဒီ ပလူပီမင်ဆေးက မင့်ကို မမွေးခင် အကြီးဆုံးကောင် အာယု (ယခု အငယ်ဆုံး ဒါရိုက်တာအာယု မဟုတ်ပါ။ ကွယ်လွန်သွားသူ ကျွန်တော့်အစ်ကို အကြီးဆုံးမှာလည်း အာယုပင် ဖြစ်၏။ အာယု၊

mgyoe.com

mgyoe.com


ဝဏ္ဏ၊ သုခ၊ ဗလဟူ၍ရှိရာ အာယုနှင့် သုခမှာ ကွယ်လွန်နှင့်ပါပြီ) အေး ... အဲဒီ အာယု မွေးတုန်းက မင့်အဖေက အမေ့ကို ဝယ်တိုက်ခဲ့တာ ပလူပီမင်ပဲ။ ဒီဆေးမျိုးပဲ'

'အင်းလေ အမေရဲ့၊ အဲဒါက ဘာဖြစ်သလဲ'

'ဟဲ့ ... ဖြစ်ပါပြီကော သားရယ်။ ဖြစ်ဖြစ်၊ ဖြစ်ဖြစ်နဲ့တောင် မြည်နေသေးတယ် သားရဲ့'

(အမေ၏ ရယ်မောသံများ)

'ဒီလို သားရဲ့၊ အဲဒီဆေးကို လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်က အမေအားနည်းလို့ဆိုပြီး မင့်အဖေက အမေ့ကို ပုလင်းလိုက် ဝယ်တိုက်ခဲ့ဖူးတယ်'

'ဟုတ်ကဲ့၊ အဖေလည်း ပြောပါတယ်အမေ'

'အေး ...ခုတော့ အလုံးလိုက်ပဲ ဝယ်လို့ ရသလား မသိပါဘူးကွယ်။ ဘားပလက် ပုလင်းကြီးနဲ့ ထည့်ပေးလိုက်တယ်'

'အဲဒါ ဘာဖြစ်လို့လဲ အမေ။ ဆေးချင်း အတူတူပဲဟာ'

(အမေ၏ ရယ်သံမှာ ကြည်နူးဖွယ် ဖြစ်နေပါသည်။)

'ဒီလိုကွဲ့ ... အဲဒီတုန်းက မင့်အဖေဝယ်ပေးခဲ့တဲ့ ပုလင်းဟောင်းက ခုထိအမေသိမ်းထားတာ ရှိနေသေးတယ်။ ဒီတော့ ခု မင့်အဖေပေးလိုက်တဲ့ ဘားပလက် ပုလင်းထဲက ဆေးတွေကို ပုလင်းဟောင်းထဲကို ပြန်ပြောင်းထည့်ပြီးပြီ။ မင့်အဖေကို ပြောလိုက်စမ်းပါ။ လွန်ခဲ့တဲ့ နှစ် ၄၀ ကပုလင်း၊ အမေ သိမ်းထားတာ ခုထိ ရှိသေးတယ်လို့။ အမေ ခုနကပဲစပြီး သောက်တယ်လို့'

အမေ၏ ရယ်သံကို မကြားရတော့ပါ။ အမေကတော့ ကြည်နူးစွာ ရယ်နေဆဲ ဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်တော်က မကြားရပါ။ ရယ်မောရမည့်အစား မျက်ရည်များ လည်လာပါတော့သည်။

လွန်ခဲ့တဲ့ နှစ် ၄၀ က ပလူပီမင်ဆေးနှင့် ယခုပလူပီမင်ဆေး အာနိသင် တူသေးရဲ့လားတော့ ကျွန်တော်မသိပါ။ ဆေးတော့ ဆေးပါပဲ။ ဓာတုဗေဒတွေ ကွာချင် ကွာနေပေလိမ့်မည်။ ဆေးပုံသဏ္ဌာန် ပြောင်းချင် ပြောင်းသွားပေလိမ့်မည်။ အရောင်လည်း တူချင်မှ တူပေမည်။

သို့သော် ...

ဆေးကတော့ ဆေးပါပဲ။

ဒါပေမဲ့ အားဆေး။

ဟုတ်ပါ့၊ ကျွန်တော့်အဖေပေးတဲ့ အားဆေး။

mgyoe.com

mgyoe.com


ကျွန်တော့်အမေအတွက် အားဆေး။

အဖေက နှစ် ၄၀ ကျော်က ဆေးကိုမှတ်မိနေလို့ ဝယ်ပေးခြင်းဖြစ်သည်။ အမေက ဟိုနှစ် ၄၀ ကျော်က ဆေးပုလင်းလွတ်ကို သိမ်းထားသူ ဖြစ်သည်။

ဘယ်သူက အချစ် ပိုခဲ့ပါသလဲ။

ဘာပဲဖြစ်ဖြစ် အမေသည် အသက် ၈၇ နှစ်၊ ၂၀၀၄–ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကျမှ အေးချမ်းစွာ ပြုံးပြုံးကလေး ကွယ်လွန်ခဲ့တာကတော့ သေချာလှပါသည်။ ဆေးကောင်းတစ်လက်ကြောင့်ပင်။

၂၀၀၈–ခုနှစ်၊ ဇန်နဝါရီလ၊ ရွှေအမြုတေမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

# ထိုတန်ဖိုး

ရိုးရိုးကြီးဝန်ခံရလျှင် ကျွန်တော်အရှိန်တက်နေစဉ်က သားသမီးတွေ၏ နောင်ရေးကို မစဉ်းစားခဲ့ပါ။ ပေယျာလကန်ထားတာ မဟုတ်။ ဒီတစ်သက်တော့ ကျွန်တော့်ဘဝ ကျဆုံးစရာမရှိဟု ထင်ခဲ့သောကြောင့် ဖြစ်သည်။

ကျွန်တော့်ဘဝကလည်း အဘက်ဘက်က အောင်မြင်ခဲ့တာကိုး။ ထင်မထားတာတွေ အကုန်အောင်မြင်ခဲ့သည်။ ဖြစ်ချင်တာက အင်ဂျင်နီယာ၊ ဖြစ်လာတော့ မင်းသား၊ အဆိုကျော်၊ စာရေးဆရာ။

ဒါတွေကလည်း အမှတ်မထင် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ လမ်းဘေးမုန့်ဟင်းခါးသည် ရုပ်ပေါက်သော ကျွန်တော်၊ မုန့်ဟင်းခါးသည် ဇာတ်ကားရိုက်တော့ မင်းသားဖြစ်သွားသည်။ မတော်တဆ ထောင်ကျသွားတော့ ပျင်းပျင်းရှိ 'တိုက်'ထဲ သီချင်းအော်ဆိုရင်း အဆိုကျော်ဖြစ်သွားသည်။ မိသားစုဘဝ အတွေ့အကြုံလေးတွေ ကောက်ရေးရင်း စာရေးဆရာဖြစ်လာရသည်။ ဒါတွေဟာ မတော်မဆဖြစ်တာတွေ မှန်သော်လည်း တကယ်တော့ အတုယူအားကျဖွယ် မဟုတ်ပေ။ ရုန်းကန်ကြိုးစားမှုမပါသော အောင်မြင်မှုမှာ တန်ဖိုးနည်းပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော် အောင်မြင်ခဲ့ပါသည်။ ပြီးတော့ ထုံးစံအတိုင်း ကျဆုံးပါသည်။ ဘာကြောင့်ကျဆုံးကြောင်း တစ်တိုင်းပြည်လုံး သိသည်။ ကံကောင်းတာလေးတစ်ခုက ဒီနေ့အထိ စာရေးပြီး ထမင်းစားနိုင်ခြင်းဖြစ်သည်။ သီချင်းလေး ဘာလေးဆိုနေရသေးသည်။ ဘာပဲဖြစ်ဖြစ် ယခင်သုမောင်တော့ မဟုတ်တော့ပြီ။ ကျတာကလည်း ရုတ်တရက်ကျတာ မဟုတ်လေတော့ သိပ်သတိ မထားမိခဲ့ပေ။

ဟော ...ငါးဆယ်လည်းရောက်ရော ဖျတ်ခနဲ သတိပြုမိလာတော့သည်။ ငါကျရှုံးနေပါပေါ့လား။ သည်တော့မှ သားသမီးတွေနောင်ရေး စပြီးတွေးမိတော့သည်။ အချိန်ကတော့ နောက်ကျသွားပေပြီ။ လွန်လေပြီးသောကာလက သား

mgyoe.com

mgyoe.com


တွေ၊ သမီးတွေကိစ္စ စဉ်းစားခဲ့၊ စီစဉ်ခဲ့လျှင် ဘယ်လောက် ကောင်းမည်နည်း။ ကျွန်တော်သည် အိပ်ရာမှ လန့်နိုးသူပမာတည်း။

သို့သော် ကံကလေးကတော့ အလိုက်သားပင်။ သမီးကြီးက အလုပ်တစ်ဖက်နှင့် M.Sc ပြီးသွားပြီ။ သား ဖိုးသောကြာကတော့ သိတော်မူကြသည့် အတိုင်းပင် မတ်တတ်စမ်းစ ပြုနေလေပြီ။ ဒီကောင်ကလည်း ကံကောင်းသည်။ မင်းသားလုပ်ဖို့ စိတ်ကူးရှိတာမဟုတ်။ တစ်ခါသား ရုပ်မြင်သံကြားမှ ဆို၊ က၊ ရေး၊ တီး၊ တီဗွီဇာတ်လမ်းတစ်ပုဒ် ကျွန်တော့်ကိုအပ်နှံရာ သားနှင့်လိုက်ဖက်မည်ထင်လို့ ရိုက်ပေးလိုက်သည်။ ဟော တစ်ပြားမှမကုန်ဘဲ 'ဖိုးသောကြာ'ဆိုတာ ဖြစ်သွားတော့သည်။ အငယ်ဆုံးမ ထိပ်ထားက စာတော်သည်။ နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ကိုရီးယားဘာသာဖြင့် ဘွဲ့ရသည်။ ဘာမှမကြာလိုက်၊ အလုပ်ပါ ရသွားသည်။ လက်ရှိ ကိုရီးယားဘာသာတက်နေသူကလေးတွေကို ကျူရှင်လိုက်ပြသည်။ အလုပ်ကိစ္စနှင့် လာရောက်သော ကိုရီးယားလူမျိုးများအတွက်လည်း စကားပြန်လုပ်ပေးသည်။ အဲ ... တစ်ကောင်ပဲ။ ထိန်ထိန်သာ (ဖိုးစနေ)။ ဘူမိဗေဒဖြင့် ဘွဲ့ရပြီး ယောင်ချာချာဖြစ်နေသည်။ ဒါနဲ့ အိမ်မှာပဲ T.V ဂိမ်းထောင်ပေးသည်။ မီးက မမှန်တော့ ရှုံးရော။

သနားစရာကောင်းတာက–

'ဖေဖေ သား ဘာလုပ်ရမလဲ'ဆိုတာပဲ ခဏခဏမေးနေခြင်းဖြစ်သည်။ သူ့စိတ်ထဲ သိမ်ငယ်နေပုံရသည်။ တစ်ဖက်က ကြည့်ပြန်တော့လည်း ဒီလိုမေးဖော်ရနေတာလေးကိုပင် ကျေနပ်နေရသည်။

နောက်တော့ သင်္ဘောလိုက်မည် ဖြစ်ပြန်ရော။ သို့သော် သူက မိသားစုကို အလွန်ခင်တွယ်သူမို့ တားရသည်။

နောက်ဆုံးတော့ စင်္ကာပူမှာ ဘူမိဗေဒသမားတွေ အလုပ်လွယ်သည် သတင်းကြားရသည်။ ကျွန်တော် စင်္ကာပူရောက်တော့လည်း ဟိုက မိတ်ဆွေတွေက လွှတ်လိုက်ပါဟု အားပေးသည်။ သို့သော် (မရှက်ပါဘူး)ရှာကြံပြီး စင်္ကာပူပို့လိုက်သည်။ ကံကောင်းချင်တော့ အလုပ်က ချက်ချင်းရသည်။ သို့သော် ရသည့် အလုပ်နှင့်စာလျှင် အသက်က ငယ်နေသည့်အတွက် တရားဝင်နေခွင့်ရရှိရေး စာမေးပွဲဖြေဆိုရသည်။ စာမေးပွဲဖြေဆိုပြီး မြန်မာပြည်တစ်ခေါက် ပြန်လာခဲ့သည်။ နှစ်ပတ်အကြာတွင် စာမေးပွဲ အောင်ကြောင်းသိရသည်။ စာမေးပွဲအောင်မြင်သည့်အတွက် သံရုံးတွင် ဗီဇာဝင်ရန်မလိုဘဲ ပြန်လည်ထွက်ခွင့်ရပြီး စင်္ကာပူတွင် တရားဝင်နေထိုင်ခွင့် ရရှိသည်။ ခုတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်ကြပ်ကလေး

mgyoe.com

mgyoe.com


ဖြစ်နေပြီ။

ပြောချင်တာက အဲဒါမဟုတ်။

သားကို စက်ဘီးလွှတ်မည်ဆိုတော့ ဝိုင်းတားကြသည်။ အိမ်မှာပဲ တင်ကျွေးထားတာက အလုပ်ဖြစ်ဦးမယ်။ ဟိုမှာ ရတာနဲ့ ကုန်တာ ကာမိမှာ မဟုတ်ဘူးတဲ့။ အလုပ်ရှာမရဘဲ ပြန်လာလျှင် စိတ်ဓာတ်ကျဦးမည်တဲ့။ သို့သော် ခုတော့ သားဆီက ဖုန်းလာတိုင်း ပီတိဖြစ်နေသည်။

'ဖေဖေ သုံးမိနစ်ပဲ ပြောမယ်နော်'တဲ့။ (အိမ်မှာ တယ်လီဖုန်းအလွန်သုံးတဲ့ကောင်။)

'စနေနေ့တိုင်း ဘုန်းကြီးကျောင်းမှာ ဓမ္မစကြာသွားရွတ်တယ်ဖေဖေ'တဲ့။ (အိမ်မှာ ဘုရားခန်းထဲတောင် မဝင်တဲ့ကောင်။) အခုအလုပ်ရသွားလို့ ဝမ်းသာရပါသည်။ အကယ်၍ အလုပ်မရလည်း စောစောကပြောခဲ့တဲ့ သူ့စကားလေးတွေနဲ့ ဒီက အဖေကြီးမှာ ကျေနပ်နေရပြီ။ အဖေဆိုတာ သူသိသွားပြီ။ ကျွန်တော် ကုန်ရကျိုးနပ်ပြီပဲ။ သားကလေးက လိမ္မာသည်ပဲလေ။

သူသွားခါနီး ကျွန်တော့်အား ကန်တော့ရင်း ပြောသွားသော စကားလေးတစ်ခွန်း နားထဲက မထွက်။

'ဖေဖေ့ကို သားလုပ်ကျွေးခွင့်ရပြီ'တဲ့။

၂၀၀၈–ခုနှစ်၊ ဇန်နဝါရီလ၊ **Family** မဂ္ဂဇင်း

❐

mgyoe.com

mgyoe.com

# ဩော် ••• လူ့သဘာဝများ ပြောပါတယ်

ရယ်စရာပြောရမလား။ ဖြစ်လေ့ဖြစ်ထရှိတယ် ပြောရမလား မသိပေဘူး။ လူ့သဘာဝပြောပါတယ်။

တစ်ခါသား အရက်ဖြတ်ဖို့ စိတ်ကျန်းမာရေးဆေးရုံကြီးမှာ သွားတက်ပါတယ်။ ၁၆ ရက်ကြာတယ်။ အမှန်က အရက်ဖြတ်သမားကို ဆေးရုံမှာ နှစ်ပတ် ၁၄ ရက်ထားတာပါ။ ကျွန်တော့်ကျမှ ဆေးရုံအုပ်ကြီးက ရက်ပိုထားပါတယ်။ အကြောင်းက (၁)ပြန်သောက်မှာစိုးလို့ ကြာကြာထားတာ။ (၂) ကျွန်တော့်လို အနုပညာသည်နဲ့ ကြာကြာစကားပြော ဆွေးနွေးချင်လို့။ နံပါတ်(၂)မှာလည်း နှစ်ပိုင်းကွဲပြန်ပါရော။ (က)စိတ်ကုထုံးတစ်မျိုးဖြစ်တဲ့ လူနာနဲ့ဆရာဝန် စကားပြောဆွေးနွေးတာ။ (ခ) ဆရာကြီးက ကျွန်တော့်ဆီက အကူအညီရယူဖို့ပါ။ ဆိုကြပါစို့ရဲ့ ... ကျွန်တော်က စာပေသမားဆိုတော့ (အရက်လည်း သောက်တတ်လေတော့) အရက်ရဲ့ ကြောင်းရင်းဇာစ်မြစ်ကို သိနိုင်မယ်ထင်တာကိုး။ ဥပမာ– BEDC ဆိုတာ ဘာလဲ။ OP ဆိုတာဘာလဲ။ ထန်းရည်ရဲ့ ရာဇဝင်၊ ခေါင်ရည်ရဲ့ သဘော စသဖြင့်ပေါ့။ ဒါတွေကို မှတ်တမ်းလုပ်ပြီး ကုလသမဂ္ဂ အရက်၏ ကျေးကျွန်များ ပြုစုစောင့်ရှောက်ရေးမှာ စာတမ်းတင်မှာကိုး။

တကယ်တော့ ကျွန်တော်က အရက်စွဲရုံတင်မကဘူး။ အဲဒီတုန်းက စိတ်ကျရောဂါပါ ဖြစ်နေတာ။ ဒီတော့ တယ်ပြီး စကားမပြောချင်လှဘူး။ တစ်ယောက်တည်း နေချင်တာ။ အဲဒီမှာ ပြဿနာတက်ပြန်ရော။ ဆေးရုံမှာက အရက်ဖြတ်လူနာတွေအပြင် စိတ်ရောဂါသည်တွေပါ ရောထားတာကိုး။ အပြင်းစားတော့ မဟုတ်ပါဘူး။ ယဉ်ယဉ်ကလေးရူးနေသူတွေပါ။ ဘာပဲဖြစ်ဖြစ် သူတို့ဟာ ဆန့်ကျင်ဘက်တွေ ဖြစ်နေပါတယ်။ တချို့က စိတ်ကျပြီးငြိမ်နေကြတယ်။ ကျွန်တော့်ကို 'သုမောင်'မှန်း သိပေမဲ့ အရေးမလုပ်ချင်ကြဘူး။ တချို့ကျတော့ စိတ်ကြွရောဂါသည်တွေ အလကားနေရင်း ကျွန်တော့်ကို လာစကားပြောနေကြတာ။ ကန်တော့

mgyoe.com

mgyoe.com


ပါရဲ့ အခန်းထဲထိ ဝင်ရုံမကဘူး၊ အိမ်သာသွားတာတောင် လိုက်ပြီး စကားပြော နေကြတာ။ (ကျွန်တော်က တစ်ခန်းတည်း၊ တစ်ယောက်တည်းနေရတာပါ။)

ဒီမှာ စိတ်ညစ်ရတော့တာပါပဲ။ စိတ်ကြွသမားနဲ့တွေ့တော့ တစ်မျိုး၊ စိတ်ကျသမားနဲ့တွေ့တော့ တစ်ဖုံ ဖြစ်ရပါတယ်။ နောက်ပိုင်း ဘာဖြစ်လာသလဲ ဆိုတော့ ကိုယ်တိုင်ပဲ စိတ်ကျရမလို၊ စိတ်ကြွရမလို ဖြစ်လာတာ။

ဒီတော့ ဘာဖြစ်သလဲ။ ဆေးရုံမှာ မနေချင်ဘူး။ အိမ်ပြန်ချင်လာတယ်။ ဖွင့်ဆင်းမယ်ပြောတာလည်း မရဘူး။ ဆရာကြီးက စိတ်ပူနေတယ်။ သူ့ကြည့်ရ တာ နေ့နေ့ညည ကျွန်တော့်ကိုဘယ်လိုကုရမလဲဆိုတာပဲ စဉ်းစားနေပုံရတယ်။ ကျွန်တော့်အနုပညာကို နှမြောလို့တဲ့။ ကျွန်တော့်ကို အတော်လေး ချစ်ခင်နေသူပါ။ ဒီတော့ အားနာပါးနာနဲ့ပဲ နေပေးရတာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ဆေးရုံမှာ နေလို့ကို မရဘူး။ အားငယ်ကြောက်ရွံ့လာတယ်။ အိမ်ပဲ ပြန်ချင်တယ်။ မိသားစုကို လွမ်း တယ်။ ညနေဝင်ရီတရောဆိုရင် ပိုဆိုးတယ်။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ကြားက ပဲ သီချင်းအော်ဆိုသံ၊ ငိုကြွေးသံ၊ အော်ဟစ်သံ၊ ခွေးလိုအူသံတွေက တစ်ချက် တစ်ချက် ကြားကြားနေရတာကိုး။

ဒီကြားထဲ အိမ်က မိသားစုက 'သွားရော့လဟယ်'ဆိုပြီး ပစ်ထားတာ မဟုတ်ဘူး။ နေ့တိုင်း ထမင်းလာကျွေးရှာတာ။ အေးဘုံကိုယ်တိုင် ကားမောင်း လာရတာ။ ခရီးက အဝေးကြီး။ သူ ပင်ပန်းရှာမှာပဲလို့လည်း တစ်ဖက်က ကရုဏာ သက်ရသလို တစ်ဖက်ကလည်း ထမင်းစားချိန်တန်ရင် သူ့ကို မျှော်ရတာ အမော တစ်ခုပါ။ ဒီကြားထဲ သားတွေ သမီးတွေက အလှည့်ကျ ပါပါလာတော့ ပိုခံစားရ တာပေါ့။

တစ်ဖက်ကလည်း အေးဘုံကို စိတ်တိုနေရတယ်။ အဲဒီနေရာကို ကျွန် တော့်သဘောနဲ့ တက်ရောက်တာမဟုတ်ဘူး။ သူလုပ်တာ။ ကျွန်တော် နည်းနည်း ချင်း သောက်နေတာကို ဖြတ်မရပါလားဆိုပြီး တစ်နေ့သား ကျွန်တော့်ကို သူကိုယ် တိုင် အဝတိုက်ပါတယ်။ စိတ်ထဲတော့ တယ်ထူးဆန်းပါလားပေါ့လေ။ နောသော် လည်း အမူးလွန်ရာကနေ သတိရလို့ ကြည့်လိုက်တော့ စိတ်ကျန်းမာရေးဆေးရုံ ရောက်နေတော့တာကိုး ...။ ဒါကြောင့် သူ့ကို စိတ်လည်းတို လွမ်းလည်းလွမ်း။ အင်း ... ပြောမပြတတ်အောင်ကို ခံစားခဲ့ရတာပါပဲဗျာ။

ပြောကြကြေးဆိုရင် ဆေးရုံမကဘူး အချုပ်တောင်ကျခဲ့ဖူးပါတယ်။ ခြောက်ဆယ့်နှစ်ရက် ကြာတယ်။ ဒါပေမဲ့ အဲဒီတုန်းက ခုလောက် မခံစားရဘူး။ ဒါက ကိုယ်လုပ်ကိုယ်ခံ အပြစ်ဒဏ်ကိုး။ တောင့်ခံနိုင်ခဲ့ပါတယ်။ လွမ်းလောက်

mgyoe.com

mgyoe.com


စရာ မိသားစုကလည်း မရှိသေးဘဲကိုး။ ငယ်ရွယ်တက်ကြွနေတာလည်း ပါမှာပေါ့လေ။

ခုဟာက ကျွန်တော့်အလိုမပါဘဲ ပို့တာဆိုတော့ ခံစားရတာပေါ့လေ။ သေချင်စော်နံရောဆိုတာ ဒါမျိုးထင်ပါ့ဗျာ။ တကယ့်ကိုပါပဲ။

ကြားဖြတ်ပြောရဦးမယ်။ ကျွန်တော်တို့ အဆောင်ရှေ့ကွက်လပ်မှာ မြက်ခင်းရှိတယ်။ မနက်စောစောနဲ့ ညနေစောင်းဆိုရင် အဲဒီမြက်ခင်းမှာ ကြောင်ကလေးလေးကောင် ပြေးလွှားဆော့ကစားနေလေရဲ့။ အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ ကျွန်တော့်ဆီ ပုံမှန်လာနေတဲ့ အေးဘုံနဲ့ သမီးကြီးက တစ်ကောင်လိုချင်တယ် ဖြစ်ပါလေရော။ ကြောင်တွေကို ထိန်းကျောင်းကျွေးမွေးလာတာက 'ကိုဖိုးချွန်'တဲ့။ ထာဝရလူနာပါ။ ထာဝရလူနာဆိုတာက စိတ်ကတော့ ယဉ်ယဉ်ကလေးပါပဲ။ အိမ်က လုံးဝအဆက်အသွယ်ဖြတ်ထားလို့ ဆေးရုံက ကျွေးမွေးပြုစုထားရတဲ့ လူနာပါ။ လူကောင်းအတိုင်းပါပဲ။ ဒါနဲ့ တစ်နေ့တော့ အေးဘုံတို့ သားအမိက 'ကိုဖိုးချွန်'ဆီ မှာ ကြောင်တစ်ကောင် တောင်းပါတယ်။ သူက သူတော့ ပေးချင်ပါတယ်။ စစ္စတာ (သူနာပြုအုပ်)ကြီးဆီက တောင်းပါတဲ့။ သွားတောင်းတော့ ဟိုက ပေးပါရဲ့။ 'ကိုဖိုးချွန်'က သူ့သားသမီးတွေနဲ့ မခွဲနိုင်ဘူး။ မပေးဘူး ဖြစ်ပါလေရော။ အေးဘုံတို့ခမျာမှာလည်း 'ကိုဖိုးချွန်'အတွက် အင်္ကျီလုံချည်ဟောင်းလေးတွေ၊ သစ်သီးလေးတွေ၊ မုန့်လေးတွေ ပေးပြီး ချော့ရတာပေါ့။ ကြောင်တွေအတွက်လည်း ထမင်းဟင်းတို့၊ ကြောင်စာမုန့်တို့ ယူခဲ့ရတာ အမောပါပဲ။ ဒီလိုနဲ့ ကြောင်တွေနဲ့ အေးဘုံတို့ တော်တော် သံယောဇဉ်တွယ်ခဲ့ကြပါရော။

နောက်ဆုံး ကျွန်တော် ဆေးရုံကဆင်းတဲ့နေ့မှာ 'ကိုဖိုးချွန်'အလစ် ကြောင်တစ်ကောင်ခိုးပြီး ကားထဲထည့်၊ ခြင်းတောင်းနဲ့အုပ်ပြီး အလစ်သုတ်ခဲ့ကြပါတော့တယ်။ ကြောင်ကလည်း အနံ့သိတယ် ထင်ပါရဲ့ ငြိမ်လို့။ အိမ်ရောက်တော့လည်း အငယ်မအိပ်ခန်းထဲ တစ်ရက်ပဲ လှောင်ထားရတယ်။ ပြန်မပြေးတော့ဘူး။ အိမ်ရှေ့ကလည်း မြက်ခင်းကလေးရှိနေတော့ သူပျော်တယ်ထင်ပါရဲ့။

ဒါလေးကြားဖြတ်ပြောရတာက အကြောင်းရှိလို့ပါ။ ဆိုကြပါစို့ရဲ့၊ အိမ်ပြန်ချင်လွန်းတဲ့ ကျွန်တော် ကြောင်နဲ့အတူ အိမ်ပြန်ရောက်ကြပြီ။ ကြောင်က အိမ်မှာ ယဉ်ပါးသွားပေမဲ့ ကျွန်တော့်မှာ ရောဂါတစ်ခု တိုးရပါတယ်။ ဒါကတော့ ...အိမ်မှာ ညနေစောင်းရင်၊ အိပ်ရာဝင်ရင် မနေတတ် မထိုင်တတ်ဖြစ်နေတာပါပဲ။ ဟုတ်ပါ့။ ဆေးရုံမှာတုန်းက ချောက်ချားရတဲ့ အချိန်မျိုး၊ အိမ်ကို လွမ်းနာကျတဲ့ အချိန်မျိုးတွေမှာ ကျွန်တော်ထိုင်ထိုင်ငေးနေခဲ့ရတဲ့ ဆေးရုံရှေ့ အုတ်ခုံကလေးကိုပြန်ပြီး

mgyoe.com

mgyoe.com


သတိရနေတာပါ။ ဆေးရုံက ဆရာဝန် သူနာပြုကအစ လူနာစောင့်နဲ့ လူနာတွေကို လွမ်းသလိုလိုလည်း ဖြစ်ရတယ်။ ဆေးရုံကို ပြန်လွမ်းသလို ဖြစ်ခဲ့တယ်။ မထူးဆန်းဘူးလား။ ဆေးရုံမှာတုန်းက အိမ်က 'စာရေး'တဲ့နေရာလေးကို လွမ်းတယ်။ အိမ်ပြန်ရောက်တော့ ဆေးရုံမှာ အိမ်လွမ်းရတဲ့ အုတ်ခုံလေးကို ပြန်လွမ်းတယ်။ ကိုင်း ... ဘယ့်နှယ်လုပ်ကြမလဲ။ ကြောင်ကတော့ အိမ်မှာပျော်နေပြီ။ ကျွန်တော်ကတော့ အိမ်မှာ မပျော်ပြန်သလိုပဲ။ လူ့စိတ်များ ပြောပါတယ်။

ဒါနဲ့ ဒီအကြောင်းလေး အေးဘုံတို့သားအမိကို ပြန်ပြောပြတော့ အားရပါးရ ရယ်ကြတယ်။ ဘာကြောင့်ရယ်တာလဲ မေးတော့ ...

'အေးဘုံတို့လည်း အဲသလိုရောဂါဖြစ်နေပြီ။ 'ကို'ဆေးရုံတက်နေတုန်းက ပထမတော့ သတိရနေတယ်။ နောက်ပိုင်း နေ့တိုင်း ထမင်းပို့ရတာလေ ...။ 'ကို' ဟာ အေးဘုံတို့လာရာလမ်းကို မျှော်နေတာလေးတွေဟာ တစ်မျိုးအရသာရှိသလို ဖြစ်လာလို့ ခု ကိုယ်အိမ်ပြန်ရောက်တော့ ဆေးရုံပဲ ပြန်တက်စေချင်သလိုလို၊ အချိန်တန်ရင် ထမင်းချိုင့်ကလေးဆွဲပြီး ကားပေါ်တက်ချင်သလိုလိုနဲ့' တဲ့။

ဩော် ... လူ့သဘာဝများ ပြောပါတယ်နော် ...။

၂၀၀၈–ခုနှစ်၊ ဖေဖော်ဝါရီလ၊ ကလျာမဂ္ဂဇင်း

❐

mgyoe.com

mgyoe.com

# ကလေးလေးတွေ

ပြီးခဲ့တဲ့ ၂၀၀၇ နှစ်ကုန်နဲ့ ဒီနှစ် ၂၀၀၈ နှစ်ဆန်းမှာ ကုသိုလ်လေးတွေ ရခဲ့ပါတယ်။ မင်္ဂလာလည်းရှိခဲ့ပါတယ်။ စကားမစပ်ပြောရရင် ဗေဒင်ဝါသနာရှင် ပရိသတ်တစ်ယောက်နဲ့ ဗေဒင်ကျွမ်းကျင်တဲ့ ဆရာတော်တစ်ပါးက သူရို့ဆန္ဒနဲ့သူ ရို့ကျွန်တော့်ဆီလှမ်းပြီး တွက်ချက်ပေးကြပါတယ်။ နှစ်ဦးစလုံးရဲ့ တူညီတဲ့ ဟော ပြောချက်ကတော့ ၂၀၀၇ အကုန်ပိုင်းမှာ ကျန်းမာရေးညံ့တယ်၊ အတိုက်အခံများ မယ် ဆိုတာပါပဲ။ မှန်ပါတယ်။ ကျွန်တော့်မှာ ပြဿနာလေးတွေ ရှိခဲ့သလို အောက် တိုဘာလကုန်က နိုဝင်ဘာလဆန်းထိ ဆေးရုံတက်ခဲ့ရပါတယ်။ သူရို့က ဘုရား၊ တရား များများလုပ်ဖို့နဲ့ ကုသိုလ်ရေး များများလုပ်ဖို့ ကြိုဟောခဲ့ပေမဲ့ ဖြစ်ဖြစ် မြောက်မြောက် သိပ်မလုပ်ဖြစ်ခဲ့ပါဘူး။ ဟော ... စောစောက ပြောသလို ၂၀၀၇ အကုန်နဲ့ ၂၀၀၈ အစမှာတော့ ကုသိုလ်ရေးတွေ၊ ကျက်သရေမင်္ဂလာရှိတဲ့ အလုပ် တွေ လုပ်ဖြစ်ခဲ့ပါတော့တယ်။ ဗေဒင်အလိုအရ ကြိုကြိုတင်တင် လုပ်ဖြစ်ခဲ့မယ်ဆို ရင် ဆေးရုံလည်း တက်ဖြစ်ချင်မှ တက်ဖြစ်ရမယ်။ ပြဿနာအတိုက်အခံတွေလည်း ရှိချင်မှရှိခဲ့ရမယ် ဆိုရပ့်မယ်။

ကောင်းပါပြီ ၂၀၀၇ နှစ်ကုန်ပိုင်းမှာ ဘာလုပ်ဖြစ်ခဲ့သလဲတဲ့။ တခြားကြီး ကြီးမားမားတော့ မဟုတ်ပါဘူး။ အကြံပေးဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ခင်မောင်ကြီးက ဖိတ်လို့တစ်ကြောင်း၊အဆိုကျော် ကေဂျာနူးက အကူအညီတောင်း လို့ တစ်ကြောင်း၊ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးမှာ သားဖိုးသောကြာနဲ့ အတူ ဝေဒနာသည်တွေကို သီချင်းသွားဆိုပြခဲ့တာပါပဲ။ ဘာသာရေးအရ ခရစ္စမတ် အကြိုပွဲဆိုပေမဲ့ ကိုယ့်စိတ်ထဲက ဝေဒနာသည်တွေသာ အဓိကမို့ စိတ်ချမ်းသာရ ပါတယ်။ ခုနယ်ခါမှာ စိတ်ရောဂါကို အနုပညာ(ရုပ်ရှင်၊ ဂီတ၊ စာပေ၊ ပန်းချီ၊ စတာနဲ့) ကုနေတာ အတော်အောင်မြင်နေပါပြီ။

ဒီအကြောင်းအကျယ်ကို FIRST ဂီတဂျာနယ်မှာ ရေးခဲ့ပြီမို့ ထပ်မရေး

mgyoe.com

mgyoe.com


တော့ပါဘူး။ ပြောချင်တာက အဲဒီအတွက် ကုသိုလ်လည်းရ ကျက်သရေလည်း ရှိတယ် ဆိုတာပါပဲ။ စိတ်မကောင်းတာကတော့ အဲဒီပွဲကြီး မကြာမတင်မှာ ကေဂျာနူးကပဲ ထပ်ဖိတ်လို့ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်းက ဝေဒနာသည်တွေကို သွား ဖျော်ဖြေဖို့ပွဲမှာတော့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ရုတ်တရက် ပေါ်လာလို့ မသွားရောက်နိုင်ခဲ့တာပါပဲ။

အဲ ၂၀၀၈၊ ဇန်နဝါရီနှစ်ဆန်းကလည်း ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါပေတယ်။ နှစ်ဆန်းမှ နှစ်ဆန်းတစ်ရက်နေ့မှာပါ။ ဘာလုပ်ရမလဲဆိုတော့ 'မောင်ငွေးမင်းလှိုင်'နဲ့ 'မစန္ဒာမျိုးလွင်'တို့ရဲ့ နှစ်ဖက်မိဘ အစုံအလင်နဲ့ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပွဲမှာ သက်သေလူကြီးတွေအဖြစ် ကျွန်တော်နဲ့ အေးဘုံ က ဆောင်ရွက်ပေးရတာပါ။ သတို့သမီး စန္ဒာမျိုးလွင်က စက်ာပူမှာနေတဲ့ ဦးမျိုးလွင်၊ ဒေါ်နီနီတို့ရဲ့ သမီးပါ။ ကျွန်တော်တို့သားအဖကို ပထမဦးဆုံးအကြိမ် စက်ာပူ ကို ဖိတ်ပြီး စတိတ်ရှိုးပွဲ ကျင်းပခဲ့တဲ့ ဇနီးမောင်နှံပါ။ နောက်လည်းကျတော့ နှစ်အိမ့်တစ်အိမ်လိုဖြစ်ပြီး ခင်မင်သွားကြရင်းက ခုလို ငယ်လင်ငယ်မယားဖြစ်တဲ့ ကျွန်တော်တို့က အသိသက်သေပြုတာပါပဲ။ ဒါလည်း ကုသိုလ်ရပြီး ကျက်သရေရှိတဲ့အလုပ် မဟုတ်ပါလား။ (သူရို့မင်္ဂလာဧည့်ခံပွဲမှာလည်း အခါတော် ပေးရပြန်ပါတယ်)

ဒီလိုနဲ့ နှစ်ဆန်းပိုင်းမှာ သီချင်းဆိုပွဲတွေ၊ စာပေဟောပြောပွဲတွေ လိုက်နေရာက 'မသက်သက်ဦး'ဆိုတဲ့ လုံမငယ်လေးက စာပေဟောပြောပွဲတစ်ပွဲ လာဖိတ်ပါတယ်။ ကျွန်တော့်သမီးနဲ့ ရွယ်တူလောက်ပါ။ ခေတ်လူငယ်ပုံစံ ခေတ်လူငယ်ပဲလေ။ နောက်မှ သူဖိတ်တဲ့ပွဲကို ပြောပြတော့ အံ့သြသွားရပါတယ်။ သူဖိတ်တာက 'ငှက်အော်စမ်း လူငယ်လေ့ကျင့်ရေးကျောင်း'ပါတဲ့။ ကြည့်စမ်း။ ခေတ်လူငယ်တစ်ယောက်ရဲ့ လူမှုရေးစိတ်ဓာတ်။ သာမန်စာပေဟောပြောပွဲ မဟုတ်ဘူး။ လူငယ် လေ့ကျင့်ရေးစခန်းအတွက်တဲ့။ ဒါနဲ့ပတ်သက်လို့ မသိသေးသူတွေရှိရင် ဗဟုသုတရအောင် ပြောရပါ့မယ်။

'ငှက်အော်စမ်း'လူငယ်လေ့ကျင့်ရေးကျောင်းဆိုတာ သာမန်လူပြိန်းစကားနဲ့ ပြောရရင် အရင်က ကလေးထောင်ပါပဲ။ ဟိုးတစ်ခေတ်က 'ဘော်စတယ်'လို့ ခေါ်ပါတယ်။ နောက်တော့ သရက်'ကလေးထောင်'ဖြစ်သွားရာက ခုတော့ ထောင်လို မဟုတ်တော့ဘဲ ပြုပြင်လေ့ကျင့်ပေးတဲ့ သင်တန်းကျောင်းဖြစ်သွားပါပြီ။ ဘယ်လိုပဲ နာမည်တွေပြောင်းပြောင်း အုပ်ချုပ်ရေးပုံစံတွေပြောင်းပြောင်း သင်တန်းသားလေးတွေကတော့ ယေဘုယျပြောရရင် ကလေးဆိုးလေးတွေပါ။ ဘဝ ဘဝက

mgyoe.com

mgyoe.com


အတိတ်က ဆိုးခဲ့လို့ မိမဲ့ဘမဲ့၊ လမ်းဘေးကလေကချေ၊ သူခိုး၊ လက်နက်ကိုင် သောင်းကျန်းသူတချို့ရဲ့ ကလေးစစ်သား စတဲ့ ဘွဲ့ထူးဂုဏ်ထူးပိုင်ရှင်လေးတွေ လို့ ဆိုရမှာပါ။ ကံဆိုးရှာသူလေးတွေလို့ ပြောရမှာပါ။

ဒါလေးတွေ ဟောရမယ်ဆိုတော့ ကျွန်တော် ချက်ချင်း လက်ခံလိုက်ပါ တယ်။ အဲဒီအချိန်က ကျွန်တော့်မှာ စာပေဟောပြောပွဲတွေ၊ သီချင်းဆိုပွဲတွေ ရှိနေ ပါရဲ့။ ရိုးရိုးပြောရရင် အလုပ်တွေဖျက်ပြီး အဲဒီပွဲလေးကို လက်ခံလိုက်ရတာက ကုသိုလ်အကျိုးအတွက်ပါပဲ။

ဟောရမယ့်နေ့ (၁၃–၁–၂၀၀၈)ရောက်တော့ မနက်အစောကြီး ၆ နာရီ သာသာမှာ 'မသက်သက်ဦး'နဲ့ သူ့ရဲ့မောင်ငယ်တို့၊ မော်တော်ကားနဲ့ လာကြိုကြ ပါတယ်။ ပြီးတော့ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ကို ဝင်ကြိုပါတယ်။

ပန်းဆိုးတန်း ကူးတို့ဆိပ်ရောက်တော့ သူရှိလိုပဲ ခေတ်မီမီ ဝတ်ဆင်ထား ကြတဲ့ လုလင်၊ လုံမငယ် စိတ်ထင် နှစ်ဆယ်လောက် ရောက်နှင့်နေကြပါပြီ။ ခေတ်မီမီလို့ပဲ ကျွန်တော်သုံးပါတယ်။ ခေတ်ပေါ်လို့ မသုံးတာက စကတ်ကွဲ၊ ဂျင်း ဘောင်းဘီတိုတွေ မပါကြလို့ပါ။ အားလုံးလိုလိုက ဂျင်းဘောင်းဘီရှည်လေးတွေ နဲ့ပါ။ ဒါကို တကူးတကန့် ပြောနေရတာက ခေတ်မီမီ ပြင်ဆင်ပေမဲ့ ယဉ်ကျေး ဖွယ်ရာတဲ့ မင်္ဂလာအလုပ်ကို လုပ်နေကြတာ ပြောချင်လို့ပါ။ မှန်ပါတယ်။ သူရို့ အဖွဲ့ (လူ ၃၀လောက်)မှာ လူကြီးက သုံးလေးငါးယောက်ပဲ ပါကြပါတယ်။ အများစုက လူငယ်လုံမငယ်တွေပါ။ လုံမငယ်တွေက ပိုများပါရဲ့။ ကြွက်ကြွက် ကိုညံ၊ အသံစာစာလေးတွေနဲ့။ သို့သော် ...ပြောဆိုနေကြတာတွေက အပယိက တွေ မဟုတ်ပါဘူး။ ငှက်အော်စမ်းရောက်ရင် ဘယ်လိုလှူမယ်။ ဟောပြောပွဲကို ဘယ်လို ကျင်းပမယ်ဆိုတာတွေပါ။ သူရို့တစ်ဖွဲ့လုံးဟာ ကလေးတွေအတွက် ပညာပေး ဟောပြောပွဲနဲ့ တတ်အားသရွေ့ လှူကြဖို့ စီစဉ်နေကြတာပါ။ 'ဒါမှ တကယ်ခေတ်မီတဲ့ လူငယ်တွေ'လို့ ကျွန်တော့်စိတ်ထဲ ကြိတ်ပြီးအားပေးမိပါရဲ့။

ရန်ကုန်ကနေ ဒလကို ကူးတို့နဲ့ကူး၊ ဟိုဘက်ရောက်တော့ ကုန်ကားကြီး နဲ့ ကော့မှူးကို သွားကြရပါတယ်။ ကျွန်တော်တို့ စာရေးဆရာနှစ်ယောက်ကို ရှေ့ခန်းမှာထားပေမဲ့ နောက်ခန်းက ဆက်ရက်ကျတဲ့ အသံလေးတွေကိုတော့ ကောင်းကောင်းကြားရင်း သာစုခေါ်ရပါသေးတယ်။ ဒီကြားထဲကပဲ လူမှုရေး ဝါသနာပါတဲ့ သမီးအငယ်မကို သတိရမိပြန်ပါတယ်။

ကားလမ်းမကောင်းတာကြောင့် ကုန်တင်ကားပေါ် လူးလိမ့်လိုက်ခဲ့ရင်း က ၂ နာရီကျော်ကျော်ကြာတော့ 'ကော့မှူး'ကို ရောက်ပါတယ်။ အဲဒီကမှ ငှက်

mgyoe.com

mgyoe.com


အော်စမ်းကျေးရွာကို ကျွန်တော်တို့က ဂျစ်ကား(ရှေ့လေကာမှန်မပါ)နဲ့ သူရို့လေးတွေက ပိုဆိုးတဲ့ ကုန်တင်ကားနဲ့ ခရီးဆက်ရပါရော။

လမ်းကလည်း ကတ္တရာလမ်းတောင် မဟုတ်တော့ဘူး မြေနီလမ်း၊ လှည်းလမ်းပါ။ ဘာပဲဖြစ်ဖြစ် နေ့လယ် ထမင်းစားချိန်လောက်မှာ ကျောင်းကို ရောက်ပါတယ်။ လမ်းကြမ်း ကားဆိုးနဲ့ သွားခဲ့ရတာ ကျေးဇူးတင်ပါရဲ့။ ဘာကြောင့်ဆို 'ဒလ'မှာ စားသောက်လာတဲ့ တိုရှည်နဲ့ လက်ဖက်ရည်ဟာ ကျောင်းရောက်တော့ ကျင်ကြီးဖြစ်သွားနေပြီမို့ပါပဲ။

ကျောင်းအုပ်ဆရာကြီး ဦးထွန်းဦးနဲ့ အဖွဲ့က ကြိုဆိုနေရာချပေးပြီး ငှက်အော်စမ်း တစ်နေ့တာလုပ်ငန်းစဉ်ကို VCD နဲ့ ပြပါတယ်။ ပြီးတော့ ကလေးတွေရဲ့ ထမင်းစားနေကြတဲ့အဆောင် (ကလေးတွေဟာ ပဲဟင်းတစ်မယ်တည်းနဲ့ စားရပါတယ်) တစ်ယောက် ညမနက် နှစ်နပ်မှ ငွေ ၂၅၀ ပါ။ အပြင်က အလှူရှင်ရှိရင်တော့ ကောင်းကောင်းစားရပါတယ်။ လုပ်ငန်းခွင် ဥပမာ ရာဘာစက်ရုံငယ် ဘက်ထရီအိုးလုပ်ငန်းစတာတွေ လုပ်ပြပါတယ်။ ပြီးတော့ ထမင်းကျွေးပါတယ်။ ဟင်းတွေကြည့်လိုက်တော့ စောစောက ကလေးတွေကို ကျွေးနေတဲ့ သီးစုံပဲဟင်းတစ်ခွက်နဲ့ ဧည့်သည်တွေအတွက် အပိုမြန်မာကြက်သားဟင်းတစ်ခွက်မို့ ကျေနပ်မိပါတယ်။ တကယ်တော့ ကလေးတွေကျွေးတဲ့ သီးစုံပဲဟင်းနဲ့တွင်ပဲ လုံလောက်ပါပြီ ပြောခဲ့ပါပကော 'စားခဲ့သမျှ ထားခဲ့ရပြီ' မဟုတ်လား။ ဆာလှပြီလေ။

ဟောပြောမယ့် ခန်းမထဲရောက်တော့ ထိုင်မိကြရင်ပဲ သူငယ်ချင်းအပြောအဟောကောင်း စာရေးဆရာနှစ်ယောက် လက်တို့မိကြလေရဲ့။ ပြောရမယ့် ပရိသတ် ၅၀၀ နီးပါးက ခြောက်နှစ်သားလောက်ကနေ ဆယ့်ခြောက်နှစ်သားလောက်လူဆိုးလေးတွေ။ 'ရသ' စာပေတွေ 'စာပေဂီတ'တွေ ပြောခဲ့ကြတဲ့ သကောင့်သားနှစ်ယောက်က မျက်စိမျက်နှာလည်း ပျက်ကုန်ကြပြီ။ ဘယ်ကစလို့ ပြောကြမလဲပေါ့။

ဘာပဲဖြစ်ဖြစ် ထုံးစံအတိုင်း ကျွန်တော်က နောက်လူဆိုတော့ ကံကောင်းပါတယ်။ ဟုတ်ပါ့၊ ရှေ့လူက ပရိသတ်ကို စိန်ခေါ်ရမှာကိုး။

တကယ်တော့ ကျွန်တော်တို့ စာရေးဆရာတွေမှာ ကျပန်း၊ ကျရာ ပြောဖို့က ပရိသတ်ပေါ်မူတည်ပြီး အကြောင်းအရာသုံးလေးမျိုးပဲရှိတာပါ။ ဒါနဲ့ လှည့်ဟောနေကြတာပါ။ ဒါပေမဲ့ ခုဟာက ကလေးလူဆိုးတွေ။

ဘာပဲဖြစ်ဖြစ် သူ့ရဲကောင်းကြီး ကိုစိန်ဝင်းက မရဲတရဲ စင်မြင့်ပေါ်တက်

mgyoe.com

mgyoe.com


ပြီး ခန်းမဆိုင်းဘုတ်ကို လှမ်းငဲ့ကြည့်လိုက်ပါတယ်။ 'အောင်ဆန်း' ခန်းမတဲ့။ သူ ပြုံးသွားတယ်။ ပိုင်ပြီပေါ့။ ဟုတ်ပါတယ်။ ပြောနေကျထဲကပဲ 'သူ့ရဲကောင်း'တွေ အကြောင်း အစချီတော့တာပဲ။ သူက မြန်မာသူရဲကောင်းတွေအကြောင်း စပြော ပါတယ်။

'မင်းရဲကျော်စွာကို သိလား'ဆိုတော့ ကလေးတွေက 'သိပါတယ်'ပြိုင်တူ အော်ကြတာ။ ဆရာမောင်စိန်ဝင်း အားတက်သွားပြီး ဆက်ပြောတော့တာပဲ။ ပြောနေကျအကြောင်းပေမဲ့ အာလုပ်ပြုရာမှာတော့ ကလေးတွေမို့ 'သားတို့' လို့ သုံးပါတယ်။ ဆရာစိန်နဲ့ ပရိသတ် ညိသွားပါရောလား။

တကယ်တော့ သူ့ရို့လေးတွေဟာ နားမဝေးပါဘူး။ ဘာကြောင့်လဲဆို တော့ သင်တန်းကျောင်းမှာ သူ့ရို့အတွက် မူလတန်းကျောင်းဖွင့်ထားတယ်။ အဲဒီ က အောင်ရင် 'ကော့မှုး'မှာ အလယ်တန်း၊ အထက်တန်း ဆက်သင်ပေးတယ်။ တက္ကသိုလ်ပညာအထိ သင်ပေးပြီး ဘွဲ့ရလို့ ကျောင်းမှာပြန်အလုပ်လုပ်နေတဲ့ အိမ် ထောင်သည်တွေတောင် ရှိနေပြီဆိုပဲ။

ကိုစိန်ဝင်းနဲ့ ကလေးပရိသတ် ညိသွားပြီဆိုကတည်းက 'သုမောင်'အဖို့ ဘာခက်တော့လဲ။ ရုပ်ရှင်အကြောင်း၊ သီချင်းအကြောင်းတွေ ပြောပြဆိုပြလို့ ရပြီ လေ။ ကိုစိန်ဝင်းပြီးတော့ ကျွန်တော်လည်း ဒါတွေပဲ သူ့ရို့နားလည်အလွယ်ဆုံး နည်းနဲ့ ဟောရတာပေါ့။ ရုပ်ဆိုးဆိုးလူကြီး မင်းသားသုမောင်ဖြစ်လာပုံက စလိုက် တာ မတော်တဆ အဆိုကျော် စာရေးဆရာဖြစ်လာပုံတွေကိုပါ ရှေးအတိတ်ကံ၊ လက်ရှိကံနဲ့ အနာဂတ်အကြောင်းလေးတွေနဲ့ လူတွေရဲ့ဘဝ တိုးတက်ဖို့ကို အား ပေးရင်း ပြောရဟောရပါတယ်။ သီချင်းလေးတွေလည်း အလျဉ်းသင့်သလို ဆိုပြလို့ လက်ခုပ်တဖြောင်းဖြောင်းပါပဲ။ ပျော်နေကြတာလေ။

နိဂုံးချုပ်အနေနဲ့ 'သားတို့ ဦးသုမောင်ကို အားကျကြပါ။ ဒါပေမဲ့ အရက် သောက်ခဲ့လို့ စီးပွားမဖြစ်တဲ့ ဦးသုမောင်ကို အားမကျကြပါနဲ့လို့။ ဟောပြောပွဲ ပြီးတော့ ကလေးတွေက We Are The World 'တို့ချစ်တဲ့ကမ္ဘာ၊ တို့ချစ်တဲ့ ကလေးတွေ'ဆိုတဲ့ ကမ္ဘာကျော်သီချင်းနဲ့ ပြန်ဧည့်ခံပါတယ်။ သံစဉ်မညီ၊ အတက် အကျ မညီပေမဲ့ ကျွန်တော်တို့ လက်ခုပ်ညီညီ တီးနိုင်ခဲ့ကြပါတယ်။ ကလေးကြီး သုံးယောက်က ဂီတာတီးပါတယ်။

ပွဲပြီးတော့ ခဏနား၊ မှတ်တမ်းဓာတ်ပုံတွေရိုက်ပြီး လာလမ်းပုံစံအတိုင်း ကျွန်တော်တို့ ပြန်ခဲ့ကြပါတယ်။

အဲဒီမှာ ပြောချင်တာလေးတစ်ခု ရှိပါတယ်။ ဒီစာစုရဲ့ 'ကွမ်းစကား'လို့ပဲ

mgyoe.com

mgyoe.com


ဆိုပါရစေ ....

အပြန် 'ဒလ'ဘက်ကမ်းမှာ ကူးတို့သင်္ဘောပေါ်ရောက်တော့ ကျွန်တော်တို့ ဟောပြောခဲ့တဲ့ ကလေးအရွယ်လေးတွေ၊ သူရို့ကိုတွေ့တော့ ငှက်အော်စမ်းစခန်းက ကလေးတွေနဲ့ ယှဉ်ကြည့်နေမိပါတယ်။ ဟိုမှာက မလွတ်လပ်ပေမဲ့ ထမင်းဟင်း အဆင်သင့်၊ ပညာရေးအဆင်သင့်၊ နေစရာအဆင်သင့်။ သင်္ဘောပေါ်က ဈေးသည်လေးတွေကတော့ လွတ်လပ်ပါရဲ့ ....

အဲသလို ကျွန်တော်က ချိန်ထိုးစဉ်းစားပြီး သင်္ဘောပေါ်က ကလေးတွေကို ငေးကြည့်နေမိတယ် ...။

၂၀၀၈ ခုနှစ်၊ ဧပြီလ၊ ကလျာမဂ္ဂဇင်း

❐

mgyoe.com

mgyoe.com

## မိသားစုပုံပြင်

ကျွန်တော့်ဖခင်ကြီး အိမ်ထောင်နှစ်ဆက်ကျခဲ့ဖူးသည်ကို တစ်တိုင်းပြည်လုံး သိပါသည်။ သိမှာပေါ့။ သတင်းစာထဲကနေ ကျွန်တော့်မိခင်နှင့် ပြတ်စဲကြောင်းကြေညာ၊ နောက်အိမ်ထောင်ပြုကြောင်း ကြေညာခဲ့တာကိုး။ ဒါလေးကြို့ပြောရတာက ထိုစဉ်ကာလက ကျွန်တော့်ဖခင်၏ အိမ်ထောင်ရေးကိစ္စကို ရေးကြီးခွင်ကျယ်ပြောဆိုကြသောကြောင့် ဖြစ်သည်။ တချို့ကဆိုလျှင် နောက်အိမ်ထောင်ပြုတာကိုပဲ စာရိတ္တပျက်ပြားသလိုလို ဆိုခဲ့ကြပါသေးသည်။ ရယ်စရာကောင်းတာက ထိုသို့ ပြောဆိုကြသူများထဲတွင် အိမ်ထောင်တစ်ဆက်တည်းရှိပြီး နောက်ဖေးပေါက်မှာ စားသောက်နေကြသူများ ပါဝင်နေခြင်းပင်။ တကယ်တမ်းတော့ ဖခင်ကြီးနောက်အိမ်ထောင်ပြုခြင်းအတွက် အဓိက ထိခိုက်သူများမှာ ကျွန်တော့်မိခင်ကြီးနှင့် ကျွန်တော်တို့သာ ဖြစ်သည်။ ပတ်ဝန်းကျင်ကို မထိခိုက်ပါ။ သို့သော် အဖေသည် နောက်အိမ်ထောင်ပြုသွားသော်လည်း အမေနှင့် ကျွန်တော်တို့အပေါ် ပစ်ပယ်ထားခြင်းမရှိခဲ့ပါ။ ပြောရလျှင် ပိုလို့တောင် ဂရုစိုက်ခဲ့ပါသေးသည်။ အမေ့အပေါ်မှာလည်း ညီမလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်သွယ် ဆက်ဆံခဲ့ပါသည်။ အိမ်ထောင်ရေးအရ အဆင်မပြေတော့သဖြင့် လမ်းခွဲလိုက်ကြပုံသာ ရပါသည်။ ထိုစဉ်က ကျွန်တော်တို့ အလွန်ငယ်သေးသဖြင့် အကြောင်းရင်းကို မသိခဲ့ရပါ။ သေချာတာတစ်ခုကတော့ အဖေသည် မိန်းမမူ ပွေသူမဟုတ်ပါ။ အရက်မသောက်၊ ဖဲမကစားပါ။ ရယ်စရာတစ်ခု ပြောရဦးမည်။ တစ်ခါက ကျွန်တော့်ထက်ငယ်သည့် စာရေးဆရာမတစ်ယောက်က ကျွန်တော်သည် ဖခင်နှင့် ရုပ်ဆင်းသဏ္ဍာန်တူသဖြင့် ကျွန်တော့်ကို(လူကို)မနှစ်မြို့ကြောင်း နောက်ကွယ်တွင် ပြောပါသတဲ့။ အခြားစာရေးဆရာမကြီးတစ်ယောက်က ပြန်ပြောသဖြင့် သိရပါသည်။ နောက်တော့လည်း ကျွန်တော့်အကြောင်း သူသိသွားပါသည်။ ကျွန်တော် မိန်းမပွေသူ မဟုတ်ကြောင်း၊ အရက်သမားသာ ဖြစ်ကြောင်း။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဖခင်နောက်အိမ်ထောင်ပြုခဲ့ဖူးသည်ဟု သိလျှင် လုံလောက်ပါပြီ။ ပြောချင်တာက ထိုအိမ်ထောင်ကွဲနှင့် ပတ်သက်ဆက်နွယ်လာသည့် အကြောင်းများသာ ဖြစ်ပါသည်။

အဖေ နောက်အိမ်ထောင်ပြုလိုက်သောအခါ ကျွန်တော်တို့ ငယ်ကြပါသေးသည်။ ကျွန်တော်မှ ၄ တန်းတက်တုန်း ဖြစ်ပါသည်။ အဲသည်တုန်းက အဖေတို့က မန္တလေးမှာတက်ပြီး မင်္ဂလာဆောင်ကြတာမို့ ကျွန်တော်မန္တလေးသို့ စာလှမ်းရေးခဲ့သည်။

'ဖေဖေ ကျွန်တော့်ဖို့ ပတ်ကားဖောင်တိန်ကောင်းကောင်းတစ်ချောင်း ဝယ်ခဲ့ပါ။ ကျွန်တော် စာရေးဆရာလုပ်ပြီး မေမေ့ကိုရှာကျွေးမလို့'ဟူ၍ ဖြစ်ပါသည်။ သဘောမှာ ငယ်ကတည်းက စာရေးချင်စိတ်ရှိခဲ့ပြီး အိမ်ထောင်ရေးမတည်မြဲတာကို မကြိုက်သည့်သဘော ဖြစ်ပါသည်။ အမေ့ကို လုပ်ကျွေးရမှန်း သိနေတာ ဖြစ်သည်။

သို့သော် ထူးခြားတာက ကျွန်တော်တို့မိထွေးသည် ကျွန်တော်တို့အပေါ်မှာ ကောင်းနေခြင်းဖြစ်သည်။ တူလို၊ သားလို၊ မောင်နှမလိုပင် ဆက်ဆံခဲ့ပါသည်။ ကျွန်တော်သည်ပင်လျှင် ထိုမိထွေးလက်ပေါ် တော်တော်ကြာကြာ နေခဲ့ရသည်။ ပထမတော့ အဖေ့ကို လွတ်မထွက်သွားရအောင် အဖေနှင့် လိုက်နေခြင်းဖြစ်သည်။ နောင်တော့မှ ထိုမိထွေးနှင့် ပို၍ရင်းနှီးခဲ့ရပါသည်။

အံ့သြဖို့ကောင်းသည်မှာ ထိုမိထွေးသည် ကျွန်တော့်မိခင်ကြီးအပေါ် အစ်မကြီးလို၊ အမေလို ဆက်ဆံခဲ့ခြင်း ဖြစ်ပြန်ပါသည်။

နောင်သောအခါ ထိုမိထွေးသည် အဖေနှင့်စကားများ ရန်ဖြစ်လျှင် ကျွန်တော့်အမေကို လာတိုင်တန်းတတ်သည်အထိ ဖြစ်သည်။ သည်လိုနှင့် အဖေနှင့် မိထွေးက သားသမီးသုံးယောက်မွေးခဲ့ရာ ကျွန်တော်တို့ညီအစ်ကိုများနှင့် တစ်အူတုံဆင်းပမာ ချစ်ခင်ခဲ့ကြပြန်ပါသည်။ ပို၍ထူးဆန်းပြန်တာက ထိုမောင်နှမများသည် သူရို့အမေ(ကျွန်တော့်မိထွေး)နှင့် အဆင်မပြေသည်များကို ကျွန်တော့်အမေထံ လာရောက်ရင်ဖွင့်ကြပြန်ခြင်းဖြစ်သည်။ သူတို့စိတ်ထဲ ဘာမျှမဆိုင်သော ကျွန်တော့်အမေကို မိခင်ကြီးသဖွယ် ခင်တွယ်နေကြသည်။ သည်လိုနှင့် မိသားစုနှစ်ခု တစ်လုံးတစ်စည်းတည်းလို ဖြစ်ခဲ့ပါသည်။

သို့သော် အဖေသည် အိမ်ထောင်ရေး ကံမကောင်းပါ။ ကြာသောအခါ ထိုမိထွေးနှင့်လည်း အဆင်မပြေဖြစ်ပြီး ကွဲကြ ကွာကြပြန်ပါသည်။ နောက်ဆုံး အဖေသည် ကွယ်လွန်ချိန်အထိ တစ်ယောက်တည်းနေသွားခဲ့ပါတော့သည်။

mgyoe.com

mgyoe.com


သဃၤန်းကျွန်းမှဝင်ဒါမီယာသို့ တစ်ယောက်တည်းသွားနေထိုင်သောအခါ ကျွန်တော်က အဖေနှင့်လိုက်သွားပါသည်။ သဃၤန်းကျွန်း သာစုခြံနှင့် ကင်းကွာသွားရပါသည်။

ထိုအတောအတွင်း ကျွန်တော့်မိထွေးသည် နောက်အိမ်ထောင်ထပ်ပြုလိုက်ပြန်ပါသည်။ ထိုအိမ်ထောင်မှ သားသမီးနှစ်ယောက် ထွန်းကားပြန်ပါသည်။ ထူးဆန်းသည်မှာ ထိုမိထွေးနှင့် နောက်အိမ်ထောင်မှရသော သားသမီးများသည်လည်း ကျွန်တော်တို့နှင့် အဆင်ပြေနေခြင်းပင်။ ပို၍ထူးဆန်းသည်မှာ ထိုကာလများသည် သူရို့မိဘ(မိထွေးနှင့်နောက်အိမ်ထောင်)များနှင့် အဆင်မပြေသောအခါများတွင် ကျွန်တော့်မိခင်ကြီးထံမှာ လာ၍ရင်ဖွင့်ကြပြန်ခြင်းဖြစ်သည်။

အထူးသဖြင့် အငယ်ကောင်သည် သူ့ဖခင်နှင့်အဆင်မပြေလျှင် ကျွန်တော့်ထံလာ၍ ရင်ဖွင့်တတ်သည်။ သူ့ဖခင်ကို ဘယ်လိုအနိုင်ယူရမည်ကို ကျွန်တော့်ထံမှ အကြံဉာဏ်များ လာတောင်းတတ်သည်။ ကျွန်တော်ကလည်း ဘာမကောင်းစိတ်ထားမျှ မမွေးဘဲ ရယ်စရာ ဟာသသဘောဖြင့် အကြံဉာဏ်များ ပေးတတ်ပါသည်။

'ဦးဗလနဲ့ မမမာတို့က အဖေတူ၊ မအေကွဲဆိုတော့ ဦးဗလနဲ့ကျွန်တော်တို့က ဘာတော်သလဲ'ဟု ကတ်သီးကတ်သတ်လည်း မေးတတ်ပြန်ပါသည်။ မမမာ ဆိုတာက အဖေနှင့်မိထွေးမှမွေးသော နှမဖြစ်ပါသည်။ ဤသို့မေးရသည်မှာ သူ့အဖေကို ကျွန်တော်က 'ဖထွေးတစ်ဝမ်းကွဲ'ဟု သုံးနှုန်းတတ်သောကြောင့် ဖြစ်သည်။ ကျွန်တော့်မိထွေး၏ နောက်အိမ်ထောင်ဖြစ်သောကြောင့် 'ဖထွေးတစ်ဝမ်းကွဲ'ဟု ကျွန်တော်က ကျီစယ်ခဲ့တာကိုး။

သည်လိုနှင့် သဘာဝနှင့်ဆန့်ကျင်စွာ ကျွန်တော်တို့၏ သာစုအုပ်စုကြီးမှာ ဆွေမျိုးသားချင်း မဟုတ်တာရော၊ ဟုတ်တာရော ရောနှောကုန်ကြပါသည်။ သေချာတာကတော့ ဘာကိစ္စရပ်ပေါ်လာပေါ်လာ 'ဦးသာစု'နှင့် 'ဒေါ်ခင်ညို'ကိုသာ ခေါင်းစည်းတပ်ကြခြင်း ဖြစ်သည်။ ခုတော့ အဖေ 'ဦးသာစု' ရော အမေ 'ဒေါ်ခင်ညို'ပါ မရှိရှာကြတော့ပြီ။ သို့သော် သူရို့၏ အရှိန်အဝါနှင့် အရိပ်အယောင်ကတော့ ကျန်ရစ်နေတုန်းပဲ ဖြစ်သည်။

* * *

လွန်ခဲ့သည့် တစ်နှစ်လောက်က ကျွန်တော့်တူမက သားဦးလေး မွေးပါသည်။ မိန်းကလေးဖြစ်သည်။ ကျွန်တော့်မှာက အိမ်က သားသမီးတွေ မစွံသေးသောကြောင့် ထိုကလေးကိုပင် မြေးအရင်းလို ချစ်နေရသည်။ ကျွန်တော်လည်း

mgyoe.com

mgyoe.com


အလိုလိုနေရင်း 'အဘိုးလေး'ဖြစ်သွားခဲ့ရပါပြီ။

တစ်နေ့တွင် အခြားတူငယ်တစ်ယောက်က ....

'ဦးဗလ အဘွားညိုကြီးဒူးခေါင်းမှာ မှဲ့ပါသလား'ဟု မေးလာပါသည်။ ကျွန်တော် ပြန်စဉ်းစားတော့ ကျွန်တော့်မိခင်ကြီး၏ ဒူးခေါင်းမှာ မှဲ့နီကလေးပါတာ မှတ်မိသွားသည်။ 'အေး ... ပါတယ်'ဟု ပြောသောအခါ ထိုတူမက ကျွန်တော့် တူမကြီးမွေးသော ကလေးမှာလည်း ဒူးခေါင်းတွင် မှဲ့ပါသည်ဟု ဆိုသည်။ သည်ကတည်းကစပြီး ကျွန်တော်တွင် ဘာဂလိုတိုတို ဖြစ်ရတော့သည်။ နောင်သောအခါ ထိုမြေးမလေး၏ နေပုံထိုင်ပုံ၊ ကျွန်တော့်မိခင်ကြီး နေထိုင်သွားသော အိမ်ကို လက်ညှိုးထိုးတတ်ပုံ၊ မိခင်ကြီး၏ ပက်လက်ကုလားထိုင်ပေါ်ရောက်လျှင် မဆင်းတော့ပုံ၊ မိခင်ကြီး မကွယ်လွန်ခင်အထိ အနီးကပ်ပြုစုခဲ့သော ကုလားမကြီးကိုမြင်လျှင် ထိုးလိုက်တတ်ပုံ၊ စသဖြင့် တစ်ခုပြီးတစ်ခု ကြားရမြင်ရသောအခါ ကျွန်တော့်မှာလည်း ဘာဂလိုတိုတိုထက် ပိုပြီး 'ဟုတ်များ ဟုတ်နေသလား'၊ 'ဟုတ်ပါစေ'ဟုပင် ကျိတ်၍ ဆုတောင်းတတ်လာပါသည်။ 'ကျွန်တော့်အမေ ဝင်စားတာပေါ့လေ'။ လူဝင်စားဆိုတာမျိုးတွေကို စိတ်မဝင်စားတတ်သော ကျွန်တော်သည် မိခင်ကြီးနှင့်ပတ်သက်လာသောအခါ ယုံကြည်လာမိပါတော့သည်။ သည်လိုနှင့် သာစုခြံတစ်ခြံလုံးက သည်ကလေးကို ဘွားညိုကြီး ဝင်စားတာဟု ပြောဆိုနေကြပါတော့သည်။ ခုနယ်မှာတော့ ကျွန်တော်သည် မြေးမကလေးရှိရာ သွားချင်သွား၊ ဒါမှမဟုတ် ညပိုင်းကျွန်တော့်အိမ်သို့ မြေကလေးမိသားစုအလာကို စောင့်မျှော်နေတတ်ပါပြီ။

ဤနေရာတွင် ကြားဖြတ်ပြောစရာတစ်ခု ရှိနေပါသည်။

ကျွန်တော့်တူမကြီး အိမ်ထောင်မကျခင်မှာပင် စောစောကပြောခဲ့သော မိထွေးနှင့် နောက်အိမ်ထောင်ကရသော သားသည် အိမ်ထောင်အရင်ကျခဲ့ပါသည်။ သူ့ရို့က သားလေးတစ်ယောက် ထပ်မွေးပြန်ရာ ချစ်စမွေးပေါက်သူကလေးဖြစ်သည်။ စကားတွတ်တီးတွတ်တာ ပြောတတ်ပြီး ရုပ်ရည်သန့်ပြန့်သဖြင့် တစ်ခြံလုံးက ချစ်ကြပါသည်။ ရယ်စရာပြောရပါလျှင် ထိုကလေးကို ကျွန်တော်လည်း ချစ်သောကြောင့် ထိုကလေးနှင့်ကျွန်တော် ဘယ်လိုဆွေမျိုးစပ်ရမှန်း မသိတော့ပေ။ ဘာမျှသွေးမတော်သားမစပ်သော်လည်း အနေနီးပြီး (သူ့ရို့လည်း ခြံထဲကမိထွေးအိမ်မှာပင် နေကြတာပါ) သာစုဒိုင်နက်စတီကြီးထဲ ရောရောနှောနှော နေလာခဲ့ကြရာ ဆွေမျိုးသားချင်းတွေလိုပင် ဖြစ်နေတော့သည်။

ပြောချင်တာက ထိုကလေးအကြောင်းမဟုတ်ပါ။ သူ့ရို့၏ ဒုတိယကလေး

mgyoe.com

mgyoe.com


အကြောင်း ဖြစ်ပါသည်။

စောစောကပြောသလို ကျွန်တော့်တူမကြီးက သမီးလေးမွေးပြီး မကြာမတင်မှာပဲ အဲဒီမိထွေးနှင့် နောက်အိမ်ထောင်၏ သားက ဒုတိယကလေး မွေးပါသည်။ မိန်းကလေးဖြစ်သည်။ ဘာရှိဦးမှာလဲ ခုမှ လသမီးလေးဖြစ်သည်။

သို့သော် တစ်နေ့တွင် ကလေးနှင့် သူ့အမေတို့ ကျွန်တော့်အိမ် ကူးလာပါသည်။ သူရှိအိမ်က ကျွန်တော့်အိမ်နောက်ဘေးမှာမို့ ဒီလိုပဲ ခရီးသွားဟန်လွဲ ဝင်ဝင်လည်တတ်ပါသည်။ ကလေးချစ်တတ်သော ကျွန်တော်တို့အိမ်ကလည်း ပိစိကွေးလေးတွေမြင်လျှင် မနေနိုင်။ ခေါ်ယူပြီး ချီတယ်၊ ပိုးတယ် ယုယတယ် လုပ်နေကျ ဖြစ်သည်။ တကယ်တော့ ကလေးမှာ ကျွန်တော့်မိထွေးနှင့် နောက်အိမ်ထောင်မှရသော သား၏ကလေးမို့ အိမ်နီးချင်းသာ မဟုတ်ဘူးဆိုလျှင် ဘာမျှ ပတ်သက်ဆက်နွယ်စရာ မရှိပေ။

အဲ ...စောစောကပြောသော တစ်နေ့မှာတော့ ကျွန်တော့်အိမ်သို့ ထိုသားအမိ ဝင်လည်ရင်းက ...

'ဦးဗလ ဘိုးဘိုးဦးသာစုက သူ့ကိုရေနွေးကြမ်းငှဲ့ပေးလို့ အေးစက်နေရင် မျက်နှာကို ပြန်ထွေးတယ်ဆို'

'အေး ...'

'သမီးလည်း ရေနွေးကြမ်းတိုက်လို့ သိပ်အေးနေရင် ထွေးထုတ်တတ်တယ်'

'ဟေ ...'

'ဘိုးဘိုးဦးသာစုက အိပ်ရင် စာရေးစားပွဲပေါ် လက်တင်ပြီး မျက်နှာမှောက် အိပ်တယ်ဆို'

'အေး ...'

'သမီးလည်း အိပ်ရင် အဲသလိုပဲအိပ်တယ်'

'ဟေ ...'

'သမီးကလေ တူးတူးကိုမြင်ရင် ထိုးလိုက်တော့တာပဲ'

'ဟေ ...'

(တူးတူးဆိုတာက စောစောကပြောခဲ့တဲ့ ကျွန်တော့်မိခင်ကြီးကို အနီးကပ်ပြုစုခဲ့တဲ့ ကုလားမကြီးပါပဲ။ အဖေရှိစဉ်တုန်းကတော့ အဖေ့ရဲ့ကိုယ်ရံတော်ပေါ့။)

'သမီးအိပ်မက်ထဲမှာ ဘိုးဘိုးဦးသာစုနေခဲ့တဲ့ ဝင်ဒါမီယာအိမ်ကြီးကို ရောက်သွားတယ်။ အပြင်မှာ သမီးလည်းတစ်ခါမှ မရောက်ဖူးပါဘူး။ ဘိုးဘိုးဦးသာစုကိုတောင် မြင်ဖူးတာ မဟုတ်ပါဘူး။ အဲ ... ဒီအိပ်မက်ထဲက အိမ်ကြီးထဲ

mgyoe.com

mgyoe.com


မှာ စက်ပစ္စည်းတွေကလည်း ရှုပ်ပွနေတာပဲ။ အခန်းနံရံတွေမှာလည်း စာတွေကပ်ထားတာ အနံ့ပဲ။ ဘိုးဘိုးဦးသာစုက အဲသလိုနေခဲ့သလားဟင်'

'အေး ... ဟေ'

ကျွန်တော့်မှာ 'အေး'ရော အာမေဍိတ်သံ 'ဟေ'ရော နှစ်မျိုးစလုံး ပါးစပ်ထဲက ထွက်သွားပါသည်။

ဟာ ...။ အဖေသာစုနဲ့ ဒီကလေးက ဘာမျှပတ်သက်စရာလည်း မရှိပါဘူး။ ဆွေစဉ်မျိုးဆက်လည်း မဟုတ်ပါဘူး။ မျိုးဆက်ကလည်း အဘိုးနဲ့မြစ်လောက်ကွာနေပါပြီ။ ဘယ်နှယ့်၊ ငါ့နှယ် မထိတ်သာ မလန့်သာပါလားကွယ်ရို့။

သို့သော် သူရို့အဘွား (ကျွန်တော့်မိထွေး)က အဖေနဲ့ ပတ်သက်ဖူးပြန်တာ တွေးမိပြန်သည်။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျွန်တော်ချစ်သော အဖေဦးသာစုကို ခေါင်းတပ်လာတာဆိုပြန်တော့လည်း ...။

၂၀၀၇–ခုနှစ်၊ ဇူလိုင်လ၊ ကလျာမဂ္ဂဇင်း

❒

mgyoe.com

mgyoe.com

# 'ဒိတ်' ခနဲ ...

ကျွန်တော်ဟာ လုံးချင်းစာအုပ်လောကမှာ 'အချစ်'ဆိုတဲ့ စာအုပ်တစ်အုပ်တည်းနဲ့ လူအသိအမှတ်ပြုခံခဲ့ရတာပါ။ ပထမဆုံးရေးတဲ့ လုံးချင်းဖြစ်သလို ထုတ်ပေးမယ့်သူမရှိလို့ ကိုယ့်ဘာသာထုတ်ဝေခဲ့ရပါတယ်။

ဒီလိုနဲ့ 'အချစ်သစ်ပင်' 'အချစ်ငါမသိ' 'ချစ်ချစ်ချစ် ၁၊ ၂၊ ၃' 'အချစ်၏နောက်ဆုံးနေ့များ' စသဖြင့် 'အချစ်' ဝတ္ထုလုံးချင်းပေါင်း ၄၀ ကျော် ရေးသားပြီး အချစ်စာရေးဆရာအဖြစ် ရပ်တည်ခဲ့ဖူးပါတယ်။ ဒီအချစ်တွေဟာ သမီးကြီးမွေးပြီးမှပဲ ရပ်တော့တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ တစ်ဖက်ကလည်း မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုတွေ ရေးပါတယ်။ အဲဒီဝတ္ထုတိုတွေကတော့ 'အချစ်'တွေမဟုတ်ဘဲ 'ဘဝ' ဝတ္ထုတိုတွေ ဖြစ်ခဲ့တာဟာ ဒီနေ့အထိ စာရေးနေနိုင်သေးဖို့ အထောက်အကူပါပဲ။

နော့ဖြင့် အဲသလို 'အချစ်'သီးသန့်လုံးချင်းလေး အုပ် ၄၀ ကျော်လောက် ရေးနိုင်လောက်အောင် ဘယ်လိုအတွေ့အကြုံတွေ ရှာခဲ့သတဲ့လဲ။ ရိုးရိုးဝန်ခံရရင် တချို့က နိုင်ငံရပ်ခြားဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ သီချင်းတွေကို မှီးတာပါ။ တချို့ကတော့ ဒီလိုပဲ စိတ်ကူးယဉ်ရေးတာပါ။ တချို့ကျတော့ ကိုယ်တွေ့တွေပေါ့။ ကျွန်တော့်မှာ 'အေးဘုံ'မတိုင်ခင် ရည်းစားခြောက်ယောက်ရှိခဲ့တာကို အများအားဖြင့်တော့ ကျွန်တော်က ကြိုက်ခဲ့တာချည်းပါပဲ။ ကျွန်တော့်ကို ပြန်ကြိုက်တဲ့ တစ်ယောက်တလေကလည်း နောက်ပိုင်း စွန့်ခွာသွားကြတာပါ။ တကယ်တော့ အဲဒီရည်းစားတွေကို 'ချစ်'ခဲ့တာလား 'ကြိုက်'ခဲ့တာလား ဒီနေ့ပြန်စဉ်းစားတော့ မသေချာဘူးဖြစ်နေပါတယ်။

နောက်ဆုံး 'အေးဘုံ'ကိုတွေ့တော့ ကျွန်တော် တော်တော်လေး စွဲလမ်းသွားပါတယ်။ 'ချစ်တာ' 'ကြိုက်တာ'တွေကို ကျော်လွှားပြီး လက်ထပ်ယူမယ်လို့ကို ဆုံးဖြတ်မိတော့တာပါပဲ။

တစ်နေ့မနက်ခင်း ကျွန်တော်ဟာ ခြံထဲလမ်းလျှောက်နေရင်းက 'အေးဘုံ'

mgyoe.com

mgyoe.com


မျက်နှာကို စပြီးမြင်ဖူးပါတယ်။ ခြံစည်းရိုးကွယ်နေတာကြောင့် မျက်နှာပဲမြင်ရတာပါ။ ခြံစည်းရိုးနဲ့ ကွက်ကြားကွက်ကြား နေရာတွေမှာတော့ အင်္ကျီအဖြူလက်စကကျောင်းစိမ်းလုံချည်ကို မြင်ရပါတယ်။ သေချာပါပြီ ကျောင်းဆရာမလေးပေါ့။ နဖူးစာလို့ပဲ ဆိုရမလားမသိဘူး။ အဲဒီနေ့ကစလို့ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ကျွန်တော်က ခြံထဲဆင်းလမ်းသလားနေမိတော့တာပါပဲ။ ဒီမှာ ပြောစရာတစ်ခုရှိတာက တစ်ခါတလေမှာ သာမန်အဝတ်အစားနဲ့ တွေ့တွေ့နေရတာပါ။ ကျွန်တော့်စိတ်ထဲမတော့ ဒီဆရာမ ဘာကြောင့်များ သာမန်ဝတ်စုံနဲ့ ကျောင်းသွားရသလဲပေါ့။ နောင်မှ သိရတာက အဲဒါက သူ့အစ်မဖြစ်နေတာကိုး။ ဒါကို ဘယ့်နှယ်လုပ်သိသလဲဆိုတော့ ကျွန်တော်တို့ခြံနဲ့ ကပ်လျက်မှာ ဓာတ်ပေါင်းစုဘုရားရှိတယ်။ ရပ်ကွက်ထဲကလူတွေ အပြင်ထွက်ရင် ဘုရားပေါ်က ဖြတ်ရတယ်။ ကျွန်တော်က အေးဘုံကို ချောင်းတဲ့အခါ တစ်ခါတလေ ဘုရားအုတ်လှေကားပေါ် တက်သွားတဲ့ သူ့ခြေထောက်ကို ငုံ့ပြီးချောင်းတာ။ ဟုတ်ပါတယ်။ ကျွန်တော်ဟာ မိန်းမတွေရဲ့ ခြေတွေ လက်တွေကို အလွန်ဂရုစိုက်တတ်တဲ့သူပါ။

ဒီလိုနဲ့ ကျောင်းစိမ်းထဘီ ခြေသလုံးတုတ်တုတ်ဆိုရင် 'အေးဘုံ'၊ သာမန်ဝတ်စုံနဲ့ ခြေသလုံးပိန်ပိန်ဆိုရင် သူ့အစ်မဆိုပြီး ခွဲခြားတတ်လာပါတော့တယ်။

နောက်ပိုင်း ကျွန်တော်တို့ခြံထဲက အလုပ်သမားတစ်ယောက်ရဲ့သားက အေးဘုံတို့အတန်းထဲက ဆိုတာလည်း သိရော ကျွန်တော်ရည်းစားစာ စပေးဖြစ်တော့တာပါပဲ။ အဲဒီချာတိတ်က တစ်ဆင့်ပေါ့လေ။ ရေးလိုက်တဲ့ ရည်းစားစာကိုလည်း ကြည့်ဦး။ 'ချစ်ပါတယ်'ဆိုတာ တစ်လုံးမှမပါဘူး။ 'လက်ထပ်ချင်ပါတယ်' တဲ့။ ဒဲ့ဒိုးကြီးပါပဲ။ သူ့ဆီက ပြန်စာမလာပါဘူး။ ဒါပေမဲ့ ကျွန်တော်က ဖွဲမလျှော့ဘဲ နေ့တိုင်းရေးပါတယ်။ ခြောက်လလောက်ကြာမှ 'အဖေ အမေတို့နဲ့ တိုင်ပင်ဦးမယ်' တဲ့ စာပြန်ပါတယ်။ အားတက်ရမလိုလို စိတ်ပျက်ရမလိုလိုပါပဲ။

ဒီတော့လည်း ကျွန်တော့်မှာ အေးဘုံဆီ နှစ်နဲ့ချီပြီး စာတွေ ရေးခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ သူ့အဆိုအရ ယောက်ျားမလောင်းတွေရဲ့ အထင်ကြီးမှုရအောင် ကြိုးစားရပါတယ်။ ရေးခဲ့တဲ့စာအုပ်တွေ လက်ဆောင်ပေး၊ ဆိုခဲ့တဲ့ သီချင်းတွေ လက်ဆောင်ပေး၊ ရုပ်ရှင်မေတ္တာလက်မှတ်တွေ ပို့ပေါ့လေ။ ကံကောင်းတာလေးက သူ့အဖေကြီးက ဘာသာပြန်တွေကြိုက်တာမို့ ကျွန်တော်ဘာသာပြန်တဲ့ Pearls Buck ရဲ့ Letter From Peking 'ရှင်နေမင်းမှ ပေးသောစာ'ကို တော်တော်ကြိုက်ကြောင်းပြောလို့ အားတက်ရပါတယ်။

ကျွန်တော်ဆိုခဲ့တဲ့ ခေတ်ဟောင်းတေးတွေကိုလည်း သူရို့အမျိုးတွေက

mgyoe.com

mgyoe.com


ကြိုက်ကြလို့ အမှတ်တော်တော်ရတယ်။ ဒါပေမဲ့ ဖြစ်ချင်တော့ အသားထဲက လောက်ထွက် ဆိုသလို ကျွန်တော့်ရဲ့အကြောင်း မဟုတ်တမ်းတရားတွေ လွှင့်တဲ့ ကြားခံလူတစ်ယောက် ပေါ်လာလို့ နောက်ပိုင်းသူ့အိမ်က ကျွန်တော်နဲ့ အေးဘုံ သဘောမတူနိုင်ပါဘူးလို့ ယတိပြတ် ဝင်ပြောလာပါတယ်။

ဆိုကြပါစို့ရဲ့။ နောက်ဆုံးတော့ ခိုးပြေးတဲ့အဆင့် ရောက်ပါလေရော။ ရယ်စရာကောင်းတာက ကျွန်တော်တို့ ခိုးပြေးပြီး ဟိုအိပ် သည်အိပ် ရှောင်ပုန်း နေခဲ့ကြပေမဲ့ သူရို့က လုံးဝလိုက်မရှာတာပါပဲ။ ပြောရရင် သမီးရည်းစား ဖြစ်ခဲ့ ကြတဲ့အပိုင်းမှာလည်း စာအားဖြင့်သာ ဆက်သွယ်ခဲ့ရတာများပါတယ်။ သူများ တကာ သမီးရည်းစားတွေလို ချိန်းတွေ့တာ၊ ဘုရားဖူးသွားရတာ၊ ရုပ်ရှင်ကြည့် ကြရတာရယ်လို့ သိပ်မရှိခဲ့ရပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်က ပရိသတ် မှတ်မိ နေတဲ့ မင်းသားတစ်လက် ဖြစ်နေပြီကိုး။

ဒီလိုနဲ့ပဲ ... ကျွန်တော့်ဘက်က မိစုံဖစုံနဲ့ အေးဘုံကို ပြန်အပ်ပါတယ်။ မြန်းတယ်ဆိုပါစို့။ ဟိုတယ်ကြီးတစ်ခုမှာ ခမ်းခမ်းနားနား ပြန်အပ်တာပါ။ နောက်ထပ်လည်း သူ့ဘက်က ဆွေမျိုးတွေ မစုံကြလို့ အေးဘုံ မျက်နှာပျက် အား ငယ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း မင်္ဂလာမဆောင်ဖြစ်ကြတော့ဘူး။ တရားရုံး ချုပ်မှာ လက်မှတ်ထိုး၊ မင်္ဂလာဆွမ်းကပ်နဲ့ပဲ အိမ်ထောင်သည်ဘဝကို ရောက်ခဲ့ရ ပါတယ်။

ဒီအကြောင်းတွေဟာ ကျွန်တော်ရေးခဲ့သမျှ ကိုယ်တွေ့မှတ်တမ်းတွေမှာ တစ်စွန်းတစ်စဆိုသလို ပါခဲ့ပြီးပြီမို့ ကျွန်တော့်စာဖတ်ပရိသတ်လည်း တော်တော် သိနေကြပါပြီ။ ဒါပေမဲ့ ပြောချင်တဲ့ လိုရင်းလေးရောက်အောင် ပြန်ပြီးပြောပြနေရ တာပါ။

ခုဆိုရင် ကျွန်တော့်အသက် ၅၇ နှစ်၊ အေးဘုံက ၅၂ နှစ်၊ အိမ်ထောင် သက်က နှစ် ၃၀။ ဒီလိုဖြင့် အိမ်ထောင်မှုသုခတွေ တော်တော်ရခဲ့ကြမှာပေါ့တဲ့။ မဟုတ်သေးပါဘူး။ ကျွန်တော်က အနုပညာအလုပ်တွေများ၊ သူက ကျောင်း ဆရာမဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တွဲတွဲသွားသွားလည်း သိပ်မရှိခဲ့ပါ ဘူး။ အေးဘုံဟာ ကျောင်းနဲ့အိမ်ကလွဲလို့ ကျွန်တော်သွားလေရာ လိုက်ချင်တတ် တဲ့ မိန်းမမျိုးလည်း မဟုတ်ပါဘူး။ မင်္ဂလာဆောင်လို နေရာမျိုးတောင် မလိုက် တတ်ပါဘူး။ တစ်ခုတော့ရှိတယ်။ အိမ်ထောင်ဦးကာလမှာ ကျွန်တော် အရက်ဆိုင် သွားရင်တော့ ကလေးတစ်ဖက်ပိုက်ပြီး ဗိုက်ကြီးတကားကားနဲ့ လိုက်ထိုင်ပေး တတ်ရှာပါတယ်။

mgyoe.com

mgyoe.com


ဒီလိုနဲ့ပဲ ကျွန်တော်တို့လင်မယားဟာ သာမန်လင်မယားတွေလိုပဲ လူ မသိ သူမသိနဲ့ ခပ်ရိုးရိုးဘဝကို ဖြတ်သန်းခဲ့ကြပါတယ်။ သားသမီးတွေရ၊ သူက ကျောင်းထွက်၊ ကျွန်တော်ကလည်း အနုပညာနယ်မှာ အီလည်လည်ဖြစ်ပြီး ကျွန်တော်က ရုပ်ရှင်လေးဘာလေးရိုက်လိုက်၊ သီချင်းလေးဘာလေး အလှူမင်္ဂလာဆောင်မှာ ဆိုလိုက်၊ ပင်တိုင်အားဖြင့် စာကလေးတွေရေးလိုက်နဲ့ ခုချိန်ထိ ရောက်လာခဲ့ကြတာပါပဲ။

သားသမီးတွေ လိမ္မာကြလို့ ဘွဲ့တွေရ၊ အလုပ်ကိုယ်စီတွေ ဖြစ်လာကြလို့လည်း ဘဝမှာ သိပ်ပြီး ရုန်းဟယ်ကန်ဟယ်တော့ မဖြစ်ခဲ့ရပါဘူး ...

ကျွန်တော်နဲ့ အေးဘုံတို့ရဲ့ အချစ်ဇာတ်လမ်းအကျဉ်းချုပ်ကတော့ ဒီလောက်ပါပဲ။ အဲ ... ဒီစာစုအစမှာ စကားချီးခဲ့သလို 'အချစ်'ဆိုတဲ့ ဝတ္ထုနဲ့ နာမည်ကြီးခဲ့ပြီး အချစ်လုံးချင်းစာအုပ်တွေ ၄၀ ကျော်ရေးခဲ့တဲ့ အချစ်စာရေးဆရာတစ်ယောက်ဟာ ဒီကနေ့ထိ အချစ်ဆိုတာဘာလဲလို့ နားမလည်နိုင်သေးတာကတော့ ဒီစာစုရဲ့ အဓိကအချက်ပါပဲဗျာ။

အေးဘုံကို ချစ်တယ်လို့ ပြောလို့ရသလို ဟိုအရင်ရည်းစားခြောက်ယောက်ကိုလည်း ချစ်ခဲ့ဖူးတယ် ထင်ပါတယ်။ အချိန်အခါ နေရာဒေသ အသက်အရွယ် အလိုက်ပေါ့လေ။ ဒါပေမဲ့ လူငယ်ဘဝ 'ချစ်ကြ'ရတဲ့ အရသာမျိုးတော့ မရှိခဲ့တာ အမှန်ပါပဲ။

ကိုင်း ... ဒါတွေပြန်ပြောနေလို့ ကျွန်တော်နဲ့ရင်းနှီးပြီးသား ပရိသတ်အတွက် ငြီးငွေ့စရာဖြစ်နေပါလိမ့်မယ်။ ဒီတော့ လိုရင်းကိုပြောပါမယ်။ ပြောမယ်ဆိုပေမဲ့ ဥပမာလေးပေးမှာပါ။

* * *

တစ်လောက အိမ်မှာ အေးဘုံရဲ့ငယ်သူငယ်ချင်းတွေ ဆုံကြတယ်။ ဘယ်လိုက ဘယ်လို သူရို့ချင်း ဆက်သွယ်ခဲ့ကြပြီး ဆုံကြတယ်ဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး။ အေးဘုံက မုန့်ဟင်းခါးချက်ထားတယ်။ တချို့သူငယ်ချင်းတွေက မုန့်အချို့တွေ ဝယ်လာကြတယ်။ အေးဘုံရဲ့ သူငယ်ချင်းတွေဆိုပေမဲ့ သူမိတ်ဆက်ပေးထားခဲ့လို့ ကျွန်တော်နဲ့လည်း မိတ်ဆွေရင်းချာတွေ ဖြစ်နေကြပါပြီ။

သူရို့ဟာ ကျောင်းတွေပြီးကတည်းက တစ်မြို့တစ်ရွာစီမှာ အလုပ်ကိုယ်စီ၊ အိမ်ထောင်ကိုယ်စီ၊ သားသမီးတွေကိုယ်စီနဲ့ပါ။ အသက်တွေကလည်း ၅၀ ကျော်တွေပါ။ ဒါပေမဲ့ ကျွန်တော်နဲ့ အေးဘုံလက်ထပ်ပြီးကတည်းကစလို့ သူရို့သူငယ်ချင်းတွေ မကြာခဏဆုံကြပါတယ်။ ကျွန်တော့်ဘက်ကတော့ သူငယ်ချင်း

mgyoe.com

mgyoe.com


တွေ ပြန်ဆုံခဲ့ပါတယ်။ တစ်ခါတစ်ရံ ဆုံပြန်ရင်လည်း အရက်ဆိုင်မှာမို့ တယ်ပြီး အရသာမရှိလှပါဘူး။ မူးပြီး ပြန်လမ်းခွဲခဲ့ကြတာပါပဲ။

အေးဘုံဘက်ကတော့ ကျွန်တော်တို့ရဲ့လူပျိုအပျိုညကတည်းက သူငယ်ချင်းတွေနဲ့ ဟိုတယ်တစ်ခုမှာ စတင်ဆုံစည်းခဲ့ကြရာက နောက်ပိုင်း အနည်းဆုံး နှစ်နှစ်တစ်ခါလောက် အိမ်မှာပဲ ချက်ပြုတ်စားသောက်ရင်း ဆုံစည်းခဲ့ကြတာ ခုထိပါပဲ။

ဒီနေရာမှာ ပြောစရာရှိတာက သူ့သူငယ်ချင်းတွေထဲမှာ ယောက်ျားလေး သူငယ်ချင်းတွေလည်း ပါပါတယ်။ အဲဒီထဲမှာမှ အေးဘုံကို ငယ်ငယ်အထက်တန်း ကျောင်းသူ ကျောင်းသားဘဝက ချစ်ရေးဆိုခဲ့ဖူးတဲ့ ယောက်ျားလေး သူငယ်ချင်းနှစ်ယောက် ပါနေတာပါပဲ။ ဒါပေမဲ့ ပြဿနာမရှိပါဘူး။ ကျွန်တော်တို့ဘက်က ရိုးသားသလို သူရို့ဘက်ကလည်း ရိုးရိုးသားသားပါပဲ။ ရိုးသားရုံတွင် မကပါဘူး။ သူရို့ဟာ အေးဘုံတစ်ယောက် ကျွန်တော်နဲ့ညားတာကိုတောင် ဝမ်းသာအားရ ရှိကြရာတာပါ။ နောက်ပိုင်း အေးဘုံဗိုက်ကြီးတကားကားနဲ့ ဆုံကြတော့ ကျွန်တော်က–

'ကိုင်း … ခင်ဗျားတို့ ခုနှယ် အေးဘုံကို ပြန်လိုချင်စိတ်ရှိသေးရင် ယူကြပါဗျာ' ဆိုတဲ့အထိ နောက်ပြောင်ခဲ့တဲ့အထိပါပဲ။

သူရို့ကလည်း 'ခင်ဗျား နစ်နာနေပါဦးမယ်ဗျာ'ဆိုပြီး ပြန်ပြောခဲ့ကြပါတယ်။ အဲသလောက်ထိ ရိုးသားစွာ နေထိုင်ခဲ့ကြရာမှာ စောစောကပြောတဲ့ တစ်လောက အိမ်မှာဆုံကြတဲ့အခါကျတော့ …။

ပထမတော့ အားလုံး ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး ရယ်ကာ မောကာ ပါပဲ။

ဖြစ်ချင်တော့ ကျွန်တော့်အိမ်ဧည့်ခန်းက ကျဉ်းတယ်။ ခုံပိုတွေထိုးပြီး ဧည့်ခံရတယ်။ ပြီးတော့ ကျွန်တော်ထိုင်နေကျ ခုံမှာလည်း ဘယ်ဧည့်သည်မှ ထိုင်လို့မရဘူး။ အကြောင်းက ကျွန်တော့်ခွေးကြောင့်ပါ။ ကျွန်တော့်ခွေးဟာ ကျွန်တော်ထိုင်နေကျခုံမှာ ဧည့်သည်ထိုင်တာ မကြိုက်ဘူး။ မာန်ဖီချင်တယ်။ လစ်ရင် ကိုက်ချင်တယ်။

အဲဒီတော့ ဧည့်သည်တွေနဲ့ အေးဘုံဟာ ကျရာနေရာ ထိုင်ကြရတာပေါ့။ ဒီမှာတွင် အေးဘုံကိုကြိုက်ဖူးတဲ့ တစ်ယောက်က ကျွန်တော်နဲ့ကပ်လျက်ခုံမှာကျပြီး နောက်တစ်ယောက်ရဲ့ အနားမှာတော့ အေးဘုံ။ အဲဒီတစ်ယောက်ဟာ ငယ်ငယ်က အေးဘုံကို တော်တော်စွဲစွဲလမ်းလမ်း ကြိုက်ခဲ့တဲ့သူပါ။ မှတ်မိသေးတယ်။

mgyoe.com

mgyoe.com


ရန်ကုန်တက္ကသိုလ်က အပန်းဖြေရိပ်သာရှေ့မှာ ကျွန်တော်နဲ့ အေးဘုံ ချိန်းတွေ့ကြတော့ သူနဲ့မျက်နှာချင်းဆိုင်ကြီးတိုးရာမှာ မျက်နှာတွေပျက်ပြီး ေးလက်လက်စစီးကရက်ကို မီးရဲနေအောင်ဖွာပြီး တော်တော်ကြီး ခံစားလိုက်ရရာတာကို မျက်စိထဲက မထွက်ဘူး။

ဘာပဲဖြစ်ဖြစ် ခုနယ်ခါ ခေါင်းဖြူစွယ်ကျိုးကြီးတွေ ဖြစ်ကုန်ကြခါမှ သူနဲ့အေးဘုံ နှစ်ယောက်တွဲထိုင်နေတာမြင်ရလို့ ကျွန်တော့်စိတ်ဘဲ တစ်မျိုးကြီးဖြစ်သွားရပါတယ်။ ကလေးကလားဆန်ဆန် မသင့်သလိုလည်း ဖြစ်ရပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ သူရို့နှစ်ယောက်ကိုပဲ မသိမသာ အတွဲစပ်နေမိတော့တယ်။ သူရို့ခမျာမှာတော့ သတိတောင် ထားမိပုံမရပါဘူး။ ရယ်မောနောက်ပြောင်ကြလို့ပါ။ ပြောရဦးမယ်။ အဲဒီနေ့က အဲဒီတစ်ယောက်ဟာ သူ့ရဲ့လူပျိုပေါက် သားနဲ့သမီးတောင် ခေါ်လာတာပါ။

ဖြစ်နေတာက ကျွန်တော်ပါ။ ကျွန်တော့်ဘာသာလည်း ရှက်စိတ်ရောလူကြီးမဆန်တဲ့စိတ်ရောအတွက် ကိုယ့်ဘာသာကိုယ် မလုံမလဲဖြစ်နေရပါတယ်။

ကိုယ်တွေ့ကလေးတစ်ခု ပြန်ပြောချင်သေးတယ်။ တစ်ခါသား ကျွန်တော်တို့ ခြံနားက ဘုရားကို ကျွန်တော့်ရည်းစားဟောင်းတစ်ယောက် ကလေးနှစ်ယောက်လက်ဆွဲပြီး ဘုရားဖူးရင်း ကျွန်တော့်အိမ် လာလည်ပါတယ်။ ကြည့်နော်သူက မိန်းကလေး၊ အေးဘုံကလည်း မိန်းမသား။ ဒါပေမဲ့ သူရို့ဘာမှုမဖြစ်သလိုရယ်ရယ်မောမော ရိုးရိုးသားသားပဲ ဆက်ဆံခဲ့ကြတယ်။ မျက်နှာမထားတတ်သူက ကျွန်တော်ပါ။ ဘယ်လောက်ထိလဲဆိုရင် သူရို့ပြန်ကြတော့ မိုးတွေရွာချနေတယ်။ အဲဒါ ကျွန်တော့်ရည်းစားဟောင်းဟာ ကလေးတွေလက်ဆွဲလို့ ထီးကလေးမလုံ့တလုံနဲ့ ပြန်သွားရှာပါတယ်။ အေးဘုံက 'ကားနဲ့လိုက်ပို့လိုက်ပါ'လို့ ပြောပေမဲ့ ကျွန်တော် လိုက်မပို့ဖြစ်ခဲ့ဘူး။ မလုံ့တာ ပြောပါတယ်။ ဒါဟာ ကျွန်တော့်ဘက်က မရိုးသားတာပဲ မဟုတ်ပါလား။

ခုလည်း အေးဘုံတို့သူငယ်ချင်းတွေ ပြန်ဆုံလို့ ရိုးရိုးသားသား ရယ်ပွဲဖွဲ့နေတာကို ကျွန်တော်က မျက်စိဒေါက်ထောက်ပြီး ကြည့်နေမိတယ်။

ရယ်စရာမကောင်းပေဘူးလား။ မြေးချီရမယ့်အရွယ်တွေ ရောက်နေပြီ။ အသက်တွေလည်း ၅၀ ကျော်လို့ ခြောက်ဆယ်တွင်းတွေ ရောက်ကုန်ပြီ။

ဒါဟာ အချစ်လို့ပြောရအောင်လည်း ကလေးကလား။ ပြီးတော့ ကျွန်တော်ပြောခဲ့တယ်မဟုတ်လား။ ဒီနေ့အထိ အချစ်ဆိုတာကို ကောင်းကောင်းမသိခဲ့ပါဘူးလို့။ ရိုးရိုးသားသားပြောရရင် သမီးရည်းစားဘဝကလည်း သမီးရည်းစားလို

mgyoe.com

mgyoe.com


မနေခဲ့ရ။ အိမ်ထောင်ကျတော့လည်း သူများတကာ အိမ်ထောင်သည်တွေလို အိမ်ထောင်ရေးသုခကို မခံစားခဲ့ကြရပါဘူးလို့ ....

နေ့ဖြင့် ကျွန်တော် ဘာဖြစ်သွားတာလဲ။

အူတိုတာလည်း မဟုတ်ပါဘူး။

တဏှာလောဘနဲ့လည်း မသက်ဆိုင်ပါဘူး။

ကျွန်တော် ဘာစိတ်တွေပေါက်ပြီး ဘာတွေတွေးနေပါလိမ့်။ ကျွန်တော့် စိတ်ကိုတောင် ကျွန်တော် မသိနိုင်တာ အေးဘုံနဲ့ သူ့သူငယ်ချင်းတွေကရော သိနိုင်ပါ့မလား။

စာဖတ်သူရော သိမလားဟင်။

စာဖတ်သူထဲက ကျွန်တော်တို့လို ၅၀ ကျော်၊ ၆၀ တွင်းတွေရော အဲသလို ဖြစ်ဖူးကြသလားဟင်။

၂၀၀၈ ခုနှစ်၊ ဇွန်လ၊ ကလျာမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

## ကလေးကလား ဟာသရသ

မိသားစုနဲ့ ကင်းကွာပြီး တစ်နယ်ရပ်ခြားမှာ သွားနေကြရတဲ့သူတွေဟာ အိမ်လွမ်းဝေဒနာတော့ ခံစားကြရစမြဲပါပဲ။ အိမ်ထောင်သည်တွေက မိသားစုကို လွမ်းကြတယ်။ လူငယ်တွေက မိဘကို လွမ်းကြတယ်။ ဇနီးမောင်နှံစုံတွဲတွေကျ တော့ ဆွေမျိုးသားချင်းတွေ လွမ်းကြတယ်။ ဒါဟာ ဓမ္မတာပါပဲ။ အထူးသဖြင့် မြန်မာလူမျိုးတွေပေါ့။ မြန်မာလူမျိုးဆိုတာက မွေးလာကတည်းက အသိုင်းနဲ့အဝိုင်း နဲ့ နေလာကြတာမဟုတ်လား။ ရှေးမြန်မာကြီးတွေဆိုရင် ခြံဝိုင်းကြီးထဲမှာ ဟို တစ်အိမ်၊ သည်တစ်အိမ်ဆိုသလို ဆောက်ပြီး မိသားစုတွေ နီးနီးနားနား နေခဲ့ကြ တာ။ ပြောရရင် ဒီနေ့ခေတ် မြို့လယ်တိုက်ခန်း ကျဉ်းကျဉ်းလေးတွေနဲ့ နေရတာ တောင် ဆွေနီးမျိုးစပ်တွေ၊ အဒေါ်၊ ကြီးတော်တွေကို အရံအတားအဖြစ် ခေါ်ပြု ထားကြတာ မဟုတ်လား။

ဒီတော့ နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်တဲ့သူတွေ၊ ပညာသွားသင်ကြတဲ့ လူငယ်တွေခမျာ ဆွေမျိုးမိဘအလွမ်း၊ အိမ်အလွမ်းတွေ ဘယ်လောက်ရှိကြမယ် ဆိုတာ စဉ်းစားကြည့်ကြပေါ့။

သိကြတဲ့အတိုင်း သူတို့တိုင်းပြည်တွေဆိုတာက ယဉ်ကျေးမှုမှာကို တစ် ကိုယ်ရေ နေထိုင်လေ့ရှိကြတာ။ မိတ်ဆွေသူငယ်ချင်းတောင် သိပ်များများစားစား ထားကြတာ မဟုတ်လား။ မိဘဆိုတာလည်း အသက်ကလေး ၁၈ နှစ်ဆိုရင် ကင်းကွာသွားတတ်တာမျိုးလေ။ ကိုယ်က မခွဲချင်လည်း မိဘက ခွဲပစ်တတ် ကြတာကလား။ ဒီတော့ အဲဒီတိုင်းပြည်တွေမှာ ရောက်သွားကြတဲ့ မြန်မာတွေဟာ ဘယ်လောက် အထီးကျန်လိုက်မလဲ။ ကြာတော့လည်း ရိုးသွားကြမှာပဲ။ နောက် တော့လည်း နေသားကျသွားကြမှာပဲဆိုပေမဲ့ ရိုးရာအစဉ်အလာ စိတ်ဓာတ်ကတော့ သေတဲ့အထိ မပျောက်နိုင်ပါဘူး။

ဒီတော့လည်း ဟိုရောက်သွားကြတဲ့ မြန်မာတွေဟာ နီးရာနီးရာ စုစုစပ်

mgyoe.com

mgyoe.com


စပ်လုပ်ပြီး ပေါင်းဖက်နေကြရတာပေါ့။ အခါကြီး၊ ရက်ကြီးတွေမှာ စုကြ၊ ဝိုင်းကြ၊ ဘုရားသွား ကျောင်းတက် လုပ်ကြ၊ ချက်ပြုတ်စားသောက်ကြ၊ လှူဒါန်းကြ၊ သာရေး နာရေးတွေ ဝိုင်းလုပ်ကြနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနေကြရတာပေါ့။

ပြီးတော့ ကျွန်တော်တို့ မြန်မာလူမျိုးဆိုတာက အင်မတန် ပျော်ပျော်ပါးပါး နေတတ်ကြတာကလား။ ကမ္ဘာအပေါ်မှာ ဘယ်လူမျိုးမှာမှ မရှိတဲ့ ၁၂ လရာသီ ပွဲတွေ ရှိတယ်။ လတိုင်းပွဲရှိတယ်။ အဲဒီပွဲတွေထဲမှာ သင်္ကြန်လို ပျော်ပျော်ပါးပါး နွှဲရတဲ့ပွဲရှိသလို စာရေးတံမဲပွဲလို၊ စာပြန်ပွဲလို အတည်အတံ့ပွဲတွေလည်း ရှိပါရဲ့။ ဒါပေမဲ့ အဲဒီအတည်အတံ့ပွဲတွေမှာကိုပဲ အဆိုအတီးလေးက ပါလိုက်ရမှ။ အဲဒီ လောက် ပျော်ပျော်ပါးပါးနေတတ်ကြတဲ့ လူမျိုးပါ။

အပျော်အပါးကြိုက်ပြီဆိုတော့ ဟာဒယနှလုံး ကြည်ကြည်ထားတတ်လို့ သာပေါ့။ လူဆိုတာ စိတ်နှလုံးကြည်မှ ပျော်နိုင်ပါးနိုင်တာပါ။ ဟုတ်ပါတယ်။ စိတ် ညစ်နေတဲ့သူကို ရယ်စရာပြောလည်း အလကားပါပဲ။ တစ်ခုရှိတာက စိတ်နှလုံး ကြည်နေတော့ ဖန်ခွက်ထဲက ရေကြည်ကြည်နဲ့ တူပါတယ်။ ဘာအရောင်ဆိုးဆိုး ရပါတယ်။ အဲဒီလိုပါပဲ။ ကျွန်တော်တို့လူမျိုးဟာ စိတ်ကြည်နေတတ်တော့ ပျော် လွယ်တယ်။ ဝမ်းနည်းလွယ်တယ်။ တခြားမကြည့်နဲ့၊ ရယ်စရာရှိရင်လည်း ကိုယ် နဲ့ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဝိုင်းပြီးရယ်လိုက်ကြတာပဲ။ တချို့ဆို ကိုယ်နားမလည်တဲ့ ဟာသတစ်ခုခုကိုတောင် သူများရယ်လို့ လိုက်ပြီး ရယ်ကြတာ။ ဒီလိုပဲ ဝမ်းနည်းစရာ ရှိရင်လည်း ဝိုင်းပြီးဝမ်းနည်းပေးတတ်ကြတာ။ တခြား မကြည့်နဲ့။ အသုဘတွေမှာ ပဲ ကြည့်။ ဘယ်လောက်ဝေးတဲ့ ဆွေမျိုးမိတ်သင်္ဂဟဖြစ်ဖြစ် နည်းနည်းလေးတော့ မျက်ရည်စမ်းစမ်း၊ စမ်းစမ်းလုပ်လိုက်ရမှ နေသာထိုင်သာရှိတတ်ကြတာ။

ပြောချင်တာက စိတ်နကိုယ်န ရှိတာကြတာ၊ စိတ်နှလုံး ကြည်လင်လွန်း တာကိုပါ။ တစ်ခုတော့ ရှိတယ်။ လူ့သဘာဝပါပဲ။ စိတ်ညစ်စရာထက် စိတ်ချမ်းသာ စရာကို ပိုပြီးအားတက်သရော ရှိတတ်ကြပါတယ်။ ဒါကြောင့် အများအားဖြင့်က ရယ်စရာ၊ မောစရာကို ပိုပြီးခံတွင်းတွေ့တတ်ကြတယ်။ ကျွန်တော် သတိထားကြည့် မိတယ်။ ကျွန်တော်တို့လူမျိုးဟာ ရယ်စရာဟာသတစ်ခုခုကို ရှာကြံပြီး ပြောပြီဆို ရင် နံဘေးကလူမရယ်ခင် ကိုယ့်ဘာသာကိုယ် အရင်ရယ်တတ်ကြတယ်။ အလွန် အလေးအနက်ထားရတဲ့ အစည်းအဝေးလို နေရာမျိုးမှာတောင် အလျဉ်းသင့်ရင် ရယ်စရာပြောတတ်ကြတာပါ။ နိုင်ငံ့ခေါင်းဆောင်ကြီးတွေတောင် နိုင်ငံ့အရေး ပြောဆိုဆွေးနွေးရာမှာ 'ဟာသ'လေး ထည့်ပြောတတ်ကြပါတယ်။

ဟာသဆိုလို့ ပြောရဦးမယ်။ ကျွန်တော်တို့လူမျိုး ဟာသကြိုက်ကြတာ

mgyoe.com

mgyoe.com


တခြားမကြည့်နဲ့။ ရုပ်ရှင်၊ ဗီဒီယိုစတဲ့ ဇာတ်ကားတွေထဲမှာ ဟိုးအရင်ကတည်းကနေ ဒီနေ့အထိ ခေတ်မတိမ်ကောတာ ဟာသဇာတ်ကားတွေပါပဲ။ စာပေလောကကြည့်ဦးမလား။ ဟာသစာအုပ်တွေဟာ ခေတ်မကုန်ပါဘူး။ မဂ္ဂဇင်း၊ ဂျာနယ်တွေလှန်လိုက်ရင်လည်း ကာတွန်းစာမျက်နှာကို အရင်လှန်ကြတာ။ ဟာသဝတ္ထု၊ ဆောင်းပါးတွေ အရင်ဖတ်ကြတာ။ ဒါကြောင့်လည်း ဒီနေ့ မဂ္ဂဇင်းလောကမှာ ဟာသမဂ္ဂဇင်းတွေ ပိုပြီး ရောင်းပန်းလှနေတာပေါ့။

ကျွန်တော် ပြည်ပခရီးတွေသွားလို့ မြန်မာစာအုပ်ဆိုင်တွေ၊ အငှားဆိုင်တွေ၊ စာကြည့်တိုက်တွေလျှောက်ကြည့်ရင် မျက်နှာပန်းလှပြီး ရှေ့တန်းတင်ဗန်းပြထားတာမှာ ဟာသမဂ္ဂဇင်းတွေကို တွေ့ရပါတယ်။ မယုံရင် ဖတ်ကြည့်ပါ။ ဟာသမဂ္ဂဇင်းတွေရဲ့ ရှေ့စာမျက်နှာတွေမှာပါတဲ့ စာဖတ်သူပေးစာတို့၊ စာဖတ်သူအသံလှိုင်းတို့မှာ များသောအားဖြင့် အယ်ဒီတာဆီပို့တဲ့စာတွေဟာ နိုင်ငံခြားက များနေပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုတော့ နိုင်ငံရပ်ခြားက မြန်မာတွေဟာ အားရင်မြန်မာဟာသတွေနဲ့ အလွမ်းဖြေနေကြတယ် ဆိုတာကိုပါပဲ။ ဒါပေါ့လေ။ စိတ်ကြည်လင်တဲ့ မြန်မာတွေဟာ ရောက်လေရာအရပ်မှာ အဲဒီကြည်နေတဲ့စိတ်ထဲကို ညစ်ညမ်းတဲ့အရောင်တွေ မဆိုးဘဲ သန့်ရှင်းတဲ့အဖြူရောင် ဟာသတွေပဲ အရောင်ဆိုးနေကြတာပေါ့။

ဒါနဲ့ စကားစပ် ပြောရဦးမယ်။

ကျွန်တော့်သားလေးက စင်ကာပူမှာပါ။ အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်နဲ့ပေါ့။ သူဟာ ဒီမှာတုန်းက သားသမီးတွေအားလုံးထဲ အတည်တံ့ဆုံး၊ အဖြောင့်ဆုံးကောင်။ ဒါပေမဲ့ ဟိုရောက်တော့ စောစောကပြောသလို ရယ်စရာ၊ မောစရာတွေ ရှာကြံရတာပါပဲ။ ဒါပေမဲ့ သူက ဘယ်လိုခေါ်မလဲ။ ဘူမိဗေဒအင်ဂျင်နီယာဆိုတော့ (အရာရှိပေါက်စပေါ့လေ။) သိပ်ပြီး ဟေးလားဝါးလားတော့ မလုပ်နိုင်ရှာပါဘူး။ ငယ်သေးပေမဲ့ နဂိုကလည်း တည်တည်ငြိမ်ငြိမ် နေတတ်တဲ့ကောင်ကိုး။ ဒါပေမဲ့ သူက သူ့သူငယ်ချင်းတွေအကြောင်း ပြောပြတဲ့အခါကျရင်တော့ တယ်လီဖုန်းထဲမှာ ဟက်ဟက်ပက်ပက် ရယ်လေ့ရှိပါတယ်။ သူ ရယ်မယ်ဆိုလည်း ရယ်လောက်ပါရဲ့။ သူ့သူငယ်ချင်းတွေ ဆိုပေမဲ့ လူငယ်လေးတွေ။ ကြုံရာအလုပ်လုပ်နေကြတဲ့ ကလေးတွေကိုး။ ပေါက်တတ်ကရ ဟာသတွေ လုပ်ကြတာတဲ့။

ဥပမာ ဆိုပါတော့။

သူတို့လေးတွေဟာ အားလပ်ရက်မှာ မြို့လယ်ကောင် သွားလည်ကြ

mgyoe.com

mgyoe.com


တယ်။ ပန်းခြံတွေ၊ ရေကူးကန်တွေ၊ ဈေးတွေ သွားကြတယ်ဆိုရင် ပုလိပ်(ရဲပေါ့ လေ။) မြင်တာနဲ့ ထွက်ပြေးကြတာပဲ။ သူတို့ဆီက ရဲတွေကလည်း လူမြင်ကရာ ကို မျက်လုံးဒေါက်ထောက် ကြည့်နေကြတာ။ အထူးသဖြင့် နိုင်ငံခြားသားတွေ ကိုပေါ့။ ဟိုမှာကလည်း တရားမဝင် ခိုးဝင်လာတဲ့ နိုင်ငံခြားသားတွေကလည်း များတာကိုး။ အဲဒါ နည်းနည်းဟန်ပျက်တာနဲ့ လိုက်တော့တာ။ စောစောကပြော တဲ့ သားရဲ့သူငယ်ချင်းတွေ ထွက်ပြေးကြတော့လည်း သဲသဲမဲမဲ လိုက်တော့တာ ပေါ့။ ကလေးတွေဆိုတာက တီရှပ်လေးတွေ၊ ဂျင်းဘောင်းဘီလေးတွေနဲ့ မဟုတ် လား။ ပေါ့ပေါ့ပါးပါး ပြေးနိုင်တာပေါ့။ လမ်းကြိုလမ်းကြား ကွေ့ပတ်ပြေးနိုင်တာ ပေါ့။ အဲ ... နောက်က လိုက်ရတဲ့ ပုလိပ်(ရဲ)ခမျာမှာတော့ မသက်သာပါဘူး။ ဘာကြောင့်ဆို သူတို့ဆီကရဲတွေက ကျွန်တော်တို့ဆီက ရဲတွေထက် တန်ဆာ ပလာ ပိုများတယ်။ တုတ်တွေရော၊ ခါးပတ်တွေ၊ သေနတ်တွေရော၊ မှန်ပြောင်း တွေရော၊ မှတ်တမ်းရေးတဲ့စာအုပ်တွေရော စုံလို့ပဲ။ ဒီကြားထဲ ယူနီဖောင်းဆိုတာ ကလည်း ခေါက်ရိုးကျ။ ဒီတော့ ကလေးတွေရှေ့က ကွေ့ကောက်တက်ဆင်း ပြေးတဲ့နောက် လိုက်ရတာ ဘယ်သက်သာပါ့မလဲ။

အဲဒါ ဒီငနဲတွေ(မြန်မာလူငယ်လေးတွေ)က ဘာလုပ်သလဲဆိုတော့ လူ ခွဲပြေးတယ်။ ရဲခမျာ ဟိုဘက် လိုက်ရနိုး ဒီဘက်လိုက်ရနိုးပေါ့။ အဲဒါ ရဲသား တော်တော်ကြီးမောလို့ ခြေကုန်လက်ပန်းကျပြီဆိုမှ အရိပ်ကောင်းကောင်း တစ်နေ ရာမှာ ထိုင်စောင့်ပြီး အဖမ်းခံတော့တာ။ အဲဒီမှာ ရဲသားက မရားမဝင် နိုင်ငံခြား သားထင်ပြီး ဖမ်းပြီဆိုမှ (S-Pass)ဆိုတာကို ထုတ်ပြပြီး စပ်ဖြီးဖြီးလေးတွေ လုပ် ကြသတဲ့။ S-Pass ဆိုတာက ဟိုမှာ တရားဝင်အလုပ်လုပ်နေတဲ့သူတွေကို ထုတ် ပေးထားတဲ့ အထူးဗီဇာဆိုပါတော့။

ဟိုမှာက တရားဝင် အလုပ်လုပ်တဲ့လူတွေကို Work Permit ထုတ် ပေးတယ်။ သူ့ထက်မြင့်တဲ့အလုပ်သမားကို S-Pass (Skill Pass) ထုတ်ပေး တယ်။ ဒါထက်မြင့်တဲ့ အလုပ်သမားကျတော့ P.R ဆိုတာ ထုတ်ပေးတယ်။ P.R ကတော့ အမြဲတမ်းနေထိုင်ခွင့်ပေါ့လေ။ အဲ ... အဲဒီလက်မှတ်တွေ ရှိရဲ့သား နဲ့ သက်သက်မဲ့ကို စချင်၊ နောက်ချင်လို့ ထွက်ပြေးကြတာ။ ကိုင်း ...ကျွန်တော် တို့ မြန်မာကလေးတွေ ပျော်စရာရှာပုံကလည်း ရဲနဲ့မှ လိုက်တမ်းပြေးတမ်း ကစား ပြီး ပျော်ကြတာ။ ဒါပေါ့လေ။ ငယ်ကြသေးတော့လည်း မီးနဲ့ဆော့ရတာကိုက ပျော်စရာကိုး။

စကားမစပ် ပြောရဦးမယ်။ သားကလည်း အခုတော့ နောက်တတ်ပြောင်

mgyoe.com

mgyoe.com


တတ်လာပါပြီ။ တစ်နေ့ကပဲ ဖုန်းဆက်ပြီး သူကျိစယ်တာလေး ပြောပြလို့ ပြုံးရသေးတယ်။

စောစောကပြောသလို ဒီကောင်က အတည်အတံ့သမား။ ပြောရရင် ဘုကန့်လန့်ခွစာ။ သူလည်း မဟုတ်တာ မလုပ်ဘူး။ သူ့လုပ်လည်း မခံဘူး။ ဒါလည်း တစ်နည်းတော့ ကောင်းတယ်။ သူတို့ဆီမှာက တစ်ယောက်နဲ့တစ်ယောက် ဖက်လှဲတကင်း မရှိကြဘူး။ သူ့စည်း ကိုယ့်ကမ်းနဲ့ နေကြတာ။ အလုပ်ခွင်ထဲမှာရော ပြင်ပမှာပါ ဘာသိဘာသာနေကြတာကိုး။ အလုပ်သမားနဲ့ အလုပ်ရှင်ပေမဲ့လည်း သိပ်ပြီး ရိုရိုကျိုးကျိုးနေတာ မဟုတ်ဘူး။ ကိုယ့်ခွင်နဲ့ကိုယ်။

အဲဒီတော့ ဘုကန့်လန့်သမားသားနဲ့ သူတို့လူမျိုးနဲ့ လိုက်ဖက်တယ်ဆိုရမှာပဲ။ ဒီတော့ သားရဲ့အထက်အရာရှိ တော်တော်များများက သားကို သဘောကျကြတယ်။ စနစ်ရှိတယ်။ စည်းကမ်းရှိတယ်ပေါ့လေ။

အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ သားအထက်မှာ မန်နေဂျာသုံးယောက်ရှိသတဲ့။ မန်နေဂျာချုပ်နဲ့ အရန်နှစ်ယောက်ပေါ့။ အဲဒါ သားနဲ့ မန်နေဂျာချုပ်နဲ့က တည့်တယ်။ အရန်မန်နေဂျာတစ်ယောက်နဲ့ကလည်း မေးထူးခေါ်ပြော ရှိပါတယ်။ အဲ ... နောက်တစ်ယောက်နဲ့ကတော့ သိပ်ပြီးအစေးမကပ်ဘူးတဲ့။ ဒီငနဲက 'ရစ်' တယ်ဆိုပဲ။ မလိုအပ်ဘဲနဲ့ စတိုင်လ်မလိုင်တွေထုတ်ပြီး ဂျပန်မူလီလို ရစ်တတ်သတဲ့။ အဲဒါ အလုပ်သမားတွေကလည်း သူ့ကို ချဉ်ကြသတဲ့။ ဒါပေမဲ့ အောက်ခြေအလုပ်သမားတွေဆိုတာက မန်နေဂျာမျက်နှာကို ကြည့်နေရတာမဟုတ်လား။ ဘယ်မှာလာပြီး ခနိုးခနဲ့ လုပ်ရဲပါ့မလဲ။ သားကတော့ အရာရှိပေါက်စဆိုတော့ သူ့ကို သိပ်ဂရုမစိုက်ဘူးတဲ့။ မန်နေဂျာကလည်း မန်နေဂျာပဲ။ စက်ရုံထဲ ဝင်စစ်တယ်ဆိုရင် ရိုးရိုးသားသား ပြောင်ဝင်စစ်ပေါ့။ အဲဒီလို မဟုတ်ဘူး။ အလုပ်သမားတွေအလစ်မှာ ခိုးကြောင်ခိုးဝှက်ချောင်းပြီး လာစစ်သတဲ့။ ဖြတ်လမ်းက ဝင်တာတို့၊ ချောင်ထဲက ချောင်းပြီးဝင်လာတာတို့ လုပ်သတဲ့။ ဘွားခနဲတွေ့ပြီဆိုမှ ရစ်တော့တာတဲ့။ အဲဒီ အမူအကျင့်ကိုပဲ သားက မကြိုက်တာ။

အဲဒါ တစ်နေ့က ဖုန်းဆက်တော့ ပြောပြတယ်။ မိုးရွာနေလို့ သူတို့အလုပ်နားနေတုန်းတဲ့။ (စက်ဘူမှာက ဆောင်းတွင်းမရှိပါဘူး။ နွေနဲ့မိုးပဲရှိတာ။ အဲဒါက တစ်နေ့တည်းမှာ မိုးရွာချင်ရွာ၊ နေပူချင် ပူတာကိုး။)

အဲဒီနေ့က မိုးအကြီးအကျယ်ရွာနေတော့ သူတို့ရပ်ကွက်က မြေပြင်မှာ ရေတွေ ဖွေးနေတာပေါ့။ သားတို့လုပ်ကွက်ဆိုတာကလည်း ဘူမိဗေဒဆိုတော့ တွင်းကြီးတွေ၊ မြောင်းကြီးတွေ အနံ့ရှိနေတာပါ။ အဲဒီအချိန် မိုးက တအားရွာ

mgyoe.com

mgyoe.com


ထားတော့ တွင်းတွေ၊ မြောင်းတွေလည်း ရေပြည့်နေတာပေါ့။ အလုပ်သမားတွေကလည်း မိုးရွာလို့ နားနားနေနေ ရှိနေကြတာ။ ဟိုမန်နေဂျာ ငနဲက မြောင်းထဲက နေ ကွေ့ပတ်ချောင်းပြီး ဝင်စစ်ဖို့လုပ်သတဲ့။ သူ့လုပ်ရပ်ကို သားက စောစောကတည်းက တွေ့နေခဲ့တာ။ ဒါပေမဲ့ မသိချင်ယောင်ဆောင်နေခဲ့သတဲ့။ ဖြစ်ချင်တော့ ဒီငနဲလာမယ့်လမ်းမှာ တွင်းကြီးတွေ၊ မြောင်းကြီးတွေ ရှိနေပါတယ်။ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ သားက သိတာပေါ့။ အလုပ်သမားတွေကလည်း သိတာပေါ့။

ဒါပေမဲ့ သားတို့က ဘာသိဘာသာပဲ နေနေကြလေရဲ့။ ဘယ်သူကမျှ သတိပေး ဟန့်တားတာမျိုး မလုပ်ကြဘူးတဲ့။

'ထင်တဲ့အတိုင်းပါပဲ အဖေရာ၊ မန်နေဂျာငနဲသား ကုပ်ကုပ် ကုပ်ကုပ်နဲ့ သားတို့ဆီ လာအချောင်းမှာ ဝုန်းဆိုတဲ့ အသံကြီးကြားလို့ လှည့်ကြည့်တော့ တွင်းရေထဲမှာ ယက်ကန်၊ ယက်ကန်နဲ့လေ။ သားတို့လည်း သွားပြီး မဆယ်ကြဘူး။ ခဏနေမှ တစ်ကိုယ်လုံး ဗွက်တွေလူးပြီး ကုန်းကွတက်လာတယ်။ ဟား ... ဟား ... ဟား ... ဟား ... အရသာရှိလိုက်တာ ဖေဖေရာ'တဲ့။ သူက ဖုန်းထဲကနေ ပြောရင်း ကလေးတစ်ယောက်လို ရယ်မောနေပါတယ်။

ကျွန်တော်ကတော့ ပြုံးရုံပဲ ပြုံးနေမိပါတယ်။ ဘာပဲဖြစ်ဖြစ် လူငယ်လေးတွေ နိုင်ငံရပ်ခြားမှာ ဗျူရိုကရက်တစ်ယောက်ကို ချောက်ချပြီး ဟာသလုပ်နေကြရှာပါလားလို့။ ဒီလုပ်ရပ်ဟာ ကလေးဆန်ပေမဲ့ အေးလေ ... ကလေးတွေပဲ ရှိသေးတာကိုး။ သြော် ...ကျရာနေရာမှာ ပျော်စရာရှာရတဲ့ မြန်မာကလေးတွေ။

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ၊ ပျော်ပျော်ရွှင်ရွှင်မဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

# နာဂစ်ကို ဆဲဆိုခြင်း

ကျွန်တော့်အိမ်ပတ်ချာလည်တွင် အိမ်ထောင်စုပေါင်း တစ်ရာခန့် ရှိပါသည်။ ထို့ကြောင့် လူအို၊ လူလတ်၊ လူငယ်နှင့် ကလေးစုံလှသည်။ စာရေးဆရာတစ်ဦးအနေနှင့် ထိုပုဂ္ဂိုလ်ကြီးငယ် မှန်သမျှကို စိတ်ဝင်တစား လေ့လာပါသည်။ 'ဦးဗလ'အနေနဲ့မူ စကားတတ်စ ကလေးများကို ပို၍ စိတ်ဝင်စားပါသည်။ထို့ကြောင့် ခြံရှေ့ဖြတ်သော သားသည် မိခင်တွေ တွေ့တိုင်း တွေ့ဆုံ၍ သူရို့ကလေးကို ချော့မြှူပါသည်။ ထိုအခါ ထုံးစံအတိုင်း သားသည်အမေတို့က ကလေးစကားတတ်ကြောင်း ကြွားဝါဂုဏ်ယူကြပါသည်။ အထူးသဖြင့် 'ကကြီးခကွေး' ရွတ်ပြနိုင်းသည်။ တချို့က A.B.C.D၊ တချို့က 'ယုန်ကလေးက နားရွက်ထောင်' တချို့က 'ဘာဘာ ဘလက်ရှစ်'။ တချို့က 'ဦးတော်'၊ တချို့က 'အာပူကြီး'။ ကလေးတို့၏ ဆည်းလည်းသံက နားဝင်ချိုလှသည်။ သို့သော် ခုနှယ်ခါတွင် လူငယ်တချို့လည်း 'ဆဲ'ဆိုခြင်းကို အနုပညာသဖွယ် 'ပါဖွန်းမင့်' လုပ်ချင်နေကြပါသည်။ ဆဲဆိုခြင်းဖြင့် နှုတ်ဆက်ပဋိသန္ထာရ ပြုနေကြပါသည်။ (အထူးသဖြင့် ခုနှယ်ခါမှာ တစ်သွေးသစ်တည်း ဝိုင်းဆဲနေကြတာ သဘာဝတရားဖြစ်တဲ့ 'နာဂစ်' ကို ဖြစ်ပါသည်။)ပြောရလျှင် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ ဖြစ်သည်။ တခြားမကြည့်ပါနှင့်။ အနောက်တိုင်း ရုပ်ရှင်တော်တော်များများတွင် 'F' အသံထွက် ဆဲရေးခြင်းစကားကို ထမင်းစား ရေသောက် သုံးနေကြတာ တွေ့ရပါလိမ့်မည်။

ဒီနေရာတွင် ကိုယ်တွေ့လေးတစ်ခု ပြောပြချင်နေပါသည်။ ကျွန်တော်ငယ်ငယ် စာရေးဆရာပေါက်စဘဝတွင် စာပေအင်တာဗျူးတစ်ခု အမေးခံရဖူးပါသည်။ ထိုစဉ်က ကာရန်မဲ့ ကာရန်ရှိ ပြဿနာ ခေါင်မိုးပေါ်ရောက်နေချိန် ဖြစ်ပါသည်။ ဗျူးဆရာက ထိုကိစ္စမေးချင်ပုံရပါသည်။ သူက 'ကဗျာကို ဘယ်လိုမြင်သလဲ'ဟု မေးပါသည်။ အစွယ်ပေါက်စ ကျွန်တော်ကလည်း 'ကဗျာဆိုတာ

mgyoe.com

mgyoe.com


'ဆဲတာပါပဲ'ဟု ဖြေပါသည်။ ဗျူးဆရာမှာ အံ့သြသွားပါသည်။ 'ဗျာ'ဟူ၍ ပါး စပ်ဟောင်းလောင်းပွင့်သွားပါသည်။ သည်တော့မှ ကျွန်တော်က 'စကားလုံးပေါင်း မြောက်မြားစွာကို ဝေါဟာရနည်းနည်းကလေးနဲ့ အဓိပ္ပါယ်ဖွင့်တဲ့နေရာမှာ 'ဆဲ' တာနဲ့ 'ကဗျာ'ဟာ အတူတူပါပဲ။ အဲ ... အဓိပ္ပါယ်ကောင်းကျိုးဆိုးပြစ်ကတော့ 'ဆိုနဲ့ ရေ'ပေါ့ဗျာဟု ဖြေရပါသည်။ ဖြီးရပါသည်။ ကဗျာထဲမှာပင်လျှင် ဆဲရေး သော စကားလုံးများ တိုက်ရိုက်သုံးနှုန်းတာလည်းရှိကြောင်း ကိုးကားရပါသေး သည်။ 'အချုပ်တန်းဆရာဖေက နယ်ချဲ့ဆန့်ကျင်ရေး ကဗျာတစ်ပုဒ်တွင် 'သူ့ အမေရိုး'ဟူသော ဝေါဟာရကို သုံးဖူးကြောင်း 'ကျမ်းကိုး'ရပါသေးသည်။

ကျွန်တော့် သူငယ်ချင်းတစ်ယောက် ရှိပါသည်။ သူသည် ကျွန်တော့်ကို 'ဗလ'ဟုလည်းမခေါ်၊ 'သုမောင်'ဟုလည်း မသုံး၊ 'သူငယ်ချင်း'ဟုလည်း မပညတ်။ 'ခွေးမသား'တဲ့။ စာရွက်ပေါ်မှာ ရေးချသဖြင့် 'ခွေးမသား'ဟု ကျွန်တော်က ပြန်သုံး သော်လည်း သူ၏ တကယ့်အသုံးအနှုန်းမှာ ထိုအဓိပ္ပါယ်ကိုပင် ပို၍ပေါ်လွင်စေ သော 'အဆဲ'ဝေါဟာရဖြင့် အာလုပ်ပြုခြင်း ဖြစ်ပါသည်။ ဒါသည် အပြစ်ယူရခက် သော သူ၏ပင်ကိုစရိုက် ဖြစ်နေပါပြီ။ သို့မဟုတ် စောစောက ပြောခဲ့သော စဆဲ တတ်သော အရွယ်ကပင် သူ့မိကြီး မိထွေးများ၏ သြဘာပေးခြင်းခံခဲ့ရသူသာ ဖြစ်ပေလိမ့်မည်။

တစ်ခါက နယ်ချဲ့တော်လှန်ရေး ဆန့်ကျင်ရေး သခင်တစ်ယောက်က စာအိတ်ပေါ်တွင် 'ဂျော့ဘုရင်'တံဆိပ်ခေါင်းကို ပြောင်းပြန်ကပ်၍ 'ခွေးခေါင်း ပြောင်း ပြန်ကပ်လိုက်သည်'ဟု စာတန်းရေးလိုက်ပါသည်။ တစ်နိုင်ငံလုံး ထိုကိစ္စအတွက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ ထိုပုဂ္ဂိုလ်၏ ဇက်ရဲလက်ရဲ သတ္တိကိုလည်း ချီးကျူးကြပါသည်။ သို့သော် ထိုစဉ်က မြန်မာပညာရှိကြီး 'ရွှေပြည်ဦးဘတင်' က ထိုသခင်ကို ပြောပါသည်။ သဘောကတော့ ကိုယ့်ရန်သူပင် ဖြစ်လင့်ကစား မြန်မာ့ယဉ်ကျေးမှုအရမူ ထိုသို့ 'ဖရုသဝါစာ' ရှန့်ရင်းသောစကားကို မဆိုအပ်ဟူ ၍ ဖြစ်ပါသည်။

ကျွန်တော့်အနေနှင့်မူ ဆဲဆိုခြင်းကို ထောက်ခံရန် ကန့်ကွက်ရန်အကြောင်း မရှိပါ။ တစ်ခါတစ်ရံတော့ ကျွန်တော်လည်း ဒေါသဖြစ်လျှင် ဆဲမိတတ်ပါသည်။ သို့သော် တစ်ခါက ကျွန်တော်သည် တပည့်တစ်ယောက်အား ဒေါသဖြစ်လွန်း သဖြင့် 'သောက်သုံးမကျဘူး'ဟု 'စလုံး'သံဖြင့် ငေါက်လိုက်ရာ အနီးတွင်ရှိသော မိခင်က 'သားရယ် ရက်စက်လိုက်တာ'ဟု ဆုံးမသဖြင့် ရှက်ရပါသည်။

ဆဲဆိုခြင်း ယဉ်ကျေးမှုနဲ့ပတ်သက်၍ မှတ်မှတ်ရရ ဖြစ်နေသော

mgyoe.com

mgyoe.com


ကိုယ်တွေ့အကြောင်းလေး ရှိပါသေးသည်။

ကျွန်တော့်ကြီးတော်ကြီး (အဖေ့အစ်မ)သည် စောစောက ပြောသလို ဆဲဆိုခြင်း၌ အကျင့်သီလ ဝါသနာအထုံ ရှိပါသည်။ ဥပမာ သူချစ်သော တူများဖြစ်သည့် ကျွန်တော်တို့ကို မုန့်ပဲသရေစာ တစ်ခုခုကျွေးမွေးလျှင် 'ဟဲ့ မအေ× လေးလာစမ်း။ မသဒ္ဓါရေစာ အပင်းလျှိုလှည့်'ဟု ပဋိသန္ထာရ ပြုတတ်ပါသည်။

ထိုကြီးတော်ကြီးနှင့် ကျွန်တော့်မိခင်ကြီးတို့ (အဖေနှင့် အိမ်ထောင်ကျသောအခါ) တစ်အိမ်တည်း အတူနေရပါသည်။ ထို့ကြောင့် နောက်ဖေးမီးဖိုချောင်က ကြီးတော်ကြီးက ဆဲဆိုမင်္ဂလာပြုသောအခါ ကျွန်တော့်မိခင်ကြီးက ဘုရားစင်ရှေ့ပြေးပြီး 'မေတ္တာသုတ်'ကို ရွတ်ပါသည်။ သို့သော် သူ့ရှိချင်းက ပြဿနာမရှိလှပါပေ။ သည်လိုနှင့် ကြီးတော်ကြီးသည် ကွယ်လွန်ခါနီးသောအခါ ကင်ဆာရောဂါ ခံစားရပါသည်။ အိပ်ရာပူနာများ တစ်ကိုယ်လုံး ပေါက်ရောက်ပါသည်။ ကျွန်တော့်မိခင်ကြီးက သူ့ယောက်မကို အနီးကပ်ပြုစုပါသည်။ ဒါလည်း ဆဲနေဆဲပါပဲ။ ဝေဒနာကို ဆဲသည်။ ဆရာဝန်ကို ဆဲသည်။ တစ်နေ့တွင် ကြီးတော်ကြီးသတိမေ့မြောသွားပါသည်။ တစ်ရက်နှစ်ရက်ခန့် ကြာပါသည်။ အမေက စောင့်နေပါသည်။ သည်လိုနှင့် သတိပြန်လည်လာသောအခါ ကြီးတော်ကြီးသည် သတိရရချင်း သူ မြင်တွေ့ရသော ကျွန်တော့်မိခင်ကြီးကို စတင်နှုတ်ခွန်းဆက်ပါသည်။

'ဟဲ့ ... ဖေ× မ ညည်းပင်ပန်းလှပြီ'တဲ့။

ထိုအခါ ကျွန်တော့်အမေသည် ဝမ်းသာမျက်ရည်များ ကျဆင်းလျက် အဖေ့ကို လှမ်းခေါ်ပါသည်။

'ကိုသာစုရေ .. .မမဆဲပြီတော့ ဆဲနေပြီ'တဲ့။

စာဖတ်သူများခင်ဗျား ...

ဒီဥပမာလေးကျပြန်တော့လည်း ဆဲဆိုခြင်း၌ မေတ္တာတရားပါ ဝင်ပါလျှင် ဟိုးအစက ကျွန်တော်ပြောခဲ့သလို 'ကဗျာ' ဆန်မနေပေဘူးလား။

တစ်ခုတော့ ရှိပါသည်။ 'နာဂစ်'ကိုကား မေတ္တာဖြင့် ဆဲရေး၍ မရပါပေ။

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ၊ ရွှေအမြုတေမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

# ကလောင်တွန်းသမား

'ဟော့ ဖောင်တိန်တစ်လက်ရှိရင် 'သာခု' ထမင်းမငတ်ဘူး'

အထက်ပါ ကြွေးကြော်သံဟာ ကျွန်တော့်ဖခင် 'စာရေးဆရာ သာခု'ရဲ့ ကြုံးဝါးသံပဲ ဖြစ်ပါတယ်။ ဒီလို ကြုံးဝါးတာဟာ အဖေရုပ်ရှင်မရိုက်နိုင်တော့လို့ အိပ်ရာထဲ လဲတဲ့အချိန်မှာ ကြွေးကြော်ခဲ့တာပါ။

ခုနှယ်ခါမှာ ကျွန်တော်ဟာလည်း အဲဒီကြွေးကြော်သံကို 'သာခု'နေရာမှာ 'သုမောင်'ဆိုပြီး တိုးတိုးတိတ်တိတ် ကြွေးကြော်နေပါပြီ။ ကွာခြားတာက အဖေဟာ အနုပညာမာန အပြည့်ထားပြီး ကြုံးဝါးခဲ့တာဖြစ်ပေမဲ့ ကျွန်တော်ကတော့ သိမ်ငယ်စိတ်နဲ့ ကြိတ်ပြီး ကြွေးကြော်နေတာပါပဲ။

ဟုတ်လည်း ဟုတ်ပါရဲ့။ အဖေဟာ အသက် ၇၀ လောက်ထိ ရုပ်ရှင်ရိုက်နေတုန်း၊ စာတွေ ရေးနေတုန်းပါ။ အဆုတ်ကင်ဆာရောဂါနဲ့ အိပ်ရာထဲလဲတော့မှ ရုပ်ရှင်ရိုက်တာ ရပ်ပါတယ်။ အဲဒီအချိန်မှာ ကြိုးဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ရင်းတန်းလန်းပါ။ ဒါပေမဲ့ အဖေဟာ အဆုတ်ကင်ဆာရောဂါ။ မျက်စိတစ်ဖက် ကွယ်နေပြီး နားက လုံးဝမကြားသလောက် ဖြစ်နေပြီ။ ဒီကြားထဲကပဲ အိပ်ရာပေါ်မှာ ဗေဒင်ခုံလို ခုံကလေးလုပ်ပြီး မှန်ဘီလူးကြီးနဲ့ စာတွေရေးသွားခဲ့ပါတယ်။ သူရေးလက်စကျန်ခဲ့တဲ့စာမူက 'တို့ကိုယ်ကျိုးလုံးလုံးမပါ'တဲ့။ နိုင်ငံရေးသမားဘဝ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေးသမားဘဝ အတွေ့အကြုံတွေကို ရေးနေတာပါ။ နောက်ဆုံး မထိုင်နိုင်တော့တဲ့အထိ စာရေးသွားခဲ့ရာမှာ စာမူတစ်ဝက်တစ်ပျက် ကျန်ရစ်ခဲ့ပါတယ်။ နောက်ဆုံး စာမျက်နှာတွေမှာ စာကြောင်းတွေဟာ အပေါ်ရောက်လိုက်၊ အောက်ရောက်လိုက်၊ စာလုံးပေါင်းတွေမှား ဝါကျတွေထပ်ဖြစ် နေပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့ကြွေးကြော်သံအတိုင်း သေခါနီးအထိ ဖွဲ့မလျှော့ခဲ့တာတော့ သေချာပါတယ်။

အဖေဟာ ငယ်ငယ်က အလွန်ဆင်းရဲခဲ့ပါတယ်။ တစ်ခါတလေ တစ်

mgyoe.com

mgyoe.com


နေ့လုံးနေလို့မှ ဆန်ပြုတ်တစ်ခွက်ပဲ သောက်ခဲ့ရတာပါ။ (သူရေးခဲ့တဲ့ 'အတာ'ဝတ္ထုကြီးကို ဖတ်ဖူးသူတွေ သိကြမှာပါ။ 'အတာ'ဟာ သူ့ရဲ့ငယ်ဘဝပါပဲ)

ဟော ... စီးပွားရေး နယ်ထဲလည်းဝင်ရော အလွန်အမင်း ချမ်းသာခဲ့ပြန်ပါတယ်။ ဒါပေမဲ့ အဖေဟာ ဆင်းရဲတုန်းကလည်း မတုန်လှုပ်ခဲ့ပါဘူး။ ချမ်းသာတော့လည်း နကမွတ်ပါပဲ။ လောကဓံကို မမှုတဲ့သူပါ။ ဒါကြောင့်လည်း သေခါနီးထိ ဖွဲမလျှော့ဘဲ သူ့တစ်ဝမ်းတစ်ခါးအတွက် သူရှာဖွေခဲ့တာပါ။ ပြောရရင် လွန်ရာ ကျပါမယ်။ ကျွန်တော်အောင်မြင်နေခဲ့စဉ်က အဖေဟာ မချမ်းသာတော့ပါဘူး။ ဒါပေမဲ့ သူ့ထမင်းစရိတ် သူရှာတယ်။ စာရေးပြီး ရှာတယ်။ တစ်ခါတလေ ဈေးဖိုးပြတ်ရင် 'ရွှေဘုံရေ အဖေ့ကို ပိုက်ဆံဆယ့်ငါးကျပ်ချေးပါ'ဆိုပြီး ကျွန်တော့်ဇနီးသည်ဆီက ဈေးဖိုး ချေးပါတယ်။ စာမူခလေးရရင် ပြန်ဆပ်ရှာပါတယ်။ ဘယ်တော့မှ အောက်မကျို့ပါဘူး။ တခြားလူတွေဆီမပြောနဲ့၊ သားရင်း သမီးရင်းဆီကတောင် လက်ဖြန့်ခဲ့တာ မဟုတ်ပါဘူး။ ကွယ်လွန်ခါနီးတုန်းက သားသမီးတွေ၊ ချွေးမတွေ၊ သမက်တွေ အကုန်ခေါ်ပြီး အားလုံးရှေ့မှာ အေးဘုံဆီက သူချေးထားတဲ့ ပိုက်ဆံတွေ အကုန်ပြန်ဆပ်သွားပါတယ်။ ကျွန်တော်တို့က မှတ်ထားတာ မဟုတ်ပေမဲ့၊ သူ့ဘာသာ မှတ်ထားတဲ့စာရင်းနဲ့ ရှင်းပေးသွားတာပါ။

အဖေ ကွယ်လွန်တော့ အသက် ၇၄ နှစ်ပါ။ ဒါပေမဲ့ သူ့အသက်ကို သူမှတ်မထားပါဘူး။ ခန္ဓာကိုယ်က လိုက်နိုင်သရွေ့ အလုပ်တွေ လုပ်သွားပါတယ်။ သူ့အသက်ကို သူမှတ်မထားတာမှ မွေးနေ့ကိုတောင် မသိရှာတာပါ။ မွေးနေ့ဆိုတာ နှစ်စဉ် မှတ်သားထားတဲ့ မွေးနေ့ပြောတာ မဟုတ်ပါဘူး။ ဘယ်နေ့ဘယ်ရက်မှာ သူ့ကို မွေးဖွားခဲ့တယ်ဆိုတာကိုတောင် မသိရှာတာပါ။ ဒါဟာ အဖေ့ရဲ့အမေ ညံ့ဖျင်းမှုပါပဲ။

မှတ်မိသေးတယ်။ ၁၉၈၀ လောက်က အဖေ့ကို နိုင်ငံ့ဂုဏ်ရည်ဘွဲ့ပေးဖို့ဆိုပြီး သက်ဆိုင်ရာက လာရောက်မေးမြန်းပါတယ်။ မွေးသက္ကရာဇ်ကိုလည်း မေးရော '၁၉၁၈ ခွေးအူတဲ့လပေါ့ကွာ'လို့ပဲ ဖြေခဲ့ပါတယ်။ ခွေးအူတဲ့လဆိုတော့ တော်သလင်းလပေါ့။ စက်တင်ဘာလပေါ့။ လဆန်းလဆုတ်တောင် မသိပါဘူး။ ဗုဒ္ဓဘာသာ မြန်မာကလေးတစ်ယောက်အနေနဲ့ 'ရှင်ပြု'တောင် မလုပ်ခဲ့ဖူးပါဘူး။ အဖေ့အမေက အဲသလောက် ဆိုးခဲ့တာပါ။ (အတာဝတ္ထုတွင်ရှု)

ဒါတွေပြောနေရတာ၊ အဖေ ကွယ်လွန်ခါနီး စာပဲရေးနိုင်တော့တဲ့အချိန်မှာ ခံနိုင်ရည်ရှိတာ၊ ဖွဲမလျှော့တာကို ပြောချင်လို့ပါ။ လောကကြီးအလယ်မှာ မိဘရှိပါလျက်နဲ့ တစ်ယောက်တည်း ယောင်လည်လည်နေခဲ့ရတာကြောင့် သတ္တိတွေ၊

mgyoe.com

mgyoe.com


အင်အားတွေ အလိုလိုရှိနေခဲ့ပုံရပါတယ်။ ဒါကြောင့်လည်း 'ဖောင်တိန်တစ်ချောင်း ရှိရင်၊ သာစုထမင်းမငတ်ဘူး' လို့ ကြုံးဝါးခဲ့တာ ဖြစ်ပါလိမ့်မယ်။ ကောင်းပါပြီ။ အဲဒီ ကြုံးဝါးသံကို တိုးတိုးတိတ်တိတ်ကြိတ်ပြီး ကျွန်တော်က ဘာကြောင့် ရေရွတ်နေရပါသလဲ။ ရှင်းပါတယ်။ ခုနယ်ခါမှာ ကျွန်တော်ဟာ ရုပ်ရှင်နဲ့ဂီတဘက်မှာ အားမရှိတော့ပါဘူး။ ယိုင်လဲပြိုပျက်စ ပြုနေပါပြီ။ ကျွန်တော့်မှာ အားကိုးရာဆိုလို့ ဘောပင်ပဲ ရှိပါတော့တယ်။ ဒီနေရာမှာ ကျွန်တော့်နဲ့အဖေ ကွာခြားပုံလေး ပြောပြရပါလိမ့်မယ်။ ကျွန်တော့်ကိုမွေးတော့ အဖေ့မှာ တိုက်နဲ့ကားနဲ့ ဖြစ်နေပါပြီ။ အလွန်အောင်မြင်ကျော်ကြားတဲ့ကာလပေါ့။ ဒီတော့ ကျွန်တော်ဟာ မွေးစကတည်းက ချမ်းချမ်းသာသာ နေခဲ့ရပါတယ်။ (ငယ်ငယ်ကဆို ကျွန်တော်အိပ်ချိန်တန်ရင် အဖေက ကားနဲ့ မြို့ထဲပတ်ပြီးသိပ်ရသတဲ့) ကျွန်တော် အရွယ်ရောက်လာတာနဲ့အမျှ အဖေကလည်း ပိုပြီးအောင်မြင်လာလို့ ကျွန်တော့်ငယ်ဘဝဟာ ပူပင်ကြောင့်ကြကင်းခဲ့ရပါတယ်။ ဟော ... အဖေမကျဆုံးခင်မှာပဲ ကျွန်တော်ဟာ အနုပညာနယ်မှာ အောင်မြင်ခဲ့ပြန်ပါရော။ ကိုင်း ဘယ်လောက်ကံကောင်းသလဲ။ ဟော ... ကျွန်တော် ကျဆုံးလုလုဖြစ်လာခဲ့တဲ့အခါမှာတော့ ကျွန်တော့်အမွေကို 'ဖိုးသောကြာ'က ဆက်ခံနေပါပြီ။ ကိုင်း ... ဘာလိုသေးလဲ။ အဲ အဲဒါပြောချင်တာပါပဲ။ အဖေနဲ့ကျွန်တော် ကွာခြားပုံလေး ပြောပါတယ်။ အဖေက ဆင်းရဲတွင်းနက်ခဲ့ရတဲ့သူဆိုတော့ ဘဝကို ကြံ့ကြံ့ခံနိုင်တယ်။ ကျွန်တော်က မဆင်းရဲဖူးတော့ ခံနိုင်ရည်နည်းတယ်။ ဒါပေမဲ့ 'ဖိုးသောကြာ' အောင်မြင်နေပြီပဲ။ ဘာစိတ်ပူစရာ ရှိသလဲတဲ့။ အဲဒါဟာ အဓိကခံစားချက်ပါပဲ။ ကျွန်တော့်မှာက သားအောင်မြင်တာကို ပီတိတွေဖြစ်ရပေမဲ့ တစ်ဖက်က ကျွန်တော်ကျဆုံးမှာကို သားနဲ့ယှဉ်ပြီး ပူပန်နေမိပါတယ်။ သားရဲ့လုပ်စာနဲ့ ထိုင်မစားချင်ဘူး။ ကိုယ်ကိုယ်တိုင်ကလည်း အဖေ့လို ခံနိုင်ရည်မရှိဘူး။ ပြောရရင် ကျွန်တော့်သားသမီးတွေ အကုန်လုံး လိမ္မာကြတယ်။ ခုဆိုရင် ပညာရေးအောင်မြင်လို့ လုပ်ငန်းကိုယ်စီ ဝင်နေကြပြီ။ ရသမျှလုပ်အားခတွေကိုလည်း သူတို့အမေ 'အေးဘုံ'ကို အကုန်အပ်ကြတာ တစ်ပြားမကျန်ပါဘူး။ နို့ညာကောင် 'ဖိုးစနေ'ဆိုရင်လည်း စင်္ကာပူမှာ အင်ဂျင်နီယာပေါက်စ။ ဟိုမှာ သူ့နေစရိတ်၊ စားစရိတ်လောက်ပဲချန်ပြီး ပိုသမျှငွေ အိမ်ပြန်ပို့တာ။ 'ဖိုးသောကြာ'ကလည်း ရသမျှငွေ အကုန်အပ်တာ။ ခုနယ်ခါမှာ ဖိုးသောကြာနဲ့ ဖိုးစနေနဲ့ ဝင်ငွေဟာ ကျွန်တော့်ထက် အဆမတန်များပါတယ်။ သမီးနှစ်ယောက်ကလည်း ဒီအတိုင်းပါပဲ။

ဒီမှာတင် ကျွန်တော်ဟာ ဝမ်းသာတာမှန်ပေမဲ့၊ အားတက်ရမယ့်အစား

mgyoe.com

mgyoe.com


အားငယ်နေမိတာပါပဲ။ အဖေ့လို အနုပညာမာနလည်း ရဲရဲကြီးမထားနိုင်ဘူး။ ကျွန်တော်ဟာ ဒီနေ့အထိ အိမ်ပိုင် ကားပိုင်နဲ့ နေနိုင်ခဲ့တာမှန်ပေမဲ့ နောင်ရေးအတွက် စုမိ ဆောင်းမိ မရှိခဲ့ဘူး။ (ဒါကလည်း အရက်သေစာ သောက်စားမှုးယစ်ခဲ့တဲ့ ဆိုးကျိုးပါ။)

အဖေဟာ သားသမီး ခုနစ်ယောက်မွေးခဲ့ပေမဲ့ ကျွန်တော့်လို သားဆိုး သမီးဆိုးတွေလည်း ပါလာပါတယ်။ အကုန်လုံး မလိမ္မာကြပါဘူး။ ဒါပေမဲ့ အဖေ ခံနိုင်ရည် ရှိခဲ့တယ်။ ကျွန်တော့်ကျတော့ သားသမီးတွေ အကုန်လုံး ၈ိမ္မာကြပါ လျက်နဲ့ ခံနိုင်ရည်မရှိပြန်ဘူး။ ထူးဆန်း မနေပေဘူးလား။ အနုပညာသည်တစ် ယောက်ရဲ့ အတွင်းစိတ်ဟာ ဒီကြားထဲ သားတွေက 'ဖေဖေအေးဆေးနားတော့၊ သူတို့တစ်လှည့် လုပ်ကျွေးပါရစေ'ဆိုတာမျိုး ပိုပြီး ခံစားရပြန်ပါတယ်။ ဘာပဲဖြစ် ဖြစ် ခုနှယ်ခါမှာတော့ ကျွန်တော်ဟာ အဖေ့လို 'ဖောင်တိန်တစ်လက်ရှိရင် ထမင်း မငတ်ဘူး'ဆိုတဲ့ ကြွေးဝါးသံကို တိုးတိုးတိတ်တိတ်ပဲ ရေရွတ်နေရပါတော့တယ်။ ဟုတ်ပါရဲ့။ အဖေနဲ့ကျွန်တော့်ဘဝ အကျိုးပေးချင်း၊ ဘဝနာပုံချင်းမှ မတူပဲကိုး။

ခုနှယ်ခါမှာ ကျွန်တော်ဟာ သားသမီးတွေနဲ့ ရင်ပေါင်တန်းပြီး အလုပ် တွေ လုပ်ပြချင်နေပါတယ်။ အရင်ကလိုပဲ အိမ်ထောင်ကို ဦးစီးချင်နေပါတယ်။ ဒါပေမဲ့ ခေတ်ကာလနဲ့ အခြေအနေကမပေးပါဘူး။ အထူးသဖြင့် 'ဖိုးသောကြာ' နဲ့ ယှဉ်လို့ မရတော့ပါဘူး။ ရယ်စရာပြောရရင် တစ်ခါတလေ ဖိုးသောကြာကို ပွဲ လမ်းသဘင်အတွက် ဖိတ်ကြတဲ့အခါ သူတို့ရဲ့ မိဘဘိုးဘွားတွေက 'တို့သူမောင် ကြီးလည်း ဖိတ်လိုက်ကြပါဦး' ဆိုလို့ ကျွန်တော့်ကိုပါ အဆစ်အနေနဲ့ဖိတ်ရင် တယ်ပြီး ဝမ်းသာရပါကလား။ ဒါပေမဲ့တောင် ပွဲပေါ်ရောက်တော့ ပရိသတ်ရဲ့ တုံ့ ပြန်မှုက ကွာနေပါပြီ။ ငွေကြေးပူဇော်ခလည်း အဆမတန်ကွာနေပါပြီ။ ဒီအခါ မျိုးမှာ စောစောကပြောသလိုပဲ သိမ်ငယ်စိတ်ဝင်မိတာ အမှန်ပါပဲ။

လူဆိုတာ အသက်ကြီးလာတာနဲ့အမျှ အသိုင်းအဝိုင်းရဲ့နံဘေးကိုရောက် ရောက်သွားတတ်တာ ဓမ္မတာပါ။ အမှုထမ်း၊ အရာထမ်းတွေမှ ပင်စင်နာရကြတာ မဟုတ်ပါဘူး။ လူတိုင်း ခံစားကြရတဲ့ ဘဝနေဝင်ချိန် အတွေ့အကြုံပါ။ ဒီနေရာမှာ အဖေ့လို လုပ်စရာရှိတာမာနနဲ့ ဖွဲ့မလျှော့ဘဲ လုပ်သွားသူတွေ ရှိသလို ကျွန်တော့် မိခင်ကြီးလို ငြိမ်းချမ်းတဲ့စိတ်ကလေးမွေးပြီး နေသွားကြတဲ့သူတွေလည်း ရှိပါတယ်။ ကျွန်တော့်လို ကိုယ့်ဘဝကိုယ် အလိုမကျဘဲ သိမ်ငယ်စိတ်ဝင်သွားသူတွေလည်း ဒုနဲ့ ဒေးပါပဲ။ ပြောမယ့်သာ ပြောရတယ်။ ကျွန်တော်ကိုယ်တိုင် ငယ်ငယ်က 'အသက်ကြီးတတ်ကြပါစေသတည်း'ဆိုပြီး ဆောင်းပါးဝတ္ထုလေးတစ်ပုဒ် ရေးဖူး

mgyoe.com

mgyoe.com


ပါတယ်။ လူတွေဟာ အသက်အရွယ်အလျောက် တန်ဖိုးရှိတယ်။ လုပ်စရာတွေ ရှိတယ်ဆိုတဲ့ အကြောင်း ရေးထားတာပါ။ ဒါပေမဲ့ အဲဒါက ငယ်ငယ်တုန်းက ရေးခဲ့တာ။ ခုအရွယ် ရလာလို့ ကိုယ်တိုင်တွေ့ဆုံရတော့ မခံစားနိုင်ဘူး ဖြစ်ရပါတယ်။

ကောင်းပါပြီ။ လောကမှာ ထွက်ပေါက်ဆိုတာတော့ ရှိစမြဲပါပဲ။ ကျွန်တော်လည်း ထွက်ပေါက်ကို တွေ့ခဲ့ပါတယ်။ သိမ်ငယ်စိတ်၊ ပြိုင်ဆိုင်လိုစိတ်၊ဖွဲတင်လိုစိတ်၊ မခံချင်စိတ်၊ မာန်မချလိုစိတ် စတဲ့ ပူပင်သောကတွေက လွတ်တဲ့ ထွက်ပေါက်ကို ကျွန်တော်ဟာ အမှတ်မထင်ဘဲ တွေ့ခဲ့ပါတော့တယ်။

အဲဒီလမ်းပြကတော့ ကျွန်တော့်ယောက္ခမ (မိန်းမသူ)ကြီးပါပဲ။

ကျွန်တော့် ယောက္ခမကြီးဟာ သိပ်ချမ်းသာတဲ့အစားထဲက မဟုတ်ပေမဲ့ ဝင်ဒါမိယာမှာ ခြံနဲ့တိုက်နဲ့ နေနိုင်ခဲ့သူပါ။ အဲဒါ သူ့ယောက်ျားလည်း ဆုံးပြီးရော သူလည်း လူ့လောကမှာ သိပ်ကြာကြာနေရတော့မယ် မထင်တော့ဘူးနဲ့ တူပါရဲ့။ ခြံနဲ့တိုက်လည်းရောင်းပြီး သားသမီးတွေကို အမွေခွဲပေးလိုက်ပါတယ်။ သူလည်း သီလရှင် အပြီးဝတ်လိုက်ပါရော။ အစကတော့ သူဆောက်လုပ် လှူဒါန်းထားတဲ့ဇရပ်မှာ သွားနေဖို့ပါပဲ။ ဒါပေမဲ့ အသက်ကကြီးပြီမို့ သားသမီးတွေအိမ် အလှည့်ကျ စတည်းချနေခဲ့တာပါ။ နောက်ဆုံး ကျွန်တော့်အိမ်မှာ မြဲနေပါတော့တယ်။ ပြောရမယ်ဆိုရင် ကျွန်တော့်ကို အေးဘုံနဲ့သဘောတူခဲ့တာ မဟုတ်ပါဘူး။ အဓိကအကြောင်းကတော့ ရုပ်ရှင်မင်းသားဖြစ်နေတာနဲ့ အရက်သောက်တာပါ။ သူ့ရဲ့မျိုးရိုးက မင်းမှုထမ်းမျိုးရိုးကိုး။ နောက်ပိုင်း ကျွန်တော့်အကြောင်း သိသွားတော့မှ ကျွန်တော့်အပေါ် နားလည်မှုရှိသွားတာပါ။ နားလည်မှုရှိသွားပြန်တော့လည်း ကျွန်တော့်ကို တော်တော်လေး ချစ်ခင်သွားပါတယ်။ ရယ်စရာပြောရဦးမယ်။ တစ်ခါက ကျွန်တော် အရက်တွေမူးနေတုန်း ယောက္ခမကြီးရောက်လာပါတယ်။ ကျွန်တော့် ရင်ဘတ်ကလေးဖိတဲ့ပြီး 'မောင်ဗလရယ်၊ အမေ့သမက်တွေ အားလုံးထဲမှာ မင့်ကို အမေအချစ်ဆုံးပါ'ဆိုပြီး ချော့ရာမှာ ကျွန်တော်ကလည်း မူးမူးနဲ့ 'အမေရယ် ကျွန်တော်ကလည်း ယောက္ခမတွေအားလုံးထဲမှာ အမေ့ကို အချစ်ဆုံးပါ'ပြောမိလို့ မနည်း ပြန်ချော့ယူရပါတယ်။ ဘာပဲပြောပြော ယောက္ခမကြီး ခုတော့ ကျွန်တော့်အိမ်မှာ မြဲနေပါပြီ။ အဲဒီထက် ကျွန်တော့်ကံကောင်းတာက အခုဆို သူဟာ အသက် (၉၃)နှစ် ရှိပါပြီ။ ဒါပေမဲ့ သူ့ထမင်းသူ ခူးခပ်စားတုန်း၊ နောက်ဖေးနောက်ဖီ သူ့ဘာ သာသွားတုန်း၊ ရေတောင် သူ့ဘာသာချိုး၊ အဝတ်အစားလဲတုန်း၊ ခါးကိုင်း သွားကျိုးတာကလွဲရင် ဘာရောဂါမှ ကြီးကြီးမားမား

mgyoe.com

mgyoe.com


မရှိဘူး။ မျက်စိကောင်းတာကလည်း မျက်မှန်လွတ်စာဖတ်တုန်း၊ ခြေသည်း လက်သည်း သူ့ဘာသာသူ လှီးတုန်း။ ပြောရရင် သူ့အသုံးစရိတ်ကိုတောင် သူ့ဘာသာသူ သုံးတုန်း။ ကိုင်း …ကျွန်တော် ဘယ်လောက်ကံကောင်းသလဲ။ ပြောရရင် အလှူတွေအားလုံးထဲမှာ သံဃာအတွက် ကျောင်းလှူတဲ့အလှူဟာ အပြည့်စုံဆုံးလို့ ဆိုပါတယ်။ အဲဒီမှာ ညော့်သည်ကို မိမိအိမ်မှာ ခဏတာတည်းခိုခွင့် ပေးတာဟာလည်း ကျောင်းအလှူထဲမှာ စာရင်းဝင်တယ်ဆိုပါတယ်။ ဒါဆိုရင် သီလရှင်ယောက္ခမကြီးကို အိမ်ပေါ်ခေါ်တင်ထားတာဟာ ကျွန်တော့်အဖို့ သံဃာအတွက်ကျောင်းလှူတာနဲ့ မခြားနားတော့ဘူးပေါ့။

ဒီလို သူ့ဘက်ကိုယ့်ဘက် အဆင်ပြေနေခဲ့ပေမဲ့ ယောက္ခမကြီးဟာ အိမ်မှာ ဒီအတိုင်းမနေရှာပါဘူး။ ဥပမာ ကျွန်တော်တို့မိသားစု အပြင်ထွက်ရင် အိမ်ရှေ့တံခါးပေါက်ဝမှာ ထိုင်ပြီး တံခါးသော့ခတ်လို့ အိပ်စောင့်တတ်ပါတယ်။ အဲဒီအတွက်လည်း သူ့မျက်နှာမှာ ငါအလုပ်လုပ်နေတယ်ဆိုတဲ့ ဂုဏ်ယူမှုအပြည့်နဲ့ပါ။ ဒါတောင် အိမ်သော့ကလေး ကိုင်တာနော်။ ဟော …တစ်ခါတလေ ကျွန်တော့်ဆီ အလုပ်ကိစ္စဖုန်းလာလို့ တယ်လီဖုန်းနားမှာလည်း သူရှိလို့ ဖုန်းကိုင်ပြီး အလုပ်ကိစ္စတွေ မှတ်ရ သားရပြီဆိုရင် အလွန်ပဲ ဂုဏ်ယူနေတတ်တာပါ။ သဘောကတော့ 'ငါ အလုပ် လုပ်နေတယ်' 'ငါ့မှာ အလုပ်ရှိတယ်' ပေါ့လေ။

တစ်လောကလည်း ကျွန်တော်တို့ တစ်မိသားစုလုံး ခရီးထွက်ကြမှာမို့ ကျွန်တော့်စာမူကလည်း လာယူတော့မှာမို့ စာမူကို ယောက္ခမကြီးလက်ထဲအပ်၊ လာယူမယ့်စာအုပ်တိုက်ကို ဖုန်းဆက်၊ အဲသလို စာမူလွှဲပေးခဲ့ရာမှာ စာမူလာ မယူမချင်း စာမူကို လက်ထဲကမချဘဲ တကိုင်ကိုင်လုပ်နေ၊ စောင့်မျှော်နေတော့တာပဲ။ ပြောချင်တာကတော့ ငါ အသက်ကြီးပြီဆိုပြီး အိပ်ရာမှာ အလကားမနေဘူး။ သူတတ်နိုင်တာလေးတွေ လုပ်ရင်း သူ့ဂုဏ်ကို သူမြှင့်တင်တယ်။ ဒါမျိုးလေးတွေ နေ့စဉ်နဲ့အမျှ တွေ့လာရတော့ ကျွန်တော်ဟာ တဖြည်းဖြည်း ကိုယ့်လိပ်ပြာ ကိုယ်လုံလာခဲ့ပါတယ်။ ကိုယ့်ဂုဏ်ကိုယ် ဖော်လာနိုင်ပါတယ်။ အထူးသဖြင့် အနုပညာလောကမှာ သားလောက် မကျော်ကြားပေမဲ့၊ အနုပညာနဲ့ ငွေမရှာနိုင်ပေမဲ့ ငါ တတ်အားသလောက်တော့ လုပ်နိုင်သေးတာပဲဆိုပြီး ဖြေလို့ရလာပါတော့တယ်။ အထူးသဖြင့်ကတော့ ဟိုးအထက်ကပြောခဲ့သလို 'ငါစာရေးဆရာပဲ' 'ငါ စာရေးပြီး မိသားစု တစ်ဝမ်းတစ်ခါးကို နည်းနည်းပါးပါး ဖြည့်ဆည်းနိုင်သေးတာပဲ' လို့ ဂုဏ်ယူတတ်လာပါတယ်။

အဲ … အဖေ 'သာခု' လိုတော့ဖြင့် …

mgyoe.com